www.burmeseclassic.com

# လွန်းထားထား

ဆေးတက္ကသိုလ်

ဆယ်ကျော်သက်ရဲ့

BURMESE CLASSIC .com

ဒိုင်ယာရီနှင့်

## ဝတ္ထုတိုစုစည်းမှု



www.burmeseclassic.com

www.burmeseclassic.com

လွန်းထားထား (ဆေးတက္ကသိုလ်)

# ဆယ်ကျော်သက်ရဲ့နိုင်ယာရီနှင့် ဝတ္ထုတိုစုစည်းမှု


စာမူခွင့်ပြုချက်အမှတ် - ၉၄၈/၂၀၀၃ ( ၇ )

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၁၅၄/၂၀၀၃ ( ၁၀ )

၂၀၀၄ ခုနှစ်၊ ဇူလိုင်လ၊

ပထမအကြိမ်

တန်ဖိုး - ၃၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ

အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာ၁OFFSET

အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။


BURMESE CLASSIC .com



## ပြည်သူ့သဘောထား

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။


## နိုင်ငံတော်ရှိရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | နိုင်ငံတော်ရှိရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | နိုင်ငံတော်ရှိရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | နိုင်ငံတော်ရှိရေး |

www.burmeseclassic.com

www.burmeseclassic.com







# လျှန်းထားထား

## (ဆေးတက္ကသိုလ်)

**ဆယ်ကျော်သက်ရဲ့ဒိုင်ယာရီ**

**နှင့်**

**ဝတ္ထုတိုစုစည်းမှု**



စီစဉ်သူ

မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







# မာတိကာ



ဆယ်ကျော်သက်ရဲ့ဒိုင်ယာရီ



အမေဟာ ခုတော့ သမီးပါ



အမေ့အိပ်မက်

www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com



ကိုယ့်တာဝန်





ဝန်ခံခြင်း

ယုံတမ်းပုံပြင်



www.burmeseclassic.com

www.burmeseclassic.com









အချစ်ဦး

လွတ်မြောက်သူ





မေမေ့အရုပ်

www.burmeseclassic.com

www.burmeseclassic.com









နားလည်မှု



လှပသော အပြောင်းအလဲ

မိန်းမတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com









အချစ်ကလေးသော



မေတ္တာ



သူရဲကောင်းဘယ်မှား

www.burmeseclassic.com

www.burmeseclassic.com





## ဆယ်ကျော်သက်ရဲ့ နှင်းယောဂီ

www.burmeseclassic.com

www.burmeseclassic.com



## ၈

မိမိ လူကြီးတစ်ယောက် ဖြစ်ပြီလို့ တစ်ကမ္ဘာလုံး သိအောင် ဟစ်အော် ကြွေးကြော်လိုက်ချင်ပြီ။ မေမေ့ရဲ့ အငွေ့တထောင်းထောင်း နွေးပူနေတဲ့ ရင်ဘတ်ကြီးဆီမှ လွတ်မြောက်ပေါ့ပါးစွာ ပျံသန်းလိုက်ချင်ရဲ့။ အသက် ဆယ့်ခြောက်နှစ်အရွယ် မိန်းမပျိုတစ်ယောက်ပါလေးဟော့ ဟု ကိုယ့်ကိုယ်ကိုယ် ကိုယ်လုံးပေါ် ကြေးမုံပြင်ကြီးထက်တွင် လှမ်းကြည့်ကာ လက်ဆွဲနှုတ်ဆက် Congratulate လုပ်ချင်ပါတယ်။

---



www.burmeseclassic.com

www.burmeseclassic.com



"မိမိ ခေါင်းသေချာဖြီးစမ်း၊ အိပ်ရာဝင်ခါနီး သွားတိုက်ရဲ့လား၊ ခြေလက်ဆေးနော်၊ မိမိ ကြည့်စမ်း၊ တစ်ခန်းလုံးကို ရှုပ်ပွပြန့်ကြဲနေတာပဲ၊ ခု လာရှင်းဟော့ ...၊ မိမိ လူကြီးရှေ့က လျှောက်ရင် ခါးကိုကိုင်းစမ်း၊ မိမိ ထမင်းစားရင် အသံတပျပ်ပျပ် မမြည်စေနဲ့၊ မိမိ ကောင်လေးတွေနဲ့ မကစားနဲ့တော့လို့ ဘယ်နခါ ပြောရမလဲ"

စသဖြင့် မိမိ နားထဲက အငွေ့တထောင်းထောင်းထွက်လောက်အောင် တဖျစ်ဖျစ် ဆူပူဆုံးမလေ့ရှိသော မေမေ့အသံတွေကို နားထောင်ရတာ ငြီးငွေ့နေပြီ ဆိုတာ မေမေရိပ်မိအောင် ဘယ်လိုအမူအရာနဲ့ ပြရပါ့။ အရွဲ့တိုက်ချင်စိတ် ပေါက်လာတာ ဘယ်ကစပါလိမ့်။ မေမေ ဘာပြောပြော နားမဝင်ချင်တော့။ မေမေနဲ့ သဟဇာတ မဖြစ်တော့။

ခေတ်စကားနဲ့ ပြောရရင် မေမေနဲ့ မိမိ Colour မတူချင်တော့။





မေမေ့ကို ကျူးပြီး အော်ပြောချင်တယ်။

မမိဟာ မေမေ့ရဲ့ ပုလုကွေး ကလေးလေး မဟုတ်တော့ဘူးရှင့်။

❧✦❧



www.burmeseclassic.com

www.burmeseclassic.com



ခ

ဖေဖေ့ကိုတော့ ထောက်ခံတယ်။ ဖေဖေက မိမိတို့ ဆယ်ကျော်သက်တွေရဲ့ စိတ်ခံစားမှုကို အမိလိုက် နားလည်နိုင်တယ်လေ။

Acidကို မိမိ ရင်ခုန်သလို ဖေဖေ ခံစားလို့ရတယ်။ Briteny Spearsပုံကို မိမို့ အိပ်ခန်း ခေါင်းရင်းမှာ ကပ်ထားတာကို ဖေဖေက မေမေ့လို "ဆုတ်ပစ်စမ်း"လို့ မအော်ဘူး။

"ကလေးတွေကို နားလည်စမ်းပါ"





လို့ ဖေဖေက ဆိုတယ်"

"ဘာကို နားလည်ရမှာလဲ၊ ကျွန်မ နားကို မလည်နိုင်ဘူး၊ ကျွန်မ လိုက်မမီတော့ဘူး"

လို့ မေမေက ရင်ဘတ်ကို စည်တီးသလိုထုပြီး အော်ဟစ်ရင်း ငိုကြွေးပါတယ်။ လိုက်မမီရင် နေခဲ့ပေါ့ မေမေရယ်၊ မေမေ မောလှပါတယ်။ ဘိုင့်ဘိုင်။

ဒါပေမဲ့ မမိ မပြောရဲပေါင်။ ဖေဖေက မေမေ့ကို ပြောတယ်။

"ဒါက အသက်အရွယ်နဲ့ အချိန်အခါအရ ခေတ်ကို တုပကြတဲ့ သဘောပါ မေမေရယ်၊ ခဏကလေးပါ၊ (teens) teen တွေရဲ့ သဘောသဘာဝ ဒါပဲ။ ကလေးတွေရဲ့ ဘဝကနေ လူကြီးဘဝကို ကူးပြောင်းနေတဲ့ စပ်ကူးမပ်ကူး ကာလမှာ အပြောင်းအလဲဆိုတာ ရှိတယ်။ ဒါကို မိဘတွေက နားလည်မှု မပေးနိုင်ရင် သူတို့နဲ့ ကိုယ်တို့ကြားမှာ သိပ်ကွာဟသွား လိမ့်မယ်။ မျက်စိဒေါက် ထောက်ကြည့်ပြီး ချုံနှိမ်ဖိသိပ်



www.burmeseclassic.com

www.burmeseclassic.com



လို့လည်း မရသလို၊ မျက်ကွယ်ပြု ဥပေက္ခာပြုပြီး လွတ်ထားလို့လည်း မရဘူး။ သူတို့နဲ့အတူ အပေးအယူ၊ အညှိအနှိုင်းကလေးတွေနဲ့ အတူတကွ စီးမျောကပ်ထိန်း ပေးထားရတယ် မမေ ...

များသောအားဖြင့် ဒီအရွယ်မှာ ဆယ်ကျော်သက်တွေနဲ့ မိဘတွေအကြား ပဋိပက္ခ၊ အတိုက်အခံ အဖြစ်ဆုံးအချိန်ပဲ။ အကိုင်အတွယ် မတတ်လို့ကတော့ ကွာဟသွားပြီမှတ်"

ဖေဖေ ပြောသမျှကို မေမေ လက်မခံဘူး။ မိန်းကလေး ဒီအရွယ်ဆိုတာ အတုမြင် အတတ်သင် အပျံသင်တဲ့အရွယ်။ ဗိုင်းကောင်းကျောက်ဖိ အနေဝပ်နေအောင် ဆုံးမထိန်းသိမ်းနိုင်မှတော်ကာကျတယ်။ ဘာညာနဲ့ ပြန်အောင်နေဆဲပဲ ...။

နို့ ... မေမေ။ မမီတော့ ကျောက်ကြီးအောက်မှာ အဖိမခံနိုင်ပေါင်။ မမီတို့ဟာ သူငယ်ချင်းတွေနဲ့ ဟေးလားဝါးလားလည်ပတ်ပျော်ပါးမယ်။ ခေတ်ပေါ် အဝတ်အစားတွေ ဝတ်မယ်။





ခေတ်ပေါ်သီချင်းတွေ အကျယ်ကြီး ဖွင့်နားထောင်မယ်။ မမီတို့ဟာ ကိုယ့်ဘာသာတော့ ဟီးရိုးပဲ။

ဒါပေမဲ့ မေမေ စိတ်ချပါ မေမေ။ မမီတို့ ပါတီမတက်ဘူး။ ကလပ်ဘ်မသွားဘူး။ ဆေး မချဘူး။ လိင်မှုဆိုင်ရာ ကင်းရှင်းတယ်။ အဲ့ဒါကိုတော့ ဖေဖေနဲ့ အပေးအယူ သဘောတူညှိနှိုင်းထားတာအရရော၊ မိမီတို့ရဲ့ သဘာဝကပေးတဲ့ အသိစိတ်ဓာတ်ကြောင့်ရော လုံးဝကင်းရှင်း ရှောင်ရှားတယ် နော်မေမေ။

မိမီ လိုချင်တာ လွတ်လပ်ခွင့်နဲ့ လူကြီးတစ်ယောက်အဖြစ် လက်ခံ အသိအမှတ်ပြုပေးဖို့ပဲ ဖြစ်တယ်။

❦✦❦



www.burmeseclassic.com

www.burmeseclassic.com



၈

မေမေနဲ့ ဘယ်တော့မှ အဆင်မပြေဘူး။ မေမေ့ မျက်စိထဲမှာ မိမိဟာ အမြဲ ခရော့ဖ်အမှတ်အသား ပြနေတယ်။ မိမိ ဘာလုပ်လုပ် မေမေ အကောင်းမမြင်ဘူး။ မေမေဟာ မိမိကို အထင်မကြီးဘူး။ မလေးစားဘူး။

မေမေနဲ့ အမြဲရန်ဖြစ်ပြီးတိုင်း မိမိ ငိုရတယ်။ မေမေ့ကို လုလုပပ လက်စားချေချင်တယ်။ မိမိကို မေမေ မျက်လုံးအဝိုင်းသားနဲ့ ငေးမောရအောင် မိမိ ဘာလုပ်ပြရမလဲ။ အိမ်ကနေ ပြေးရမလား။





တုံးစံအတိုင်း ဖေဖေနဲ့ အပေးအယူ လုပ်ကြတယ်။ ဖေဖေက ပြုံးပြီး မိမိ နားထဲ တိုးတိုးကလေး ကပ်ပြီးပြောတယ်။ ဘာလဲ၊ သိလား။

"ဒါများ အလွယ်ကလေး မိမိ။ ဆယ်တန်းကို ဂုဏ်ထူး ငါးဘာသာလောက် ပါအောင် ဖြေပြလိုက်။ သမီး မေမေ့ အယူဝါဒတွေ၊ အစွဲတွေ လုံးဝပြောင်းလဲသွားလိမ့်မယ်။ ဖေဖေက သမီးကို Dတစ်ဘာသာကို တစ်သိန်းဆုချမယ်။ သမီးကြိုက်တာ လုပ်ခွင့်ရှိတယ်။ သို့သော် သမီး ဘာလုပ် လုပ် ဖေဖေနဲ့တော့ တိုင်ပင်ညှိနှိုင်းရမယ်"

"အိုကေ ဖေဖေ။ မိမိ သဘောတူတယ်။ လုပ်ပြမယ်"

အဲဒီအချိန်ကစပြီး မိမိ အသားကုန် ကြိုးစားတော့တာ ပဲ။ မိမိရဲ့ ရည်မှန်းချက်ကြီးဟာ အင်မတန် ကြီးကျယ်တယ်။ ခမ်းနားတယ်။ အိပ်မက်ကို အကောင်အထည်ဖော်တဲ့ နေရာမှာ မိမိတို့ ဆယ်ကျော်သက်တွေက ပိုပြတ်သားတယ်။ မေမေ မသိဘူး မှတ်လား။



www.burmeseclassic.com

www.burmeseclassic.com



## ဃ

မိမိက မေမေ မသိအောင် ဒိုင်လျှိုလေးနဲ့ စာတွေ ဖိသင်၊ ဖိကျက်တယ်။ အခန်းပိတ်ပြီး မိမိ စာခိုးကျက်တာ မေမေ မသိဘူး။ မေမေ့ရှေ့မှာ စာဘယ်တော့မှ ကျက်လေ့မရှိတဲ့ မိမိကို မေမေက မျက်စောင်းတခဲခဲနဲ့ ဆူလို့ မာန်လို့ မဆုံးဘူး။ မိမိရဲ့ လျှို့ဝှက်ချက်ကို သိထားတဲ့ ဖေဖေကတော့ တပြုံးပြုံးနဲ့။ ဖေဖေက သစ္စာရှိတယ်။ မေမေ့ကို အရိပ်အမြွက်ကလေးတောင် ဖွင့်မပြော ထားဘူး သိလား။ ဖေဖေ့ကို အဲဒါကြောင့် မိမိ အသည်းစွဲအောင် ချစ်တာ။ သိပ်နားလည်မှုရှိတဲ့ ဖေဖေ။





"မိမိတို့တော့ ဒီနှစ် ဆယ်တန်းကို အုံးခနဲမြည်အောင် ကျမှာတော့ မြင်ယောင်သေးတယ်။ ဖအေကလည်း နှင်းကန်အလိုလိုက်ထား။ ဒီကလေးမ ပျက်စီးတာ သူ့အဖေကြောင့်"

လို့ မေမေက မှန်မှန်မြည်လေ့ရှိတဲ့ တိုင်ကပ်နာရီကြီးလို တဒင်ဒင် မြည်လေ့ရှိတယ်။

ဆယ်တန်းစာမေးပွဲတွေ ဖြေနေမဲ့ အချိန်မှာ မိမိသီချင်းဆိုမပျက်၊ သီချင်းဖွင့် မပျက် အေးဆေးပဲ။ မေမေက မိမိကို မျှော်လင့်ချက် မရှိတော့တဲ့ အပျက်အစီး ပစ္စည်းတစ်ခုကို ကြည့်သလိုမျိုး ကြည့်တယ်။

မေမေရေ မှတ်ထားပါ။ မိမိတို့ လူငယ်တွေဟာ မေမေတို့ လူကြီးတွေထက် ပိုပြီး မာနကြီးတယ်၊ စိန်ခေါ်တတ်တယ်။ ဖြစ်အောင်လုပ်လေ့ ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



၄

ဆယ်တန်းအောင်စာရင်းတွေ ထွက်တော့ မိမိက မေမေ့ကို Twist (လှည့်ကွက်)ကလေးလုပ်ပြီး နေမကောင်းချင်ယောင် ဆောင်နေလိုက်တယ်။ မေမေ သွားကြည့်ပစေပေါ့။ မေမေ့ကို မျက်စိမှိတ်ပြထားလိုက်တယ်။

"အောင်မယ် မထင်ပါဘူး။ အောင်စာရင်း မကြည့်ရဲတာနဲ့ ဖျားတာထင်ပါရဲ့"

လို့ မကြားတကြားပြောပြီး အောင်စာရင်း အကြည့်သွားတဲ့ မေမေဟာ ပြန်ရောက်လာတော့ မျက်လုံးအဝိုင်းသား၊





ဝမ်းသာလုံး ဆို့နေတဲ့ အသံနဲ့ မိမိကို တအားပြေးဖက်ထားတာ အကြာကြီးပဲ။ ပြီးတော့လည်း မေမေ တသိမ့်သိမ့် ရှိုက်ငိုပါလေရော။

"မေမေ့ သမီးလေး ... မေမေ့ သမီးလေး၊ ကြည့်စမ်း ... မေမေ ယုံတောင် မယုံနိုင်ဘူး။ မိမိ ခုနပါတ်အောမှာ ဂုဏ်ထူး(၄)ဘာသာနဲ့ မေမေဖြင့် မျက်လုံးတွေ ပြာဝေပြီး မူးမေ့လဲတော့မလို့ သမီးလေး လိမ္မာလှချည်လားဟင်"

လို့ ဆွေ့ဆွေ့ခုန်ပါရော။ မိမိ မေမေ့ကျောပြင်ကို ပြန်မဖက်ဘဲ လက်ဟန်ခြေဟန်နဲ့ ဖေဖေ့ကို စကားတွေ လှမ်းပြောနေတယ်။ မိမိ မျက်လုံးထဲမှာ မျက်ရည်တွေနဲ့ ဖေဖေက အားပါးတရ ပြုံးနေတယ်။


မိမိ မေမေ့ကို လက်စားချေခွင့်ရပြီ။ မိမိ ပျော်လိုက်တာ။ ရှေ့လျှောက် မေမေ့ ဆက်ဆံရေးတွေ ပြောင်းလဲတော့မှာကို မိမိ ကြိုမြင်ယောင်နေသေးတော့ ...။ ဟီဟိ ...။

***



www.burmeseclassic.com

www.burmeseclassic.com




# အမေယကာနုတော့သမီးပါ

www.burmeseclassic.com

www.burmeseclassic.com



## ၈

အသက်ခြောက်ဆယ် ကျော်လာသောအခါ အမေဖြစ်သူက သမီးဘဝသို့ ပြောင်းလဲသွားကာ သမီးက တစ်သက်လုံး သမီးလုပ်ရတာ ပျင်းရှာတယ် ထင်ပါရဲ့။ သူက အမေတစ်ဖြစ်လဲသွားသည်။ အမေလုပ်သူကို အမြဲတမ်း မျက်စိဒေါက်ထောက်ကြည့်နေတော့ကာ ...

"အမေ ရေမချိုးသေးဘူးလား"

"အမေ ... သနပ်ခါးလေး ဖွေးဖွေးလိမ်းနော်၊ မှန်း၊ သမီးမွှေးကြည့်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အမေ ဘယ်သွားဦးမလို့လဲ၊ တစ်ယောက်တည်း လျှောက်မသွားရပါဘူး၊ ဈေးလည်း မသွားပါနဲ့ အမေရယ်၊ သမီး တစ်ပတ်စာ ဝယ်ထားပြီး ရေခဲသေတ္တာထဲ ထည့်ပေးထားသားနဲ့၊ အမေ ဟင်းမချက်နဲ့၊ ပင်ပန်းတယ်၊ သမီးနဲ့ ကောင်မလေးတွေ ချက်မယ်၊ အမေ မီးဖိုချောင်က အနားယူလိုက်တော့နော်"

"အမေရေ၊ မုန့်ဝယ်လာတယ်၊ လာ စားရအောင်၊ အမေ ငံပြာရည်တွေ မစားနဲ့နော်၊ တော်ကြာ သွေးတိုးဝင်လာလိမ့်မယ်"

"အမေ ရေချိုးခန်းထဲ ချော်လဲမယ်နော်၊ သတိထားဦး"

စသဖြင့် သမီးဖြစ်သူက အမေလို အရိပ်တကြည့်ကြည့်နှင့် ကလေးတစ်ယောက်ကို ထိန်းသလို ထိန်းကာ နေရာတကာ ဟိုဟာမလုပ်နဲ့၊ ဒီဟာမလုပ်နဲ့ စသဖြင့် ချုပ်ချယ်ကန့်သတ်ချက်တွေ များလာတာကို ကြာတော့ အမေက စိတ်ညစ်လာသည်။ ဘာမှမလုပ်ရဲ မကိုင်ရဲနှင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှုတွေ





ပြိုကွဲလာသည်။ အခုကျမှပင် ကလေးလေးတစ်ယောက် ပြန်ဖြစ်နေတာကို အမေက တစ်ခါတလေတော့လည်း ပြုံးမိပါသည်။

ဪ ... ဝဋ်ဆိုတာ လည်တတ်တဲ့သဘော ရှိပါကလား။ ဘဝစက်ဝိုင်းဟာလည်း တစ်ပတ်တော့ လည်စမြဲပဲနော်။



www.burmeseclassic.com

www.burmeseclassic.com



အမေတို့ သူငယ်ချင်းတွေ တစ်ခါတစ်ရံ ပြန်ဆုံမိကြလျှင် လွတ်လပ်ပေါ့ပါးသော ကလေးဘဝကို ပြန်ရောက်သွားတတ်လေသည်။ တစ်ယောက်တစ်မျိုး မရိုးနိုင်အောင် သားသမီးတွေက ကိုယ့်ကို ပြန်ချုပ်ချယ် အုပ်ထိန်းခံရတာကို တဖွဲဖွဲ့ ရယ်ပွဲဖွဲ့ကာ ပြောမဆုံး၊ တအုန်းအုန်း ရယ်မဆုံးအောင် ရှိတတ်မြဲပင်။





"ကျုပ်သမီးကတော့လေ အင်မတန်ကို ဆရာလုပ်တာ၊ မအေက သမီး၊ သူက မအေလေ၊ ခေတ်ကလည်း သူတို့ခေတ်ကိုးဟဲ့၊ e-mail တွေ၊ internet တွေနဲ့ သူတို့ကတော့ ကျွမ်းကျင်လိုက်တာ ..."

ကျွန်မမှာ ကွန်ပျူတာတောင် မကိုင်တတ်ဘူး၊ သမီးကြီးဆီကို e-mail ပို့ချင်၊ သမီးဆီကလာတဲ့ e-mail ကို သမီးငယ်က ဆရာကြီးလုပ်ပြီး ဟိုခေတ်က စာမတတ်တဲ့ နလပိန်းတုန်းကြီးလို သူ ဖတ်ပြတာကို နားထောင်ရတာ ရှက်တာနဲ့ မေမေ့ကို e-mail ပို့တာ၊ ဖတ်တာတော့ သင်ပေးစမ်းပါအေ ဆိုပြီး သူ့ဆီမှာ ပြန်သင်ယူနေရတယ်၊ သမီးကလေ မေမေကလည်း ဒါလေးတောင် မသိဘူးလား၊ တုံးလိုက်တာလို့ စိတ်မရှည်သံနဲ့ အော်ရင် အသည်းကို ဆတ်ဆတ်တုန်အောင် စိတ်ဆိုးတာ ...

သြော် ... ဖြစ်မှ ဖြစ်ရလေ၊ ကိုယ့်ဗိုက်ထဲက မွေးထုတ်လိုက်တုန်းက ပိစိကွေး ပုလုကွေး၊ ပီဘိ သေးသေး



www.burmeseclassic.com

www.burmeseclassic.com



ကလေးနော်၊ သူကလေး အရွယ်ရောက်လာအောင်၊ လူလားမြောက်လာအောင်၊ ပညာတွေ တတ်လာအောင် ကိုယ်ကပဲ ပြုစုပျိုးထောင်ပေးခဲ့တာ ...

အခုကျတော့ အားလုံး ပြောင်းပြန်ကို ပြန်ဖြစ်လို့၊ သူတို့က ဆရာကြီးတွေ ဖြစ်လို့”

“ကျွန်မသမီးကျတော့လေ မအေကို ဆက်ဆံတာ တကယ့်ကလေးပိစိကလေးလို၊ သူမွေးထားတဲ့ သားသမီးလို ဆက်ဆံတာဆရာ၊ ကျွန်မက အလွန်ခေါင်းမာတာ မဟုတ်လား၊ နေမကောင်းရင် ဆေးလည်းမသောက်၊ ဆေးခန်းလည်း မသွား၊ ဘာမှလဲ မစားတော့ဘဲ အိပ်ရာထဲသာ ခွေနေတော့တာ၊ သမီးက အရိပ်တကြည့်ကြည့်နဲ့ ...

အမေ ရေပတ်ကလေး တိုက်ရအောင်ဆိုလည်း ကျွန်မက ဟင့်အင်း၊ သူက ဘာလုပ်တယ်မှတ်လဲ၊ အမေရယ် စနိုးတာဝါ မွှေးမွှေးလေးနဲ့ ပွတ်ပေးမယ်လေ၊ အမေလှသွားအောင်၊ လန်းသွားအောင်ပါဆိုပြီး ချော့ချော့မော့





မော့နဲ့ စနိုးတာဝါကလေးနဲ့ စိတ်ရှည်လက်ရှည်ကို တစ်ကိုယ်လုံး ပွတ်တိုက်ပေးတတ်တာ၊ သူ့လက်ထဲမှာ ကျွန်မက တကယ့် ကလေးလေးကို ဖြစ်လို့”

စသဖြင့် တစ်ယောက်အကြောင်း တစ်ယောက်ပြောကာ သမီးတွေ မအေလုပ်ပုံကို ရယ်ပွဲဖွဲ့ကြလေသည်။

“ကျွန်မ သမီးကလေ အပြင်သွားရင်၊ မင်္ဂလာဆောင်သွားရင် မေမေ ဘာဝတ် ဘာဝတ်ဆိုပြီး အင်္ကျီ၊ ထဘီ၊ ပဝါကအစ ဆင်ပေးတာ တော်ရယ် ...

မိတ်ကပ်ကို သူကိုယ်တိုင်လိမ်းပေး၊ ဆံပင်ကို ဆံထုံးကျကျနန ထုံးဖွဲ့ပေးနဲ့၊ ကျွန်မမှာ မေမေ မပြင်ချင်ပါဘူးဆိုတာလည်း မရ၊ သူက ဘာပြောတယ် မှတ်သလဲ၊ မေမေ သမီးမျက်နှာကို အိုးမဲမသုတ်နဲ့တဲ့၊ ဘုရား ... ဘုရား၊ အမေက ညည်းကို ဘာလုပ်လို့တုန်း ဆိုတော့ သမီးမေမေက လှလှပပ ပြင်ပြင်ဆင်ဆင် မဟုတ်ရင် သမီး အရှက်ရတာပေါ့တဲ့၊ ကဲ”



www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးတွေ ဝိုင်းရယ်ကြသည်။

"ကျွန်မ သမီးက ပိုတောင် အလာကြီး လာတာကလား၊ မေမေ ... မေမေ့အသက် ခြောက်ဆယ်ကျော်ပြီနော်၊ ဒီဘဝ အတွက် သက်တမ်းက သိပ်ကျန်တော့တာ မဟုတ်ဘူး၊ တရားအားထုတ်တော့ဆိုပြီး ကျွန်မကို တရားခွေတွေ ဖွင့်ပေး၊ နာခိုင်း၊ တရားစာအုပ်တွေ ဖတ်ပြရတာနဲ့၊ တရားထိုင်ဖို့ တတွတ်တွတ် တိုက်တွန်း၊ ဘုရားစင်ရှေ့ အတင်းဆွဲခေါ် ထိုင်ခိုင်း၊ တရားစခန်းတွေပို့နဲ့၊ ကျွန်မမှာ သူ့ကောင်းမှုနဲ့ ကုသိုလ်တွေကို ရဖို့"

"အဲ့ဒါ မိခင်နဲ့တူသော သမီးပေါ့"

မည်သို့ပင်ဖြစ်စေ၊ အမေတို့ မျက်နှာပေါ်တွင် ကျေနပ်ပီတိရိပ်များသာ လင်းလက်ဖြာလျက် ရှိကြသည်။

အမေဘဝ တစ်ဖြစ်လဲပြီး သမီးဘဝ ပြန်ရောက်ရတာကို စိတ်ထဲ မခံချင်သလိုလို ရှိသော်ငြား တကယ်တော့ ကျေနပ်သည်မှာ အမှန်။





"ကျွန်မမှာလေ၊ ဘာလုပ်ချင်လုပ်ချင် ခိုးဝှက်ပြီး သူတို့မသိအောင် လုပ်ရတယ်၊ အပြင်ခိုးထွက်တာကိုမိရင် ဆူခံထိရော၊ တစ်ခါက ကျွန်မ အပြင်သွားရင်း ကားနဲ့ခြေထောက်ကို ကြိတ်မိပါရော၊ နာလိုက်တာ အသည်းခိုက်မတတ်ဘဲ၊ သမီးသိရင် ဆွေ့ဆွေ့ခုန်အောင် ဆူမှာစိုးလို့ အသိမပေးဘဲ ဖုံးထားရတယ်၊ အခုထက်ထိပဲ"

"သြော် ... တကယ်တော့ သားတွေကို အမေတွေက ပိုချစ်ကြတယ် ဆိုပေမဲ့ သမီးတွေကမှ ကျွန်မတို့ဘဝကို လုံခြုံမှု အကာအကွယ် တစ်လှည့်ပြန်ပေးနိုင်တာပါ၊ ဘယ်လောက် ဆိုးမိုက်တဲ့သမီး ဖြစ်ပါစေ အမေ့ အတွက်တော့ ပြန်သိတတ်တာပါပဲ၊ ကျွန်မကတော့ သမီးဆိုတာ မွေးရကျိုးတကယ်နပ်တာ ..."

သမီးဆိုတာ မိခင်စိတ်ကို ရှိနေတာ၊ ကျွန်မတို့ မိခင်တွေ ဆိုတာက အသက်အရွယ် ကြီးရင့်လာတာနဲ့အမျှ ဒီသမီးတွေအပေါ် ပြန်ပြီးမှီခို၊ အရိပ်ခိုရတာကလား၊ သမီးရဲ့ အရိပ်ဟာ တကယ် အေးမြတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု အမေသည် မြိန်ရေယှက်ရေပြောမြဲပင်။ ထိုအခါ တွင် ကားဟွန်းသံကို အမေ ကြားရသည်။

"ဟော ... သမီး လာကြိုပြီ၊ ပြန်ရတော့မယ်"

အမေသည် ငယ်ငယ်တုန်းက သမီးကို ကျောင်းကြို ပို့ခဲ့တာကို ပြန်သတိရမိသည်။ အခုတော့ အမေ့ကို သမီးက ပြန် ကြိုရသည်။

အခုတော့ အမေသည် သမီးပါပဲလားကွယ်။



# အလှသိပ်ဘက်



www.burmeseclassic.com



တကယ်တော့ ဖေဖေ့ရဲ့ အိပ်မက်ဟာ သမီးလေးပါပဲ။

သမီးရယ်၊ သမီးအပေါ်မှာ ဖေဖေ မျှော်လင့်ချက်တွေ အများကြီး ထားမိတာ ခုမှ မဟုတ်ပါဘူး။ သမီးမေမေရဲ့ ဝမ်းကြာတိုက်ထဲ သမီးစရောက်ကတည်းက ဖြစ်ပါတယ်။ ဖေဖေ မျှော်လင့်ချက်တွေနှင့် အရူးကြီး ရူးခဲ့တာပေါ့။

သမီးကို သားရယ်၊ သမီးရယ် ခွဲခြားမသိနိုင်ခင် အချိန်ကတည်းက ဖေဖေဟာ သမီးပဲ ဖြစ်စေချင်တာပါ။ ဖေဖေ့ သမီးလေး ကြီးလာရင် ဖေဖေ ဘယ်လိုပြုစုပျိုးထောင်မယ်။ နောက်ပြီး မြေတောင်မြှောက်ပေးမယ်။ ဖေဖေ့သမီးဟာ ဘယ် လောက် တတ်သိနားလည်ပြီး ထက်မြက်ထူးချွန်မဲ့ သမီးကောင်း အလိမ္မာ ဖြစ်ရမယ်လို့ ဖေဖေ အကြိမ်ပေါင်းများစွာ ရေရွတ်ခဲ့ပြီး


www.burmeseclassic.com

www.burmeseclassic.com



တော့ သမီးမေမေရဲ့ လှပတဲ့ မျက်စောင်းဒဏ်ကိုလည်း ခံရမှာပါ ရဲ့။ ဒါပေမဲ့ သမီးလို့ ဖေဖေရဲ့နှုတ်က ဖွဖွလေး ခေါ်လိုက်မိတိုင်း ဖေဖေ့ ရင်ထဲမှာ အားအင်တစ်မျိုး၊ ခွန်အားတစ်မျိုး စီးဝင်တိုးလာပြီး ဘယ်သူ့ကိုမှ မမှုတော့ပါဘူး။

ဒီလိုနဲ့ သမီးလေးကို မွေးဖွားခဲ့ချိန်မှာ မမျှော်လင့်ဘဲ သမီးလေးနဲ့ သမီးလေးရဲ့ မေမေကို လဲယူလိုက်ရပါတယ်။

ဒါပေမဲ့ အဲဒီအတွက် သမီးလေးကို ဖေဖေ ဘယ်တော့မှ အပြစ်တင်မိမှာ မဟုတ်ပါဘူး။ သမီးကြောင့် ဖေဖေ သိပ်ချစ်ရတဲ့ ချစ်ဇနီး ဆုံးရှုံးလိုက်ရလေခြင်း ဆိုတဲ့ နောင်တမျိုးလည်း ဖေဖေ့ရင်မှာ ဘယ်တုန်းကမှ မရှိခဲ့ဖူးပါဘူး။

အမေ မရှိတော့တဲ့ သမီးလေးကိုတော့ သနားကြင်နာ ကရုဏာများစွာနှင့် ဖေဖေသာလျှင် အမေ၊ ဖေဖေသာလျှင် အဖေ အဖြစ်နှင့် ငါ့သမီးလေးကို လူလားမြောက်အောင် ပြုစုပျိုးထောင် စောင့်ရှောက်လာခဲ့ရတာပါ သမီး။





သမီးကို တခြားဖခင်တွေက သူတို့ရဲ့သား သမီးတွေကို မျှော်လင့်တာထက် အဆပေါင်းများစွာ ဖေဖေက ပိုပြီး မျှော်လင့်ခဲ့ပါတယ် သမီး။ မျှော်လင့်ခဲ့တဲ့အတိုင်းပဲ ဖေဖေ့သမီးလေးဟာ ဖေဖေရဲ့ ဆုံးမသွန်သင်မှု၊ ပြုစုပျိုးထောင်မှုကြောင့် တောက်ပထင်ရှားလာခဲ့သားပဲ။ သမီးကို ဖေဖေ ယုံကြည်ပါတယ် သမီး။ သမီးဟာ ဖေဖေ ထင်တာထက် အများကြီး ပိုပြီး အစွမ်းသတ္တိတွေရှိတဲ့ သမီးလေးပါ။ သမီးက ကျောင်းမှာ စာသိပ်တော်တဲ့ ကလေးတစ်ယောက်အဖြစ် ထင်ရှားပါတယ်။ ဖေဖေတို့ မြို့ကလေးဟာ ကျဉ်းကျဉ်းလေးဆိုတော့ ငါ့သမီးရဲ့ ကောင်းသတင်းတွေက ကျော်ကြားလှတာ ဖေဖေ ဂုဏ်ယူပါတယ် သမီး။ ဒါပေမဲ့ ဖေဖေ တစ်ခု တွေးမိတယ် ငါ့သမီးလေး။ အဲဒါက ဘဝင်စိတ်လို့ခေါ်

www.burmeseclassic.com



မလား။ မာနစိတ်တစ်မျိုးလို့ ခေါ်မလား မသိပါဘူး သမီးရယ်။ ဖေဖေ့သမီးလေးကို ဒီမြို့သေးသေးကလေးနဲ့ မတန်တော့ဘူးလို့ သဘောပိုက်မိတယ်။

ဖေဖေ့သမီးဟာ ဒီထက်အများကြီး အမြင်ကျယ်ရမယ်။ ဒီထက် ကျယ်ဝန်းတဲ့ ကမ္ဘာလောကသစ်တစ်ခုမှာ ထင့်ရှားအောင်မြင်တဲ့ သမီးလေးတစ်ယောက် ဖြစ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်နှင့် သမီး ဆယ်တန်းအောင်ပြီးတဲ့အခါ ရန်ကုန်မှာ ပြောင်းပြီးနေဖို့အထိ ဖေဖေ စီစဉ်ခဲ့ပါတယ် သမီး။

ဖေဖေနှင့် သမီး နှစ်ယောက်တည်း နေနိုင်ဖို့အတွက် သင့်တော်တဲ့ တိုက်ခန်း၊ သင့်တော်တဲ့ ကားတစ်စီး ဖေဖေ ဝယ်ခဲ့ရတာ သမီးလည်း အသိပဲ။

သမီး ဆယ်တန်းကို ဂုဏ်ထူးလေးဘာသာနှင့် အောင်ခဲ့တာမို့ တစ်ချိန်မှာ ဆရာဝန်မကြီး ဖြစ်လာမယ်။ အဖေ့သမီးလေးကို မျှော်လင့်ချက်များစွာနှင့် အဖေ အိပ်မက်တွေ ဆက်တိုက် မက်ခဲ့ပါတယ်။

ဝေဝေ့ဆရာဝေ



ဆေးကျောင်းတက်ခွင့် မရခင်ကြားမှာ သမီးက ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စာသင်တန်းတွေ တက်ချင်တယ်ဆိုတော့လည်း ဖေဖေ တက်ခွင့်ပေးခဲ့တာပါပဲ။ ဒါပေမဲ့ ဖေဖေ့သမီးက လျှို့ဝှက်ချက်တစ်ခုရှိမှန်း ဖေဖေ နောက်ကျမှ သိခဲ့ရတယ်။

အဲဒီ လျှို့ဝှက်ချက်က အဖေတို့မြို့ကလေးမှာ သမီးရဲ့ ချစ်သူကောင်ကလေး ကျန်ခဲ့တယ် ဆိုတာပါပဲ။

တကယ်တော့ ဖေဖေ့ရဲ့ အမှားပါပဲသမီး။ အဲဒီအမှားဟာ ဖေဖေနဲ့သမီး၊ သမီး ဆေးကျောင်းမတက်သေးခင် ဖေဖေတို့မြို့ကလေးဆီ အလည်တစ်ခေါက် ခဏပြန်ခဲ့မိတယ်။ သမီးကို ဖေဖေ ယုံခဲ့တယ်နော်။ အပြည့်အဝ ယုံခဲ့တာပါ။ ဖေဖေ့သမီးဟာ အောင်မြင်တိုးတက်ဖို့၊ ပညာတတ်ကြီးဖြစ်ဖို့ ဆိုတဲ့ အာရုံကလွဲရင် "အချစ်"ဆိုတာ ခေါင်းထဲမှာ ရှိလိမ့်မယ်လို့ကို ဖေဖေ မထင်ခဲ့တာ။

အဲဒီကတ်တန်းမှာ သမီး အဲဒီကောင်လေးနှင့် ချစ်သူဖြစ်နေခဲ့တယ်ဆိုတာ ဖေဖေ လုံးဝမရိပ်မိခဲ့ဘူး။ အဲဒါ ဖေဖေ့အမှားပဲ။

ဝေဝေ့ဆရာဝေ

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေတို့ မြို့ကလေးဆီ ပြန်ရောက်ပြီး နောက်တစ်ရက်မှာပဲ လုံးဝထင်မှတ်မထားတဲ့ အဖြစ်အပျက်တွေ ဆက်တိုက်ဖြစ်ခဲ့တယ်။

သမီးနှင့် သမီးကောင်လေး ခိုးရာလိုက်ပြေးသွားကြပြီဆိုတာ သိလိုက်ရတဲ့ အချိန်မှာ ဖေဖေ ရင်တစ်ခုလုံး မီးကြိုးပစ်ခံလိုက်ရသလိုပါ။ ဟက်တက်၊ အစိတ်စိတ်အမြွှာမြွှာ ကွဲကြေမွသွားခဲ့ပါတယ် သမီး။ ဖေဖေ ရူးသွားမလားတောင် အောက်မေ့မိတယ်။

ဖေဖေ အာရုံတွေ ဆူပွက်လောင်မြိုက်နေပြီး ဖေဖေ သွေးရူးသွေးတန်း ဖြစ်နေခဲ့တယ်။

သမီးကို ဖေဖေ မှရ,ရအောင် ပြန်ရှာမယ်။ သမီးကို ဖေဖေ ဆုံးရှုံးလို့ မဖြစ်ဘူး။ သမီးအတွက် ဖေဖေ အိပ်မက်တွေ အများကြီး ဆက်မက်ရဦးမယ်။ သမီးဘဝ ဒီလိုနှင့် အဆုံးသတ်လို့ မဖြစ်ဘူး။ အဲဒီစိတ်နှင့် ဖေဖေ သမီးကို အပူတပြင်း ရှာဖွေခဲ့ရပါတယ် သမီး။





သမီးကို မတွေ့ရသေးရွေ့ အချိန်ကာလ တစ်ခုလုံး ဖေဖေ့ အတွက်တော့ ငရဲခန်းတစ်မျှပါပဲ။ ရင်တစ်ခုလုံး ပူကျွမ်းလောင်မြိုက်ပြီး ဖေဖေ အရူးတစ်ယောက်လို ရှိုက်ကြီးတငင် ငိုကြွေးမိပါသေးတယ်။

သမီးကို တစ်ရက် ဆုံးရှုံးရလေ ဖေဖေ့ရဲ့ နှလုံးသားတစ်ပဲ့ ပဲ့ကြွေရလေပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ရက်ကြာမှ ဖေဖေ့သမီးနှင့် ချစ်သူကောင်လေးကို ဖေဖေ ပြန်တွေ့ရတယ်။

ဖေဖေလည်း ဒီကောင်လေးကို မြင်မြင်ချင်း ငါ့သမီးကို ဖျက်ဆီးပစ်တဲ့ကောင်၊ ငါ့ရဲ့အိပ်မက်တွေကို ဖဲ့ခြွေတဲ့ကောင်ဆိုပြီး တစ်စစီ စုတ်ပြဲသတ်သွားအောင် စိတ်ရှိလက်ရှိ လက်သီးနဲ့ ထိုးပစ်ချင်ပါတယ် သမီး။ ဒါပေမဲ့ ဖေဖေ ဘာလုပ်ခဲ့သလဲ၊ သမီး အသိဆုံးပဲ။ ဖေဖေ သူ့ကို အပြုံးနှင့် ရင်ဆိုင်ခဲ့တာပါ။

ဖေဖေ့ သမီးကို ဖေဖေ တစ်ချက်ကလေးတောင် မဆူမငေါက်၊ မကြိမ်းရမ်းခဲ့တာ သမီး အသိပဲ။ သမီးကတော့ ဖေဖေ ဒေါသထွက်ပြီး ဆူပူကြိမ်းမောင်း ရိုက်နှက်လိမ့်မယ်လို့ မျှော်လင့်ထားခဲ့တယ် မဟုတ်လား။





မျက်လုံးအဝိုင်းသားနှင့် ဖေဖေ့ကို အလန့်တကြား ကြည့်နေခဲ့တဲ့ သမီးကလေးရဲ့ မျက်ဝန်းတွေကို ဖေဖေ တစ်သက် မမေ့ဘူး သမီးရယ်။ အဲဒီအချိန်မှာ ဖေဖေ တကယ် ရင်ကွဲခဲ့ရတာပါ။ ရင်ကျိုးခဲ့ရတာပါ။ ငါ့သမီးလေး ရှေ့လျှောက်တက်လမ်းတွေ အများကြီး ရှိသေးတဲ့ သမီးလေး၊ ဘာဖြစ်လို့ ကိုယ့်ဘဝကိုယ် အညွန့်ချိုးလိုက်ရတာပါလိမ့်လို့ ဖေဖေ ယူကျုံးမရ ဖြစ်မိတယ်။ ဒါပေမဲ့ ဖေဖေ သမီးကို အေးအေးဆေးဆေးပဲ ပြန်ခေါ်လာခဲ့တယ်။

သမီးကို ဖေဖေ ဘာပြောခဲ့သလဲ။

"သမီး ... ဘဝမှာ မှားဖူးတဲ့လူဆိုတာ မရှိပါဘူး သမီးရယ်။ သမီးနဲ့ မင်းကောင်လေး ကို ဖေဖေ ခွဲတာ မဟုတ်ဘူးနော်။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သမီးချစ်တဲ့သူကိုပဲ သမီး လက်ထပ်ရမှာပါ။ သမီး သဘောမကျတဲ့သူနှင့် ဖေဖေ ဘယ်တော့မှ မပေးစားဘူးဆိုတာ ဖေဖေ ကတိပေးပါတယ်။ ဒါပေမဲ့ ခုအချိန်မှာ သမီးအတွက်ရော၊ သူ့အတွက်ပါ သိပ်ငယ်သေးတယ် သမီး။ သမီး သူ့ကိုယူလိုက်ပြီး သူ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းမ၊ သူ့ရဲ့ဇနီးမယားဘဝမှာ သမီးဘဝကို အဆုံးသတ်လိုက်တော့မှာ လား။ သမီးရဲ့ မျှော်လင့်ချက်တွေအတွက် အားလုံးကို အဲဒီကောင်ကလေးနှင့် သမီး လဲပစ်လိုက်ရဲ့လို့လား။ သမီးဘဝဟာ ဆရာဝန်မကြီး ဖြစ်ဖို့ရှိတယ်။ ဒီထက်အများကြီး မြင့်မားတိုးတက်ဖို့ရှိတယ်။ ဖေဖေ သမီးကို အများကြီး မျှော်လင့်ထားခဲ့တာ သမီး အသိဆုံးပဲ။ အဲဒီ မျှော်လင့်ချက်တွေကို ဘာမဟုတ်တဲ့ "အချစ်" ဆိုတဲ့ အဓိပ္ပာယ်မရှိတဲ့ စကားလုံးကလေးတစ်ခုနှင့် သမီး ဖျက်ဆီးချေပွပစ်လိုက်တော့မှာလား။ ဒါ ပြန်စဉ်းစားကြည့်စမ်းပါ...

"ဒီအဖြစ်အပျက်ဟာ သမီးဘဝမှာ အမည်းစက်တစ်ခု ဖြစ်ခဲ့တယ်ဆိုတော့ သမီး ပြင်လို့ရပါတယ် သမီး။ လူဆိုတာ အမှားရှိမှလည်း အမှန်ပြင်လို့ ရတာပါ၊ သမီးမှာ အမှန်ပြင်ဖို့ အချိန်တွေ အများကြီး ရှိသေးတယ်။ တစ်ချိန်ကျတော့ သမီးဘဝ ရည်မှန်းချက်တွေ အောင်မြင်ပြီဆိုတဲ့ အခါကျတော့ သမီးရဲ့ချစ်သူကောင်လေးနှင့် သမီးလက်ထပ်





ပါ။ ဖေဖေ ကြည်ကြည်ဖြူဖြူ လက်ထပ်ပေးမှာပါ သမီး။ ခုချိန် ခဏလေးမှာတော့ သမီး စောင့်လိုက်ပါ။ အချိန်လေးတစ်ခုပါ သမီး။ အချိန်လေးတစ်ခုပဲ စောင့်ပေးပါ"

ဖေဖေ ပြောသမျှကို သမီးကလေး နားထောင်ရင်း တသိမ့်သိမ့် ငိုကြွေးနေခဲ့တာကို ဖေဖေ့ ရင်ထဲမှာ နာကျင်ဆို့နင့်ခံစားရပါတယ် သမီး။ ဖေဖေ သိပ်ငိုချင်ခဲ့တယ်။ ဒါပေမဲ့ သမီးရှေ့မှာ ဖေဖေ လုံးဝမျက်ရည်မကျခဲ့ပါဘူး။

သမီးဟာ အခါများစွာတုန်းကလိုပဲ ဖေဖေ့စကားကို နားထောင်ပေးတဲ့အတွက် သမီးကို ဖေဖေ ကျေးဇူးတင်ပါတယ် သမီး။



www.burmeseclassic.com

www.burmeseclassic.com



မြို့ကလေးဟာ ကျဉ်းကျဉ်းလေးဆိုတော့ သမီးနှင့် သမီးကောင်လေး ခိုးရာလိုက်ပြေးသွားတယ် ဆိုတဲ့ သတင်းဟာ တစ်မဟုတ်ချင်းပဲ ပြန့်နှံ့သွားခဲ့ပါတယ်။ အဲဒီအတွက် ဖေဖေကော ဘာလုပ်သင့်သလဲ။ တစ်မြို့လုံးမှာရှိတဲ့ လူတွေကို အရှုံးပေးမလား၊ ဒါမှမဟုတ် ဖေဖေ သူတို့ကို အနိုင်ယူမလား။

အဲဒီနေ့မှာပဲ သမီးကို ဖေဖေ့ကားပေါ်တင်ပြီး တစ်မြို့လုံးအနှံ့ ကားနှင့်ဆယ်ပတ်လောက် မောင်းပြခဲ့တာ သမီးမှတ်မိမှာပေါ့။ ပြီးတော့ လူအစည်ကားဆုံး လက်ဖက်ရည်ဆိုင်မှာ ဖေဖေတို့သားအဖ ထိုင်ပြီး ဖေဖေက သမီးကို ရယ်စရာတွေ ရှာဖွေပြီး ပြောနေခဲ့တယ်။ ပြီးတော့ ဖေဖေတို့ သားအဖနှစ်ယောက်





ဘာအပူပင်ကြောင့်ကြမှ မရှိခဲ့သလို ဘယ်လို စိတ်ထိခိုက်နာကျင်မှုမျိုးမှ မကြုံတွေ့ခဲ့ရသလို ဟားတိုက်ပြီး အော်ကြီးဟစ်ကျယ် ရယ်မောခဲ့ကြတာလေ။

ပတ်ဝန်းကျင်မှာရှိတဲ့ လူတွေက ဖေဖေတို့ကို တအံ့တသြ ကြောင်ငေးပြီး ကြည့်နေခဲ့တာ။ သမီး မှတ်မိတယ်မဟုတ်လား သမီး။ သူတို့ အံ့သြနေကြတာလေ။ သူတို့စိတ်ထဲမှာ သမီး ခိုးရာလိုက်ပြေးသွားတယ် ဆိုတာ ဟုတ်မှ ဟုတ်ရဲ့လားလို့တောင် ဇဝေဇဝါတွေ ဖြစ်ကုန်တဲ့အထိ အံ့အားသင့် အငိုက်မိသွားကြတာလေ။

ပြီးတော့ ဖေဖေ့သမီးကို မြို့ကလေးမှာရှိတဲ့ စတိုးဆိုင်မှန်သမျှ လိုက်ပို့ပြီး သမီးကြိုက်သမျှ အဝတ်အစားတွေ၊ အသုံးအဆောင်တွေကို စိတ်တိုင်းကျ ဝယ်ပေးခဲ့တယ်။

လူတိုင်းရဲ့ မျက်လုံးတွေမှာ စူးစမ်းမှုတွေ၊ အံ့သြမှုတွေ၊ မေးခွန်းတွေ များစွာ ပျော်ဝင်နေခဲ့တာကို ဖေဖေရော သမီးပါ ခံစားမိတယ် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ သမီးကို တိုးတိုးကလေး သတိပေးလိုက်တယ်။ “သမီး ဘယ်သူကပဲ သမီးကိုကြည့်ကြည့် ပြုံးပြုံးကလေး နေလိုက်စမ်းပါ။ ဘယ်သူကပဲ သမီးကိုကြည့်ကြည့် အဲဒီမျက်ဝန်းတွေကို သမီး ရင်ဆိုင်ပစ်လိုက်စမ်းပါ။ ဘာဖြစ်လို့လဲဆိုတော့ သမီးမှားတဲ့ အမှားဟာ တကယ့် မဟာအမှားကြီး မဟုတ်ဘူး သမီး။ သမီးဘဝ တစ်ခုလုံးရဲ့ တိုးတက်အောင်မြင်မှုကြီးနှင့်၊ သမီးဘဝ အောင်မြင်မှုပန်းတိုင် တစ်ခုလုံးနှင့် နှိုင်းယှဉ်လိုက်ရင် ဒီအမှားအယွင်းဟာ သေးသေးလေးပါ။ ပြီးတော့ ခလုတ်ကန်သင်း တစ်ခုကို မတော်တဆ တိုက်မိကြတာပဲ။ ထိပ်ဆုံးရောက်နေတဲ့ အတော်ဆုံး ပုဂ္ဂိုလ်ကြီးတွေတောင်မှ သူတို့ဘဝမှာ အနည်းဆုံး တစ်ကြိမ်တစ်ခါတော့ မှားယွင်းမိကြတာပဲသမီး”ဆိုတဲ့ စကားအဆုံးမှာတော့ သမီးလေးဟာ ပတ်ဝန်းကျင်ကို ရဲရဲဝံ့ဝံ့ ခေါင်းလေးမော့ပြီး ရင်ဆိုင်လိုက်နိုင်တာကို ဖေဖေ ရင်ခုန်စွာနှင့် ကျေနပ်လိုက်မိပါတယ်။

စေတနာစာပေ



အဲဒီနောက်ပိုင်းမှာတော့ အဲဒီအဖြစ်အပျက်ကလေးကို ဖေဖေရော သမီးပါ ဘဝထဲက အပြီးအပိုင် ထုတ်ပစ်လိုက်ကြတယ် ဆိုတာ သေချာပါတယ်တယ် သမီး။

❦✱❦

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ဖေဖေ့ အိပ်မက်တွေ တကယ်ဖြစ်ခဲ့ပါပြီ သမီး။ ဖေဖေချစ်တဲ့ သမီးဟာ သိပ်တော်တဲ့ ဆေးကျောင်းသူကလေးတစ်ယောက် ဖြစ်နေခဲ့ပြီ။ သမီးရဲ့ ပတ်ဝန်းကျင် ဘဝအသစ်မှာ သမီး ပျော်မွေ့နွေးထွေးနေခဲ့ပြီး တစ်ကြိမ်တစ်ခါ စိတ်နောက်လိုက်ပြီး မှားယွင်းခဲ့တဲ့ အမှားအယွင်းထဲမှာ သမီးဘဝတစ်ခုလုံးကို အနစ်မွန်းမခံတဲ့အတွက် ဖေဖေက သမီးကို ကျေးဇူးတင်ရမှာပါ သမီးရယ်။ ဒါပေမဲ့ သမီးက ဖေဖေ့ကို တစ်နေ့မှာ ပြုံးပြုံးကလေး ပြောခဲ့တယ်လေ။

"ဖေဖေ့ကို သမီး သိပ်ကျေးဇူးတင်ပါတယ် ဖေဖေ။ ဖေဖေသာ မကယ်တင်ခဲ့ရင် သမီးဘဝဟာ အခုဆို အဖတ်ဆည်





စရာ မရှိအောင် စုတ်ပြတ်သတ်သွားခဲ့ပြီ။ သမီးရဲ့ရည်မှန်းချက်ပန်းတိုင်ဖြစ်တဲ့ ဆရာဝန်ဆိုတဲ့ ဘဝနှင့်လည်း ဝေးသွားခဲ့မှာ၊ ဖေဖေ လုပ်ခဲ့တာ သိပ်ကို မှန်ပါတယ်။ ပြီးတော့ သိပ်ပြီးလည်း စနစ်တကျ ရှိပါတယ်။ သမီး သူ့နောက်ပိုက်သွားတုန်းက ဖေဖေ ကမ္ဘာပျက်မတတ် ခံစားခဲ့ရမယ်ဆိုတာကို သမီး အခုတော့ ကိုယ်ချင်းစာမိပြီ ဖေဖေ ...

အဲဒီတုန်းက ဖေဖေ့ကို သမီး မျက်ရည်ကျအောင် လုပ်ခဲ့မိသလားဟင် ဖေဖေ"

သမီးရဲ့ အပြစ်ကင်းစင်တဲ့ မျက်နှာကြည်ကြည်ကလေးကို ဖေဖေ ငေးပြီး ပြုံးနေခဲ့မိပါတယ်။

ဖေဖေ့ဘဝမှာ ဘယ်တုန်းကမှ အဲဒီအချိန်တုန်းကလောက် မျက်ရည်ပေါက်ကြီးငယ် မကျခဲ့ရပါဘူး။ သည်းသည်းထန်ထန် ငိုကြွေးရလောက်အောင် စိတ်ထိခိုက်၊ ကမ္ဘာပျက်လောက်တဲ့အထိ အဖြစ်အပျက်မျိုး မရှိခဲ့ဖူးတာ အမှန်ပါပဲ သမီး၊ ဒါပေမဲ့ သမီးကို ဖေဖေ လိမ်လိုက်မိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com




"ဒါ မျက်ရည်ကျစရာလား သမီးရဲ့၊ သမီးရဲ့ အမှားကို ဘယ်လိုပြန်ပြီး ပြင်ဆင်ရမလဲ ဆိုတာကိုပဲ ဖေဖေ တွေး နေခဲ့တာ။ မျက်ရည်ကျဖို့တောင် သတိမရလိုက်ပါဘူး သမီးရယ်"

သမီးမျက်နှာကလေး ပြုံးသွားခဲ့တာကို ဖေဖေ ဒီနေ့ အထိ မမေ့သေးဘူးသမီး။



# ကိုယ့်တာဝန်




www.burmeseclassic.com

www.burmeseclassic.com



၈

မျက်စိရှေ့တွင် သားနှင့် သမီးကို အဖေနှင့်အမေက တစ်ယောက်တစ်လက်ဆွဲကာ လမ်းလျှောက်ထွက်ကြသော ဝါတာနှင့် ခင်ပွန်းတို့ မိသားစုကလေးကိုမြင်လျှင် ညိုသည် သက်ပြင်းခိုးချရတာ ဘယ်နကြိမ် ရှိပြီနည်း။ သူတို့ မိသားစုကလေး လုံခြုံလိုက်တာဟု သဘောကျမိလေသည်။ ဝါတာမှာ ကလေးနှစ်ယောက်အမေ ဆိုပေမဲ့ အပျိုရှုံးအောင် ခေတ်ဆန်လှသူတည်း။

ဆံပင် မဟော်ဂနီရောင်ဆို သူမခေါင်းပေါ် ရောက်သွားပြီ။ မျက်နှာကို သနပ်ခါး တင်းရင်း ပြောင်ဝင်းနေအောင်



www.burmeseclassic.com

www.burmeseclassic.com



Skin care သုံးရပြီဟု ဝါတာ ညို့ထံ အိမ်လည်လာတိုင်း ပြောတတ်တာကို နားထောင်ရင်း ခေတ်မီလိုက်တာဟု အံ့အားသင့်ရ၏။

"DECLEOR (Paris) တော်တော်ကောင်းတယ် မမညိုရဲ့၊ Skin care တစ်ဆက် ဝယ်တာ တစ်သိန်းခွဲဖိုး ရှိတယ်၊ ယောက်ျား မသိအောင် ခိုးဝယ်ရတာ"

ဟု ပြုံးတမြမြ ဆိုချေသေး၏။

"ဝါတာရယ်၊ လိုသေးလို့လား၊ အဝတ်အစားတွေဆိုလည်း သိပ်ခေတ်ဆန်တာပဲ၊ ကိုယ်ခန္ဓာကလည်း သွယ်လျလျ ကျစ်နေတာပဲ၊ စကတ်ကလေး ဂါဝန်ကလေး ဝတ်ထားရင် အပျိုကလေးပဲနော်"

"Club မှာ Member ဝင်ထားပြီး လေ့ကျင့်ခန်း မှန်မှန်ယူရတယ် မမညိုရေ၊ အမယ်လေး၊ ဝါတာ့မှာ တစ်နေ့တစ်နေ့ကို မောနေတာပဲ၊ မလုပ်လို့ မရဘူး မမရေ၊ ယောက်ျားက မိန်းမကို ရကာစ,က သူ အပိုင်ဝယ်လိုက်တဲ့ ပစ္စည်းတစ်ခုလို၊ ကျွန်တစ်ယောက်လို သဘောထားတာ...





ကလေးတစ်ယောက်ကနေ နှစ်ယောက်လည်း ရလာရော စွန့်ပစ်ပစ္စည်းတစ်ခုလို သဘောထားလာတာကလား၊ မိန်းမကို ဘောထားပြီး တခြားမိန်းကလေးကိုငေးဖို့ ဆင်ခြေက သူ့မှာအပြည့်၊ ဆံပင် အရောင်ကလေးကို ကြည့်တာပါတဲ့၊ နှုတ်ခမ်းနီ အရောင်လေး လှလို့ပါ ဆိုတာက ပါသေး၊ ဘော်ဒီကလေး လှလို့ ကြည့်မိတာပါတဲ့ ဆိုရင် သိပ်အသည်းယားတာပဲ၊ ဒါကြောင့် ဝါတာ့ကို သူ အမြဲ အမေးစင်း(Amaziing) ဖြစ်အောင် နေရတာ သိလား"

ဟု ဝါတာက ရှမ်းရှမ်းဝေဝေ ပြောတတ်သည်။

တကယ်ဆို ဝါတာနှင့် ညိုသည် ဆယ်နှစ်ကျော် ကွာလှသည်။ ဝါတာက နှစ်ဆယ့်နှစ်,နှစ် အရွယ်တွင် ကလေးနှစ်ယောက် ရနေပြီ။ အိမ်ထောင်ပြုတာ ဆယ့်ရှစ်နှစ်မှာ အိမ်ထောင်သက် လေးနှစ်တွင် သားကြီးက သုံးနှစ်၊ သမီးငယ်လေးက နှစ်နှစ် အရွယ်။



www.burmeseclassic.com

www.burmeseclassic.com



မျက်စိရှေ့မှာတင် ဝါတာသည် အရွယ်ရောက်လာကာ ဖြူနီးခနဲပင် အိမ်ထောင်ကျသွားခဲ့၏။ ရုပ်ကလေးကလည်း မှုန်ညက်နေအောင် ချောလှသူမို့ သူမ အပျိုပေါက်အရွယ်မှာ ကြိုက်ကြသူ ကောင်ကလေးတို့ ဝိုင်းလည်ကာနေ၏။ ညိုနှင့်က မျက်နှာချင်းဆိုင်နေကြတာမို့ ညီအစ်မတွေလို ဖြစ်နေလေသည်။

ညိုကတော့ အပျိုပေါက်အရွယ်ကလေးတွင် ဆေးကျောင်းရောက်ကာ စာမေးပွဲတို့က ခေါင်းမဖော်အောင် နှိပ်စက်သမို့ နဂိုကလည်း စာချောက်သူပီပီ နုပျိုမှုကလေးတွေကို စာများက ဝါးမျိုသွားခဲ့၏။ ထားခဲ့မိသော ရည်းစားတစ်ယောက်နှင့် စိတ်အခန့်မသင့်၍ ကွဲကြ၏။ ထိုအချိန်ကစလို့ ယောကျ်ားတွေကို စိတ်ကုန်ကာ အိမ်ထောင်ပြုဖို့ စိတ်မကူးမိတော့ဘဲ အသက်သုံးဆယ့်နှစ်နှစ်သို့ တိုင်လာသောအခါ အပျိုကြီးစာရင်းသို့ သွတ်သွင်းလိုက်ကြလေတော့သည်။





၁

"မမညို ဘဝပဲ အေးတယ်၊ ပူပန်ကြောင့်ကြ မရှိ၊ အနှောင်အဖွဲ့မရှိ၊ တာဝန်ဝတ္တရားတွေမရှိ၊ ညိုရနိုင်းရတာတွေမရှိ။ ငြိမ်းနေတာပဲ"

ဟု ဝါတာက တွေ့တိုင်း ပြောတတ်လေ၏။

"မထင်နဲ့ ဝါတာရေ၊ မနက်တိုင်း မနက်တိုင်း တစ်နေ့တာကို အထီးကျန်ငြီးငွေ့စွာ ဖြတ်သန်းရဦးမှာပါလားလို့ တွေးရင်း အိပ်ရာက နိုးရတယ် ...



www.burmeseclassic.com

www.burmeseclassic.com



မညို ဘ၀မှာ လုပ်ရှားရုန်းကန်ရတာမရှိ၊ ကလေးတွေအတွက် မျှော်လင့်ရတာ ကြိုးစားရတာ မရှိတော့ ဘ၀က ဘာမှအဓိပ္ပာယ်မရှိဘူး၊ ခြောက်သွေ့သွေ့ကြီးရယ်"

ဟု တောင့်တ မွတ်သိပ်ရိပ်မစွက်အောင် ညည်းမိလျှင်တော့ ဝါတာက သဘောကျစွာ ရယ်မောပေသည်။

"မမညိုရယ် ... တစ်ယောက်တည်း ကောင်းပါတယ်၊ ယောကျ်ား ယူရတာ သူ့ကျွန်ဘ၀ထဲကို အခမဲ့ သက်ဆင်းရသလိုပဲ၊ အစစအရာရာ မိန်းမက လုပ်ပေးတာမှ သူတို့က ခံချင်တာ၊ ခေါင်းတောင် မဖြီးချင်ဘူး၊ ဆံ မလှူးချင်၊ ပျင်းသတဲ့လေ၊ ဝါတာက လုပ်ပေးရတာ၊ သူ့ကို ခေါင်းလျှော်ပေးရတာက တစ်လုပ်၊ မဟုတ်ရင် Beauty Saloon တွေဆီ ခိုးသွားတတ်လွန်းလို့ ...

မိန်းမက ခူးခပ်မပေးရင် ထမင်းတောင် သူ့ဘာသာ ခူးမစားတတ်ဘူး၊ နေမကောင်း ဖြစ်လိုက်ချင်တာကလည်း ခဏခဏ၊ ဝါတာ ပြုစုတာ ခံချင်လို့တဲ့လေ၊ အမယ်လေး၊ ဓိဇာကြောင်တာတွေက အများကြီး၊ သိပ်မုန်းစရာကောင်း





တာ၊ ချစ်လို့သာ ဖွတ်ယူခဲ့ပေမဲ့ အတူနေတာ ကြာလာတော့ ဒီယောကျ်ားကြီးကို ကျောလွန်းလို့ မကြိုက်နိုင်တော့ဘူး၊ မဖြစ်နိုင်လွန်းလို့သာ သည်းခံရတာလေ ...

သူ ခိုင်းချင်တာရှိရင် အားမနာ လျှာမကျိုးတမ်းကိုနိုင်တာ၊ အိပ်နေတာတောင် နှိုးပြီး ခိုင်းတတ်တယ်၊ သူ အိပ်နေရင်များတော့ ခြေသံကျယ်ရင်တောင် ပြူစူလို့ မပြီးစီးတော့ဘူး၊ ပါးစပ်ကလည်း မြင်းအိုးပေါက်သလိုပဲ၊ တတွတ်တွတ်နဲ့ ...

ရေသောက်ချင်ရင် ရေဘူး ပြေးယူပေးရတယ်၊ ကောင်မလေးတွေကို ခိုင်းရင်မကြိုက်၊ ရွှေရှာတော်မှုတယ်၊ Mart မှာ ဈေးဝယ်ရင် ဝယ်ထားသမျှ အိတ်တွေ သူ ကူကိုင်ပေးဖို့ စိတ်တောင် မကူးဘူး၊ ကြော့ကြော့ကလေးပဲ၊ ဝါတာ မှာသာ လက်နှစ်ဖက်ကို ပြည့်လို့၊ ယောကျ်ားတိုင်း အဲဒီလိုချည်းပါပဲ မမညိုရယ်၊ တကယ် တစ်ကိုယ်ကောင်းဆန်တာ၊ အတ္တကြီးတာ ...

မမညို မယူနဲ့တော့၊ ဒီအတိုင်းပဲနေ၊ သိပ်ငြိမ်းတာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဟု ဝါတာက ဆိုလျှင် သူကျတော့ ယူပြီး ကိုယ်ချင်းမစာလိုက်တာဟု ငြိုငြင်ချင်လေသည်။ ခုချိန်တော့ ဟုတ်တာပေါ့ကွယ်။ အသက်ကြီးလာရင် ဘယ်သူပြုစုစောင့်ရှောက် ဂရုစိုက်မလဲ။

ပြီးတော့ ဝါတာဟာ အိမ်ထောင်ရေးရဲ့ ဒုက္ခတွေကို ညည်းညူလေ့ ရှိတဲ့အခါ မျက်နှာထားက ပြုံးပြုံးချိုချိုနဲ့ပါ။ ဒီဒုက္ခကို သူ စွန့်လွှတ်ချင်ပုံ မရပါဘူး။ အထူးသဖြင့် သူ့သားသမီးကလေးတွေက မေမေလို့ ခေါ်သံကို ကြားရတဲ့အခါ ဝါတာ သာမက ညို့ရင်တွင်းမှာပါ ပီတိတို့ ချိုမြစိမ်းအီသွားတာပါ။ ညို့မှာတော့ ဒီတစ်သက် ဘယ်တော့မှ "မေမေ"လို့ ချွဲချွဲနွဲ့နွဲ့ ပွပွဆာဆာ အခေါ်ခံရတော့မယ် မထင်ပါဘူး။





၈

"မမညို ဘဝကို ဝါတာတော့ သိပ်အားကျတာပဲ၊ ဘဝကို သာ အစကနေ ပြန်စခွင့် ရရင် ဝါတာတော့ မမညိုလို အပျိုကြီးပဲ လုပ်တော့မယ်၊ သိလား၊ မမညိုကို ကြည့်လိုက်ရင် အမြဲ သန့်ရှင်းကြော့မော့လို့၊ ဘာပူပန်စရာ၊ နောက်ဆံတင်းစရာမှ မရှိဘူး၊ အချိန်မရွေး တရားစခန်းဝင်ချင်သလား၊ ဖြတ်စရာတောင် မလိုဘူး၊ နောင်ဘဝအတွက် တရားဘာဝနာ စောစော အားထုတ်နိုင်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဝါတာက ဆိုပြန်တော့ ညို့မှာ ကျိတ်ပြုံးပြုံးရပြန်သည်။ ညိုကကျတော့ တစ်ယောက်တည်း အထီးကျန်သမို့ မိသားစုဘဝကလေးနဲ့ နေချင်၊ ဝါတာ ကျပြန်တော့ မိသားစု စည်စည်ဝေဝေ၊ သိုက်သိုက်ဝန်းဝန်း ပိုင်ဆိုင်ထားပြီး တစ်ယောက်တည်းဘဝကို အားကျချင်သေးသည်။

ဪ ... လောကကြီးနှယ်၊ စက်ခက်လှချည့်။ လူ့အလိုကို ဘယ်နတ်မင်းမှ ဖြည့်စွမ်းနိုင်မယ် မထင်။

"တကယ် ပြောတာ မမညို၊ ဝါတာဆို တစ်နေ့ တစ်နေ့ သိပ်မောတာပဲ၊ ကလေးတွေ ရှေ့ရေးကို တွေးလိုက်ရင် သိပ်ကို ရင်မောတာ၊ ဒီအရွယ်ကျတော့ နို့မှုန့်ဖိုး အဝတ်အစားဖိုးလောက်သာ ပူပန်ရတာ၊ ဟော ... ကျောင်းထားရမဲ့အရွယ် ရောက်လာရင် ပူပန်ရပြီ၊ သူများတကာတွေ ILBC ဆို ကိုယ်ကလည်း ကိုယ့်သားသမီးကလေးတွေကို ILBC တော့ ပို့ချင်သေးတာ၊ သားသမီးချင်း ပြိုင်ရဆိုင်ရပြီ၊ ကိုယ့်ကလေးတွေ သူများနောက် ကျန်ခဲ့မှာလည်း မလိုလားပြန်ဘူး၊ အဲဒီစိတ်နဲ့ ရင်မောရတာ တစ်ဖက် ...





နောက်ပြီး ကလေးတွေ အပျိုပေါက်၊ လူပျိုပေါက် ဖြစ်ရုံလာရင် ထိန်းလို့သိမ်းလို့မှ နိုင်ပါ့မလား၊ ကလပ်သွားပါတီတက်များ လုပ်ကြမလား၊ သားဆို အပေါင်းအသင်းမှားပြီး ဆေးများ စွဲမလား၊ သမီးဆိုလည်း ကောင်လေးတွေနဲ့ ငယ်ငယ်ရွယ်ရွယ် ရည်စားများ ထားမလားဆိုတာ၊ အမယ်လေး ... ကြိုတွေးလိုက်ရင် ဝါတာ ရင်ဘတ်ပေါ် လမ်းကြိတ်စက်ကြီး တင်ထားရသလိုပဲ၊ သိလား ...

လင်ယောက်ျား တာဝန်က တစ်ဖက်၊ သားသမီးတွေ ထွန်းထွန်းပေါက်ပေါက် အောင်အောင်မြင်မြင်ဖြစ်အောင် ထိန်းကျောင်းနိုင်ဖို့ ဆိုတာ တကယ်တော့ မလွယ်လှဘူး"

ဟု နောက်နှစ်များစွာဆီထိ အကျယ်အပြန့်တွေးကာ ဝါတာက ဆိုလျှင် ညို့မှာ သက်ပြင်းမောကို ကျိတ်ချရလေသည်။ အဲဒါလည်း ဟုတ်တာပင်။ ရင်မောစရာကွယ်။ မပေါ်စေ



www.burmeseclassic.com

www.burmeseclassic.com



တော့လေ၊ တစ်ယောက်တည်းပဲ ကောင်းပါတယ်။ မိသားစုကလေးလည်း မလိုချင်တော့ပါဘူး။ စိတ်ကူးလည်း မယဉ်ချင်တော့ပါဘူးကွယ်။ ကိုယ်တာဝန် ကိုယ်ယူတာပဲ ကောင်းပါတယ်။





www.burmeseclassic.com

www.burmeseclassic.com





# က

သူမ ဘဝတွင် လုံးဝ မျှော်လင့်မထားသော ခံစားချက်တစ်မျိုးကို သူက ပေးခဲ့တာ ဖြစ်သည်။ ယောက်ျားလေးတစ်ယောက်နှင့် မိန်းကလေးတစ်ယောက်၏ ဆက်သွယ်မှုကြတွင် မိန်းကလေးဘက်က မျှော်လင့်ခြင်း၊ ယောက်ျားလေးဘက်က မျှော်လင့်ချက် ပေးခြင်းတို့လည်း ပါဝင်တတ်ကြသည်။

သူမနှင့် သူသည် သူငယ်ချင်းတွေလည်း မဟုတ်၊ သမီးရည်းစားလည်း မကျသော ခင်မင်တွယ်ငြိမှု အောက်မှာ ရင်ခုန်စိတ်လှုပ်ရှားဖွယ် အဖြစ်အပျက် များစွာတို့ဖြင့် ဖြတ်သန်း



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြသည်။ သူနှင့် သူမကို သူငယ်ချင်းများစွာက ချစ်သူတွေ အဖြစ်သို့ ပြောင်းလဲသွားစေချင်ကြ၏။

သူမက သူ့ကို မျှော်လင့်ချက် ရှိပါသည်။ သူက လည်း မျှော်လင့်ချက်များစွာ ပေးတတ်ပါသည်။ သူမသည် မိန်းမချောတစ်ယောက် မဟုတ်ပါ။ ဘာမှမထင်ရှားသော သာမန် မိန်းမငယ်လေး တစ်ယောက်သာ ဖြစ်သည်။ ဖွံ့မက်ဖွယ်ကောင်း အောင် သူမ မပြင်ဆင် မခြယ်သတတ်ပါ။ မိန်းမလည်း မဆန် ပါ။ တီရှပ်နှင့် ဂျင်းဘောင်းဘီ ဝတ်လေ့ရှိသော မိန်းမတစ်ယောက် ၏ ရင်ထဲတွင် "အချစ်" ဆိုသောအရာ ခိုလှုံကိန်းဝပ်နေလိမ့် မည် ဆိုတာလည်း ဘယ်သူကမှ ယုံကြည်ကြလိမ့်မည် မဟုတ် ပါ။

သူ့နာမည်က "လင်းခိုင်"ဖြစ်ပြီး သူ့ကို သူမက "ခိုင်"ဟု တစ်လုံးတည်း အဖျားဆွတ်ကာ ခေါ်တတ်ပါသည်။ သူက ထိုသို့ခေါ်တာ မကြိုက်တတ်ပါ။

"ဟာကွာ၊ မိန်းမ ခေါ်သလိုကြီး မခေါ်ပါနဲ့ကွာ"





ဟု ငြင်းဆိုလေ့ရှိသော်လည်း သူမကတော့ ခေါင်း မာစွာ "ခိုင်"ဟုပင် သူ မကြိုက်မှန်း သိသိနှင့် ခေါ်မြဲပင်။ နောက်တော့လည်း သူ နေသားကျကာ ရိုးသွားခဲ့တာပါပဲ။

သူမ နာမည်ကိုတော့ သူက "ကျော်"ဟု အဖျား ဆွတ်ကာ ခေါ်ရသော "ကျော်ဇောခင်"ဖြစ်သည်။ သူ့ရဲ့ "ကျော်" ဟူသော ခေါ်သံကို ကြားတိုင်း သူမ အားဆေးတစ်ခွက် သောက် ရသလို အားအင်တစ်မျိုး တိုးသွားတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



၁

သူနှင့် သူမသည် ဖုန်းအလွန်ပြောနိုင်သူများလည်း ဖြစ်သေး၏။ နေ့နေ့ညည သူမတို့မို့ ဖုန်းပြောကြလျှင် ဆဲလ်ဖုန်းများ ပူကာ ဘက်ထရီ ကုန်တဲ့အထိ ဖြစ်သည်။ နေရာတကာ တော်တော်များများတွင် သူမတို့ အကြိုက်ချင်း စိတ်ချင်း တူကြ၏။ သူမ၏စိတ်ကို သိနိုင်သော ယောကျ်ားလေးဆို၍ သူ တစ်ယောက်တည်းသာ ရှိသည်။





သူ့ကြောင့် သူမဘဝတွင် အမှတ်တရများစွာ ရှိခဲ့ဖူးသည်။ စိတ်ချမ်းသာစရာ အဖြစ်အပျက်များစွာလည်း ပိုင်ဆိုင်ခဲ့ဖူးသည်။

ပါဝါမျက်မှန်ထူထူ ဟပ်လေ့ရှိသော သူမကို စေ့စေ့ကြည့်၍ သူက ...

"ကျော်ရာ ... မင်း မျက်လုံးလေးတွေက သိပ်လှတာပဲ၊ ဒီမျက်မှန်ကြီးသာမကပါရင် မင်းကို ဘယ်သူမှ မလှဘူးလို့ ပြောမှာ မဟုတ်ဘူး သိလား"

ဟု အမှတ်တမဲ့ ပြောခဲ့တုန်းက သူမသည် မျက်မှန်ကြီးကို စွန့်ပစ်လျက် မျက်ရည်တွေတွေ ကျစေခဲ့သော Contact Lens ကို ကြိုးစားပမ်းစား တပ်ခဲ့သည်ကို သူ မရိပ်မိဘဲ နေမည် မဟုတ်ပါ။

သူကရော ဘာထူးသေးလဲ။

"ခိုင် ... မင်းက အင်္ကျီအဖြူရောင်လေး ဝတ်ရင် ငါ့ မျက်စိထဲမှာတော့ ဖလားပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရယ်မောနောက်ပြောင်ခဲ့ပြီးနောက် သူသည် ရှပ်အင်္ကျီအဖြူတွေကိုသာ မှန်မှန်ဝတ်ခဲ့သူပါ။

သူနှင့် သူမတို့ကြားတွင် အထိမ်းအမှတ် နေ့ရယ်လို့ သီးသန့်မရှိဘဲ သတိရလေတိုင်း ပေးလေ့ရှိသော ခရေးခရာ လက်ဆောင်ကလေးများ မြောက်မြားစွာ ရှိပါသည်။ ထိုယဉ်ကျေးမှုကလေးကို ဘယ်သူက စတင် တီထွင်လိုက်သည်တောင် မသိရ။

"နှင့်အတွက် ငါ ဝယ်လာတာ၊ သတိရလို့"

ဆိုသော စကားနှင့်အတူ ဆဲလ်ဖုန်းမှာ တပ်သော အရုပ်ကလေးတွေ၊ အခန်းနံရံမှာ ကပ်သော စတစ်ကာတွေ၊ တစ်ခါတလေ သွားတိုက်သွားပွတ်တံ၊ ထမင်းစားပန်းကန်၊ ဖွန်း၊ ခက်ရင်း၊ စောင်၊ အိပ်ရာခင်း စသော အမှတ်တမဲ့လို့ ထင်ရသော်လည်း ထိုပစ္စည်းလေးတွေ ကိုင်တွယ်အသုံးပြုတိုင်း သတိတရ ပြုံးမိစေသော အမှတ်တရ လက်ဆောင်ကလေးများ ဖြစ်ပါ၏။





သူ့ကို သူမ သတိရတိုင်း လှမ်းခေါ်လိုက်လျှင် ရောက်လေရာအရပ်မှ သူ ပြေးရောက်လာတတ်သော ယောကျ်ား တစ်ယောက်သည် သူမ အသည်းကို လုပစ္စာ ကစားခဲ့လိမ့်မည်ဟု သူမ ယောင်၍ပင် မတွေးခဲ့မိပါ။



www.burmeseclassic.com

www.burmeseclassic.com



၈

ထိုနေ့သည် သူမ လှပစွာ ရှုံးရသော နေ့တစ်နေ့ဖြစ်၏။ ရှုံးရလိမ့်မည်ဟု သူမ ဘယ်လိုမှ ကြိုတင်တွက်ဆ မထားခဲ့ပါ။ ရိပ်လည်း မရိပ်မိခဲ့ပါ။

"နင်တို့ ချစ်သူတွေ ဖြစ်နေပြီ မဟုတ်လား"

ဟု သူငယ်ချင်းတွေက မကြာခဏ မေးရလောက်အောင် အမြဲတတွဲတွဲ ရှိခဲ့သော သူမတို့နှစ်ယောက်သည် တစ်ချိန်ချိန်တွင် ချစ်သူတွေ ဖြစ်သွားကြလိမ့်မည်ဟု လူတကာက မျှော်လင့်ထားခဲ့သလို သူမကလည်း မျှော်လင့်ထားပြီး ဖြစ်၏။





"ကျော် ... မနက်ဖြန် Cafe Aroma မှာ ဆုံရအောင်ကွာ၊ မင်းကို ငါ ပြောစရာရှိလို့"

ဟူသော သူ့ရဲ့စကားသံတွင် သူမ ဘယ်လောက်တောင် ပျော်ဝင်ရင်ခုန်သွားခဲ့သလဲ ဆိုတာ ပြန်ပင် မတွေးရဲပါ။ ပြောစရာရှိလို့ ဟူသော ယောကျ်ားတစ်ယောက်ရဲ့ စကားနိဒါန်းသည် ဘယ်သို့ ဦးတည်လေ့ရှိကြောင်း သူမ ရိပ်မိနိုင်ခဲ့ပြီ။

"အေး ... ဘယ်နနာရီလဲ"

"ကိုးနာရီလောက်ပေါ့"

"အိုကေ"

ထိုနေ့က သူမ ထူးထူးခြားခြား အလှမပြင်စဖူး ပြင်ခဲ့မိပါသည်။ ဝတ်နေကျ တီရှပ်နှင့် ဂျင်းဘောင်းဘီ အစားအနည်းငယ် မိန်းကလေးဆန်သော ရှပ်အင်္ကျီကို စကတ်ရှည်တစ်ထည်ဝတ်လျက် မျက်နှာပြောင်ပေါ်မှာ ပန်းနုရောင်ဖျော့ နှုတ်ခမ်းဆိုးဆေးကို ပထမဆုံးအကြိမ် တင်ခဲ့မိခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ဆုံမိချိန်တွင် သူသည် သူမကို ငေးကြည့်ကာ ဆွံ့အ တိတ်ဆိတ်နေသည်မှာ အကြာကြီး။ သူ ရင်ခုန်နေသလား မသိပါ။ သူမကတော့ မယုံနိုင်လောက်အောင် ရင်ခုန်နေခဲ့ပါသည်။

"ခိုင် ... နင် ဘာပြောမှာလဲ၊ ပြောလေဟာ"

"အေးကွာ ... ကိုယ် ရုတ်တရက် ပြောလို့မထွက်ဘူး ဖြစ်နေတယ်၊ ဒါပေမဲ့ ဒီစကားတွေကိုလည်း ကိုယ် အကြာကြီး ဆက်မျိုသိပ် မထားချင်တော့ဘူးလေ"

"အေးလေ ... ပြောပါ"

ထိုအချိန်မှာ သူ့ကို သူမ ရဲရဲပင် မကြည့်ရဲပါ။ သိပ်မျှော်လင့် မွတ်သိပ်နေသော အရိပ်တွေကို သူ သတိထားမိသွားမှာ စိုးသောကြောင့် ဖြစ်သည်။ ထိုအချိန်မှာ သူက စကားတစ်ခွန်းကို အသည်းသာဆုံး ပြောခဲ့တာ ဖြစ်ပါသည်။





ဃ

"ကျော် ... မင်းကို ကိုယ် ချစ်မနေခဲ့ဘူးနော်၊ ကိုယ်က မင်းကို ချစ်နေတယ်လို့ မင်း ထင်နေမှာကို စိုးရိမ်လို့"

"ဘာ ..."

သူမ ရုတ်တရက် အသတ်ခံလိုက်ရသလို သေဆုံးသွားခဲ့ခြင်း ဖြစ်သည်။ မျက်နှာတစ်ပြင်လုံးသည် အက်ဆစ်ဖြင့် အပက်ခံလိုက်ရသူလို ချက်ချင်းပင် လှိုက်စားသွားကာ လောင်ကျွမ်းပျက်ကျသွား၏။

"နင် ... ဘာပြောလိုက်တယ် ခိုင်၊ နင် ရက်စက်လှချည်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် မင်းကို သူငယ်ချင်းတွေလို ချစ်တာ၊ မင်း မျှော်လင့်နေပြီး ပင်ပန်းနေမှာ စိုးတယ်၊ မင်းကို ကိုယ် မချစ်ဘူး"

"တော်စမ်းကွာ၊ နင့် ပါးစပ် ပိတ်ထားလိုက်စမ်းပါ နိုင်၊ နင့်ကို ငါ မျှော်လင့်နေမယ်လို့ ဘယ်သူတွေက ပြောသလဲ"

"သူငယ်ချင်းတွေက ပြောတယ်"

"သေလိုက်ပေါ့၊ နင် သေလိုက်ရင် ငါ ကျေနပ်တယ်"

သူမ သိပ်ရှက်သွားခဲ့ပါသည်။ ကော်ဖီခွက်ထဲမှ ကော်ဖီတွေဖြင့် သူ့ကို လှမ်းပက်လိုက်ခြင်းသည် သူမ၏ ထွက်ပေါက်ဖြစ်၏။ သူက ငြိမ်သက်စွာ ခံယူရင်း သူမကို ငေးကြည့်နေခဲ့သည်။

"မင်းကိုတော့ သူငယ်ချင်း တစ်ယောက်အဖြစ် ကိုယ် အဆုံးရှုံး မခံနိုင်ဘူး၊ ချစ်သူတွေလိုသာ မချစ်နိုင်တာ၊ မင်းကိုမှ မဟုတ်ဘူး၊ ဘယ်မိန်းမကိုမှ ကိုယ် မချစ်နိုင်တာ





ပါ၊ ကိုယ့်ရဲ့ ချစ်တတ်တဲ့ နှလုံးသားက အရွယ်မတိုင်ခင် ကတည်းက သေဆုံးသွားခဲ့ပြီးသားမို့ပါ ...

ကိုယ် လူပျိုပေါက်အရွယ်က ကိုယ့်ထက် အသက်နှစ်ဆကြီးတဲ့ မိန်းမတစ်ယောက်ကို သိပ်ချစ်ခဲ့ဖူးတယ်၊ သေလုမတတ်ကို ချစ်ခဲ့ဖူးတာ၊ သူ လက်ထပ်သွားခဲ့တယ်"

သူက နာကျင်နေသော မျက်နှာဖြင့် သူမကို ရှင်းပြနေသည်။

"ဒီစကားကို ကိုယ် ပြောခဲ့တာ မင်းကို စော်ကားချင်လို့ မဟုတ်ပါဘူးကွာ၊ ကိုယ့်လို ခံစားချက်မျိုးနဲ့ မင်း နာကျင်မှာစိုးလို့၊ မင်းရဲ့ မျှော်လင့်ချက်ကို ဆက်မရှင်သန်စေချင်လို့ပါ ...

မင်းနဲ့ကိုယ်ဟာ အမြဲတမ်း သူငယ်ချင်းပဲ"

သူမ မျှော်လင့်နေတာကို သူ သိခဲ့သည် ဆိုပါတော့။

သူမသည် အရှက်သည်းစွာ ရယ်မောလိုက်မိပြီး ...

"ဆောရီး ..."



www.burmeseclassic.com

www.burmeseclassic.com



ဟု တစ်ခွန်းသာ ပြောလိုက်နိုင်သည်။ အချစ်ဆိုတာ ဘဝတစ်လျှောက်လုံးမှာ တစ်ကြိမ်သာ ရှင်သန်တတ်ပါသလား၊ တစ်ခါ သေဆုံးပြီးသော အချစ်သည် နောက်တစ်ကြိမ် ထပ်မရှင်သန်နိုင်တော့ဘူးလား။

တိတ်တိတ်ကလေး မျှော်လင့်ခွင့်ရော သူမမှာ မရှိရဘူးလား။ သူမ သူ့ကို လိမ်လိုက်ဝါသည်။

"ရုတ်တရက်မို့ ငါ ရှက်သွားတာပါ ခိုင်ရယ်၊ ငါလည်း နင့်ကို ချစ်မနေခဲ့ပါဘူး၊ ပြီးတော့ နင့်ကို သူငယ်ချင်းတစ်ယောက် အနေနဲ့လည်း ငါ အဆုံးရှုံး မခံနိုင်ပါဘူး၊ ငါတို့ အရင်အတိုင်းပဲ သူငယ်ချင်းတွေပေါ့"

ဟု သူမက တည်တည်ငြိမ်ငြိမ် ပြောလိုက်ပြီးနောက် သူ့ကို လက်ကမ်းပေးလိုက်သောအခါ သူက အပြုံးရိပ်စွန်းစွန်းဖြင့် လက်ဆွဲနှုတ်ဆက်လိုက်လေသည်။



# ယုံတတ်ဆုပြိုင်



www.burmeseclassic.com

www.burmeseclassic.com



## က

ကျွန်တော့်ပုံပြင်ဟာ ပထမတော့ ရိုးစင်းလှတယ်လို့ ထင်လိမ့်မယ်။ ဒါပေမဲ့ ခင်ဗျားတို့ အဆုံးထိ နားထောင်ကြည့်ရင် ကျွန်တော်နဲ့ထပ်တူ ခံစားရမှာ အသေအချာပါပဲ။

ကျွန်တော်တို့ ယောက်ျားလေးတွေမှာ တူညီတဲ့ အိပ်မက်တစ်ခု ရှိတယ်ဗျ။ အဲဒါက ဘာလဲဆိုတော့ ကိုယ့်မိန်းက လေးကို ဆံပင်ရှည်ရှည် ယဉ်ယဉ်ကလေး ဖြစ်စေချင်တာပဲ။ ကျွန်တော် ဆံပင်ရှည်ရှည် မိန်းကလေးတွေမြင်ရင် တကယ်ရင် ခုန်တာဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း ကျွန်တော် ချစ်လို့ အသည်းအသန် လိုက်ယူကြိုးစားထားရတဲ့ မိန်းကလေးဟာလည်း ဆံပင်ရှည်ရှည် ကလေးပဲ။ သူမရဲ့ဆံပင်ဟာ ကျောလယ်ကျော်ကျော်ရှိပြီး ပိုးသား မျှင်ကလေးတွေလို တောက်ပြောင်နက်မှောင်နေခဲ့တာပါ။ ဆံပင် ကလေးတွေကို ဖားလျားချထားတဲ့ အခါချ။ ကျစ်ဆံမြီးကလေး တွေ ကျစ်ထားတဲ့အခါ ကျစ်ထားနဲ့ သိပ်ချစ်စရာ ကောင်းပါ တယ်။

ကျွန်တော် သူမကို အသည်းအသန် လိုက်ခဲ့ရတုန်း က သူမက ပြောခဲ့ပါတယ်။

"ရှင် ကျွန်မကို တစ်ချိန်မှာ အကြီးအကျယ် စိတ်ပျက် မသွားပါဘူးလို့ အာမခံနိုင်သလား"တဲ့ ...။

"လုံး၀ အာမခံတယ်။ ကျွန်တော် မယု အပေါ် ဘယ်တော့မှ စိတ်ပျက်မှာ မဟုတ်ဘူး။ သေချာတယ်"

"ဘယ်လိုအကြောင်းနဲ့ ဖြစ်ဖြစ်နော်"

"ဟုတ်ကဲ့"





"ကျွန်မ ရှင့်ကို မယုံဘူး။ ရှင် ဘုရားရှေ့မှာ သစ္စာဆိုရ မယ်""

"ဆိုမယ်"

ကျွန်တော်ကတော့ သူမ အစိုးရိမ်လွန်ခဲ့တာလို့ ထင်ပါတယ်။

ကျွန်တော့်ကို သူမက အဖြေမပေးခင် ဘုရားပေါ်မှာ အရင် သစ္စာဆိုရပါတယ်။

"အရှင်ဘုရား 'မယုယလွန်း'ကို ကျွန်တော် 'မိုးနိုင်'သည် သက်ထက်ဆုံး ရိုးမြေကျ သစ္စာရှိရှိ ချစ်သွားပါမည်။ မည် သည့် ချွတ်ယွင်းချက်ကိုမဆို ခွင့်လွှတ်သည်းခံပါမည်။ စိတ်မပျက် မစွန့်လွှတ်ပါဟု သစ္စာဆိုပါသည်။ ဤသစ္စာကို ပျက်ခဲ့ပါက ကျွန်တော့်ဘဝ တစ်လျှောက်လုံး စိတ်မချမ်း မသာ ဖြစ်ပါစေ။ မိုးကြိုးသည် ကျွန်တော်ရှိရာ တည့်တည့် သို့ ပစ်ခွင်းပါစေ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ သစ္စာဆိုပြီးမှ သူမက ကျွန်တော့်ကို ချစ်သူ ဖြစ်ခွင့် ပေးခဲ့တာပါ။





၁

ကျွန်တော်တို့ ချစ်သူဘဝဟာ တကယ်ပဲ အံ့သြဖွယ် ကောင်းခဲ့ပါတယ်။ သူမဟာ အင်မတန် စိတ်သဘောထား ဖြူစင် ရိုးဖြောင့်ပြီး ငြိမ်းချမ်းလှတဲ့ မိန်းကလေးပါ။ ကျွန်တော့်ကိုလည်း သူမက သိပ်ချစ်ရှာပါတယ်။ သူမရဲ့ စိတ္တဇ တစ်ခုက ဘာလဲဆို တော့ ကျွန်တော်ဟာ တစ်နေ့နေ့မှာ သူမကို စိတ်ပျက်ငြီးငွေ့သွား မှာပဲဆိုတဲ့ စိုးရိမ်ပူပန်တတ်တဲ့ စိတ္တဇပါပဲ။

သူမဟာ ကျွန်တော့်အချစ်ကို ရတဲ့အတွက် ပျော် လည်းပျော်နေသလို တစ်ခုခုကို စိုးရွံ့နေဟန်လည်း ရှိပါတယ်။ ကျွန်တော် မအားလပ်လို့ဖြစ်စေ၊ အလုပ်ရှုပ်လို့ဖြစ်စေ သူမဆီ



www.burmeseclassic.com

www.burmeseclassic.com



သုံး၊လေးရက် သွားမတွေ့ဘူးဆိုရင် သူမ မနေနိုင် မထိုင်နိုင် လောက်အောင် ဖြစ်ပျက်နေပြီ။ ဖုန်းတဂွမ်ဂွမ်ဆက်ပြီး သူမကို ကျွန်တော် ရိုးအီစိတ်ကုန်သွားပြီလား။ သူမအပေါ် ကျွန်တော် စိတ်ပြောင်းသွားပြီလား စသဖြင့် မဆုံးနိုင်အောင် မေးမြန်းလို့ မဆုံးတော့ပါဘူး။ ကျွန်တော်တောင် အံ့သြယူရတဲ့ အထိပါပဲ။

"ယုရယ် ... ကိုယ်ချစ်လွန်းလို့ အသည်းအသန် လိုက်ယူထားရတဲ့ ချစ်သူကို ကိုယ်က ဘာလို့ စိတ်ပျက်ရမှာလဲကွာ။ ဘယ်တော့မှ စိတ်မပျက်ဘူး။ မယုံရင် ကိုယ်တို့ လက်ထပ်ကြမယ်လေ။ တစ်ယောက်ကို တစ်ယောက် တစ်သက်လုံး ပိုင်ဆိုင်သွားအောင် ကိုယ်တို့ အမြန်ဆုံး လက်ထပ်ကြမယ်"

လို့ ကျွန်တော်က သူမရဲ့ ပူပန်သောကတွေ ပြေပျောက်စေဖို့ နှစ်ယောက်ဘဝကို တည်ဆောက်ကြဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ သူမကလည်း ပျော်ပျော်ရွှင်ရွှင် ဝမ်းသာအားရနဲ့ပဲ ကြည်ဖြူလက်ခံခဲ့ပါတယ်။





ကျွန်တော်တို့ရဲ့ မင်္ဂလာပွဲမှာ သူမဟာ ကျွန်တော့်ရဲ့ အလှဆုံး မိန်းကလေးပေါ့။ ကျွန်တော် သူ့ကို မြတ်နိုးမက်မောလို့ မဝခဲ့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



၈

ကျွန်တော်တို့ရဲ့ အိမ်ထောင်ဦး အစောပိုင်းကာလများဟာ အင်မတန်ပဲ ပျော်စရာ ကောင်းခဲ့ပါတယ်။ တစ်ယောက်နဲ့တစ်ယောက် အပေးအယူ မျှတစွာနဲ့ စည်းချက်ညီညီ လက်တွဲခဲ့ကြတာပါ။ သူမဟာ ကျွန်တော့်အပေါ် အင်မတန် အလိုက်တသိနဲ့ ချစ်ခင်ကြင်နာခဲ့ပါတယ်။

တစ်ရက်တော့ ကျွန်တော်နဲ့သူ ပဋိပက္ခတစ်ခု ဖြစ်ကြပါတယ်။ ပဋိပက္ခရဲ့ အစဟာ ဘာမှ မဟုတ်ပါဘူး။ နောက်ပြောင်ရာကနေ စခဲ့တာပါ။





ဘာရယ်မဟုတ် တီဗီအတူထိုင်ကြည့်ရင်း အထဲက မင်းသမီးက ခေါင်းတုံးပြောင် ဖြစ်နေတာကို ကျွန်တော်က ထိုင်ဟားခဲ့တာပါ။

"မိန်းမတွေကို ခေါင်းတုံးနဲ့ မြင်ရတာလောက် ငါသဘောမကျတာ မရှိတော့ဘူးကွာ။ ဟား ... ဟား ... ဟား ..."

မယ်သီလရှင်ကတော့ ထားပါတော့။ သူက သူ့ဝတ်စုံလေးနဲ့သူမို့ လိုက်ဖက်တင့်တယ်ပြီးသား။ အပြင်အဝတ်အစားနဲ့ ခေါင်းတုံးမကို ပြောတာပါ။ မိန်းမတို့ရဲ့ဘုန်းဟာဆံထုံးပဲ။ ဆံပင်ရှိမှ တင့်တယ်မှာပေါ့။ ဆံပင်မရှိတဲ့ မိန်းမကျတော့ ..."

ကျွန်တော့်စကား မဆုံးခင်မှာပဲ သူမက ဝုန်းခနဲ ခုန်ထပြီး ကျွန်တော့်ကို စူးစူးရဲရဲ ကြည့်ပါတယ်။

"ဆံပင်မရှိတဲ့ မိန်းမကျတော့ ဘာဖြစ်သလဲ။ ဘယ်မိန်းမက ဆံပင်မရှိဘဲ နေချင်မလဲ။ သူ့ရောဂါနဲ့သူ ဆံပင်မပေါက်



www.burmeseclassic.com

www.burmeseclassic.com



နိုင်တာ ခေါင်းတုံးဖြစ်နေတာကို ရှင်က ဘာသရော်ချင်နေရတာလဲ”

လို့ အသားလွတ်ကြီး ထအော်ပါတော့တယ်။ ကျွန်တော်က အံ့သြပြီး ...

“ဟာ ... ငါက ဘာသရော်လို့လဲ။ သရော်တော့လည်း ငါဘာသာငါ တီဗီထဲက ခေါင်းတုံးမကို သရော်တာ မင်းကို ဘာထိပါးလို့လဲ။ မင်းက ဘာလို့ ဒီလောက် ဆတ်ဆတ်ခါနာနေရတာလဲ”

လို့ ပြန်မေးတော့ သူမက သူမခေါင်းဆီကို လက်နဲ့သိမ်းပြီး တစ်ခုခု ဆွဲချွတ်သလို ချွတ်ယူလိုက်ပါတယ်။ ကျွန်တော် မျက်လုံးအဝိုင်းသားနဲ့ ငေးကြည့်နေမိချိန်မှာပဲ သူမ လက်ထဲမှာ ဆံပင်ကြီး တန်းလန်းပါလာခဲ့ပြီး ပြောင်ချောနေတဲ့ ခေါင်းတုံးနဲ့ သူမကို ရင်သပ်ရှုမော အံ့သြဘနန်းကြီး မြင်တွေ့လိုက်ရပါတယ်။





သူမ မျက်နှာပေါ်က အသားမျှင်တွေဟာ တလှုပ်လှုပ် နီရဲခုန်လှုပ်လျက် ...

“ဒါဆို ရှင် ဘာပြောမလဲ။ ကျွန်မ ဆက်ပြီး လျှို့ဝှက်ဖုံးကွယ်မထားနိုင်တော့ဘူး။ ဒီဆံပင်မရှိတဲ့ ကိစ္စကြောင့်ပဲ ရှင် ကျွန်မကို စိတ်ပျက်ငြီးငွေ့သွားမှာ။ ထားပစ်ခဲ့မှာကို ကျွန်မ နေ့စဉ်နဲ့အမျှ စိုးရိမ်ရင်မောခဲ့ရတယ်။ ရှင် မသိအောင် အမြဲဖုံးအုပ် ဟန်ဆောင်နေရတာကြီးကိုလည်း ကျွန်မ ဆက်ပြီး သည်းမခံနိုင်တော့ဘူး ...

ရှင်ဟာ ရုပ်ဝတ္ထုတွေကို သိပ်ဦးစားပေးလွန်းတယ်။ ဆံပင် မရှိတော့လည်း ဘာဖြစ်သလဲ။ ကျွန်မမှာ ချစ်တတ်တဲ့ နှလုံးသား ရှိတယ်။ ခံစားတတ်တယ်။ ဆံပင်အတု အမြဲစွပ်ထားရပေမဲ့ ဒါဟာ ရှင့်ကို ဘာမှ မထိခိုက်စေခဲ့ဘူး ...

ရှင့်အပေါ် ကျွန်မ တာဝန်မဲ့ကျေခဲ့တာ ဘာရှိသလဲ”



www.burmeseclassic.com

www.burmeseclassic.com



စသဖြင့် အသက်မရှုစတမ်း မရပ်မနား ရန်တွေ့အော်ဟစ်ပါတော့တယ်။ ကျွန်တော်လည်း အံ့သြလွန်းလို့ ဘာပြန်ပြောရမှန်း မသိဘဲ ပါးစပ်အဟောင်းသားနဲ့ အကြာကြီး ငြိမ်ပြီး သူမကို တမေ့တမောကြီး ငေးကြည့်နေမိပါတယ်။ သူမကလည်း အားပါးတရကြီး ပြောချင်တာတွေပြောပြီး ကျွန်တော့်ကို စိမ်းစိမ်းကြီး ကြည့်ပြီး တစ်စုံတစ်ခုကို ပူပန်စိုးထိတ်နေတဲ့ မျက်လုံးများက တဖျပ်ဖျပ် လက်နေပါတယ်။





ဃ

ကျွန်တော်တို့နှစ်ယောက် အဲဒီမျက်လုံးချင်း အကြာကြီးပဲ ဆုံခိုက် စိုက်နှစ်နေမိကြပါတယ်။ သူ့ကို ခေါင်းတုံးကြီးနဲ့ ကျွန်တော် တစ်ခါမှ မမြင်ခဲ့ဖူးဘူးလေ။ ဘယ်လောက် ပီရိလုံခြုံလိုက်တဲ့ မိန်းမလဲ။ ဆံပင်ရှည်ရှည် ဖြောင့်ဖြောင့်စင်းစင်းအတုကို အမြဲစွပ်ထားလိမ့်မယ်လို့ ကျွန်တော် ယောင်လို့တောင် မတွေးခဲ့မိဖူးပါဘူး။

ပထမဆုံး ကျွန်တော့်ရဲ့ တုံ့ပြန်မှုဟာ ကိုယ်ခန္ဓာတစ်ခုလုံး တသိမ့်သိမ့် လှုပ်ခါယိမ်းထိုးလာတဲ့အထိ ရယ်မိခြင်းပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါတယ်။ တဖြည်းဖြည်း အသံထွက်လာပြီး ကျွန်တော် ခွက်ထိုးခွက်လန် ရယ်မိပါတော့တယ်။

ကျွန်တော့် မိန်းမဟာ ဆံပင်လုံးဝမရှိတဲ့ ခေါင်းတုံးမ တစ်ယောက် ဖြစ်လာလိမ့်မယ် ဆိုတာ ကျွန်တော် လုံးဝကြိုမတွေးဝံ့တဲ့ ကံကြမ္မာရဲ့ လှည့်ကွက်တစ်ခုပဲ ဖြစ်ပါတယ်။

ခဏအကြာမှာ သူမကလည်း ကိုယ်ခန္ဓာတစ်ခုလုံး ယိမ်းထိုး တုန်ခါနေအောင် တသိမ့်သိမ့် ရယ်မောလျက် ရှိပါတယ်။

ကျွန်တော်တို့ နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အတော်ကြာအောင်ပဲ ရယ်မိကြပါတယ်။ ကျွန်တော့် စိတ်ထဲမှာတော့ အူတိအူကြောင်ကြီးနဲ့ ရယ်လည်းရယ်ချင်၊ ငိုလည်း ငိုချင်၊ ရင်ထဲမှာလည်း ဟာတာတာကြီးနဲ့ တစ်ခုခုကို ဆုံးရှုံးလိုက်ရသလိုလည်း ခံစားရပါတယ်။

"ကျွန်မကို ရှင် စိတ်ပျက်သွားပြီလားဟင်"

လို့ သူမ ပြုံးခဲ အရယ်ရပ်ပြီး မေးတော့ ကျွန်တော် ဘာပြန်ဖြေရမှန်း မသိဘဲ ခေါင်းသာ ခါပြလိုက်မိပါတယ်။





ခင်ဗျားတို့ စဉ်းစားကြည့်လေ။ စိတ်ပျက်မိတယ် ဆိုရင်လည်း ကျွန်တော်ဟာ အသုံးမကျတဲ့ သဘောထား သေးသိမ်တဲ့ ခပ်ညံ့ညံ့ ယောက်ျားတစ်ယောက် ဖြစ်ဦးမယ်။

စိတ်မပျက်ဘူး ဆိုရအောင်လည်း သူမ မျက်နှာကို ကြည့်လိုက်တော့ ခေါင်းတုံးကြီးနဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



# က

ကျွန်တော့်ဘဝမှာ ပထမဆုံး ဖွဲ့လမ်းရင်ခုန်ခဲ့ရတဲ့ မိန်းမတစ်ယောက် ရှိခဲ့ပါတယ်။

အဲဒီမိန်းမဟာ ကျွန်တော့်ထက်တော့ အသက်ဆယ်နှစ်ကျော်ကျော် ကြီးပါလိမ့်မယ်။

ဒါပေမဲ့ ကျွန်တော့်လို အချစ်အကြောင်း ရင်ခုန်တတ်စအရွယ်မှာ ကျွန်တော့်ရဲ့ မြင်ကွင်းထဲ အမြဲမြင်တွေ့ခွင့်ရနေတဲ့ သူမရဲ့ ထူးခြားလှပတဲ့ ရုပ်ရည်ဟာ ကျွန်တော့်ရဲ့ နှလုံးသားကို ရစ်ပတ်သိမ်းသွင်း သိမ်းပိုက်နိုင်ခဲ့တာ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နေတဲ့ ကန်ထရိုက်တိုက်ခန်းတွဲတွေနဲ့ သူမ
နေတဲ့ ကန်ထရိုက်တိုက်ခန်းတွဲကြီးဟာ မျက်နှာချင်းဆိုင်ပဲ ဖြစ်နေ
တာကြောင့် ကျွန်တော် ဝရန်တာမှာ ထွက်ရပ်လေတိုင်း သူမကို
မြင်တွေ့ရတတ်ပါတယ်။

တစ်ခါတစ်ရံမှာ သူမက လှတပတ ပြင်ဆင်ဝတ်
စားပြီး ဝရန်တာရှေ့မှာ ထွက်ရပ်နေလေ့ ရှိတတ်ပါတယ်။

သူမဝတ်လေ့ရှိတဲ့ ဝတ်စားဆင်ယင်ပုံဟာ သူမရဲ့
ကိုယ်ခန္ဓာအလှကောက်ကြောင်းတွေကို ထင်ရှားပီပြင်စွာ ဖော်ပြ
နေတတ်တဲ့ ကိုယ်ကျပ်စပို့ရှပ်တွေနဲ့ စကပ်ကျပ်ကျပ်တွေ ဖြစ်တတ်
ပါတယ်။

သူမကို မြင်ရလေတိုင်း ကျွန်တော့်ရင်ထဲမှာ ရယ်ချင်
လာသလို၊ ငိုချင်လာသလိုနဲ့ မုန်တိုင်းတစ်ခု ဝင်မွှေ့သွားသလို
ပြောမပြတတ်တဲ့ ခံစားချက်တစ်မျိုးနဲ့ ရူးမူးနေတတ်ပါတယ်။

အဲဒီလို သူမကို ဆောင့်ကြည့်နေရတဲ့ အရသာကိုက
ကျွန်တော့်အတွက် ဘာနဲ့မှမလဲနိုင်တဲ့ ထူးဆန်းအံ့သြဖွယ် အရသာ





တစ်မျိုးပါပဲ။ အချစ်ဆိုတာ ဘာလဲလို့ ကျွန်တော့်ကို လာမေးရင်
မဖြေတတ်တာ အမှန်ပဲ။ ဒါပေမဲ့ သူမကို မြင်လိုက်ရတဲ့အခါတိုင်း
ကျွန်တော့်ရင်ဟာ တဒိတ်ဒိတ် ခုန်နေရတဲ့ အရသာကိုပဲ ကျွန်တော်
က အဲဒါအချစ်လို့ ဘာသာပြန်လိုက်မယ်ဆိုရင် သူမဟာ ကျွန်တော့်
ရဲ့ ပထမဆုံး အချစ်ဦးပါပဲ။

ကျွန်တော်နဲ့ သူမဟာ တစ်ခါတစ်ရံ မျက်လုံးချင်း
ဆုံလေ့ရှိတတ်ပါတယ်။ သူမက ကျွန်တော့်လို ချာတိတ်ကလေး
တစ်ကောင်ကို လှပတဲ့ ချစ်စဖွယ် အပြုံးကလေးနဲ့ ပြုံးပြတတ်လေ့
ရှိပါတယ်။ အဲဒီအခါမျိုးမှာ ကျွန်တော်ဟာ ဝရန်တာကနေ ဒိုင်
ဗင်ထိုး ခုန်ချချင်စိတ်ပေါက်လောက်အောင် နှလုံးသားတွေ တိမ်း
မူးလှုပ်ရှား ဖြောင်းဆန်သွားတတ်ပါတယ်။

တစ်ခါတစ်ရံမှာတော့ ကျွန်တော့် သူငယ်ချင်းတွေနဲ့
အတူ ဝရန်တာထွက်ပြီး ဂစ်တာတီး သီချင်းဆိုလေ့ရှိတဲ့ အခါတိုင်း
ကျွန်တော် ဆိုသမျှ သီချင်းတိုင်းဟာ သူမကို ရည်ရွယ်ပြီး မမ
အကြောင်း စပ်ဆိုထားတဲ့ သီချင်းတွေသာ ဖြစ်လေ့ရှိတတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူမကတော့ ကျွန်တော် သူမကို အရှုးအမူး စွဲလမ်းရှူးသွပ်နေတာကို သိသလား၊ မသိဘူးလားတော့ မသေချာပါ။ ဒါပေမဲ့ သူမကို ကြိုက်ကြတဲ့လူတွေ မရေတွက်နိုင်အောင် ရှိနေတာ ကျွန်တော် သိပါတယ်။





၈

သူငယ်ချင်းတွေနဲ့ ကျွန်တော် ဆုံလေ့ရှိတဲ့အခါတိုင်း သူငယ်ချင်းတွေ ပြောလေ့ရှိတတ်တဲ့ အကြောင်းအရာဟာ ကောင်မလေးတွေ အကြောင်းပဲလေ။ များသောအားဖြင့် ရွယ်တူအတန်းထဲက ကောင်မလေးတွေအကြောင်းပေါ့လေ။ အဲဒီလိုအခါတိုင်းမှာ ကျွန်တော်က တိတ်တိတ်ဆိတ်ဆိတ် နားထောင်သူသက်သက်ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် စိတ်ဝင်စားနေတဲ့ မိန်းကလေးဟာ ကျွန်တော့်ထက် အသက်အများကြီးပိုကြီးတဲ့ မိန်းမတစ်ယောက် ဖြစ်နေတယ် ဆိုတာကို သူငယ်ချင်းတွေဆီမှာ



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ဟ ဝန်ခံဖို့ ကျွန်တော် နည်းနည်းရှက်နေလို့ပါ။ သူငယ်ချင်းတွေက ကျွန်တော့်ကို ဟားတိုက်လှောင်ပြောင် ရယ်မောပစ်လိုက်မှာကို ကျွန်တော် အကြောက်ဆုံးပဲ။

အခုဆိုရင် ကျွန်တော့်ရဲ့ သူငယ်ချင်းတိုင်းမှာ မိန်းကလေးတွေ ကိုယ်စီရှိနေကြပြီလေ။ အဲဒီ မိန်းကလေးတွေအားလုံးဟာ သူတို့ရဲ့ အချစ်ဦးတွေပါ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဘဝမှာ ပထမဆုံး စချစ်ကြတဲ့ ချစ်သူတွေ ဖြစ်လို့လေ။

အချစ်ဆိုတဲ့ စကားဟာ နှုတ်ဖျားကနေ ဖွဖွကလေး ရေရွတ်လိုက်တဲ့ အချိန်မှာတောင် နှလုံးသားထဲ ရှိန်းမြဲဖိုလှိုက်သွားအောင် ဆွဲဆောင်ညှို့ငင်နိုင်စွမ်း ရှိလှတာမို့ အချစ်ဦးဆိုတာရဲ့ တန်ဖိုးဟာ အင်မတန် ကြီးပါတယ်။

ကျွန်တော့်ရဲ့ အချစ်ဦးကတော့ အဲ့ဒီ မမပေါ့ဗျာ။ ဒါပေမဲ့ ကျွန်တော့်ရဲ့ အချစ်ဦးဟာ ကျွန်တော့်ထက် ဆယ်နှစ်ပိုကြီးတဲ့၊ ကျွန်တော့်ထက် အတွေ့အကြုံများစွာ ပိုရှိတဲ့၊ ပိုရင့်ကျက်တည်ငြိမ်တဲ့ မမကြီး တစ်ယောက် ဖြစ်နေခဲ့တာကိုတော့ ကျွန်တော်





ဘယ်သူ့ကိုမှ ပြောမပြဖြစ်ခဲ့ပါ။ ရင်ထဲက တိတ်တိတ်ကလေးပဲ။

တစ်ခါတလေတော့ ကျွန်တော် အရူးအမူးပဲ စွန့်စားပစ်လိုက်ချင်စိတ်တွေနဲ့ ရူးနေတတ်တယ်။ အဲ့ဒီမမရဲ့ ချစ်သူတစ်ယောက်လည်း ဖြစ်ခွင့်ရချင်တယ်။ သူမကို ပိုင်စိုးချင်တယ်။ သူမရဲ့ဘေးမှာ သူမရဲ့ လက်ကလေးကို ဖွဖွဆုပ်ပြီး လူတွေကြားထဲမှာ ခေါင်းမော့ရင်ကော့ပြီး ရဲရဲဝံ့ဝံ့ကြီး ဖြတ်လျှောက်သွားချင်တယ်။ မမနဲ့သာ ချစ်သူဖြစ်ရရင် ကျွန်တော်ဟာ သူရဲကောင်းတစ်ယောက် ဖြစ်လာမှာ အသေအချာပါပဲ။

ဒါပေမဲ့ ခက်တာက ကျွန်တော့်ဘဝမှာ တစ်ခါမှ ချစ်သူလည်း မထားခဲ့ဖူးတော့ မိန်းမတစ်ယောက်ကို ဘယ်လိုလိုက်ရမလဲ၊ ဘယ်လိုပိုးပန်းရမလဲ ဆိုတာ ကျွန်တော် တော်တော်ဦးနှောက်စားပါတယ်။ သူငယ်ချင်းတွေကိုလည်း ဖွင့်မတိုင်ပင်ဖြစ်တော့ ပိုဆိုးတာပေါ့။ အဲ့ဒီတော့ ကျွန်တော် တစ်ယောက်တည်းကြိတ်မှိတ်ပြီး မမကိုချစ်တဲ့ အချစ်တွေကို ရင်ထဲမှာ သိမ်းကျုံးပြီး



www.burmeseclassic.com

www.burmeseclassic.com



မွေ့ဖက်ထားရင်း တိတ်တခိုး အချစ်ရူးသမားကလေး ဖြစ်ခဲ့တာ ပေါ့ဗျာ။

ကျွန်တော့်ရဲ့ ည,ည အိပ်မက်တွေဟာ မမနဲ့သာ ပြည့်နှက်နေခဲ့ပါတယ်။ ကျွန်တော် ကဗျာတွေလည်း ရေးတတ်ခဲ့ပြီ။ ဘာဖြစ်လို့လဲဆိုတော့ အချစ်နဲ့တွေ့တဲ့အခါ လူသားတိုင်းဟာ ကဗျာဆရာတွေ ဖြစ်သွားတတ်ကြတာကိုး။



BURMESE CLASSIC .com



၈

တစ်ကြိမ်တော့ ကျွန်တော် မမရဲ့နောက်ကို အရဲစွန့်ပြီး သူမ မသိအောင် တိတ်တဆိတ် လိုက်ကြည့်ခဲ့ဖူးပါတယ်။ မမကို မြင်ရတဲ့သူတိုင်းဟာ မျက်ဝန်းအကြည့်တွေ တလက်လက်တောက်ပစွာနဲ့ သမင်လည်ပြန် လိုက်ကြည့်ကြတာကို ကျွန်တော့်စိတ်ထဲ မနာလိုသလို၊ သဝန်တိုသလို ခံပြင်းမိပါတယ်။ ဒါပေမဲ့ ကျွန်တော် ဘာတတ်နိုင်မှာလဲ။ ကျွန်တော်ကမမရဲ့ချစ်သူမှ ဖြစ်ခွင့်မရသေးတာ။



www.burmeseclassic.com

www.burmeseclassic.com



မမရဲ့ချစ်သူ ဖြစ်ခွင့်ရအောင် ကျွန်တော် ဘာလုပ်ရင် ကောင်းမလဲ။ သူငယ်ချင်းတွေဆီက အကြံဉာဏ်လည်း မတောင်းရဲဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူငယ်ချင်းတွေအားလုံးက သိရင် ကျွန်တော့်ကို ဝိုင်းပြီးတားမြစ်ကြမှာ အမှန်ပဲလေ။

ကျွန်တော့် သူငယ်ချင်းတွေက သူတို့ရည်းစားတွေနဲ့ ရုပ်ရှင်အတူကြည့်ကြတဲ့အခါ၊ ဒါမှမဟုတ် ပန်းခြံတွေ ဘာတွေ သွားတဲ့အခါ ကျွန်တော် တစ်ယောက်တည်း အဖော်မဲ့ပြီး ငေါင် နေတတ်တော့ သူငယ်ချင်းတွေက ကျွန်တော့်ကို မေးပါတယ်။

"ဟေ့ကောင် ... မင်းမှာ ခုထိ ချစ်သူ မရှိသေးတာ ဘာကြောင့်လဲ ... ငါတို့ကို အားမကျဘူးလား။ အချစ်ဆိုတဲ့ အရာက သိပ်ချိုမြိန်တယ်ကွ၊ မင်း မြည်းမကြည့်ချင်ဘူးလား။ အချစ်ဆိုတာ လူတစ်ယောက်ရဲ့ဘဝကို သိပ်အဓိပ္ပာယ် ရှိသွားစေတယ်"

လို့ ပြောကြတဲ့အခါတိုင်း ကျွန်တော် ပြုံးပြုံးကလေး ငြိမ်သက်နေရုံကလွဲလို့ ကျွန်တော် ဘာမှ မတုံ့ပြန်ခဲ့ပါဘူး။





မမရဲ့နောက်ကို သူ မသိအောင် တိတ်တဆိတ်လိုက် ကြည့်ရတဲ့ အခြေအနေကထက် ပိုပြီး ထူးခြားတိုးတက်မလာတာဟာ ကျွန်တော်ကပဲ ညံ့လို့လား။ ဒါမှမဟုတ် သတ္တိမရှိလို့လား။ သေချာတာကတော့ ကျွန်တော်ဟာ မမကို ကြောက်နေတာပါပဲ။ မမနဲ့တွေ့ရင် ကျွန်တော်ဟာ စကားလုံးတွေအားလုံး ပျောက်ဆုံးပြီး ဆွံ့အ ထုံကျဉ်ပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ခြေလှမ်းတွေမှားပြီး ခြေဖျားလက်ဖျားတွေ အေးစက်တုန်ယင်သွားတတ် လေတော့ ဒီ့ထက်ပိုပြီး ကျွန်တော် ဘာမှ ပိုမစွန့်စားရဲတော့ဘူးလေ။

တစ်ခါတစ်ခါတော့ မမဟာ ကျွန်တော့်ရဲ့ အချစ်ဦး ဆိုပေမဲ့ ဒဏ္ဍာရီထဲက နတ်သမီးလေး တစ်ပါးလို မထိရက်၊ မတို့ရက် အလှကြည့်နေရုံနဲ့ပဲ ပြီးသွားရမဲ့ အချစ်ဦးမျိုးလားတော့ မပြောတတ်တော့ပါဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



ဃ

အဲဒီနေ့က တော်တော်ဆိုးရွားပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော်တို့ ဆယ်ကျော်သက် ကောင်လေးတွေရဲ့ဘဝမှာ ပထမဆုံးအနေနဲ့ လူလားမြောက်၊ မမြောက် စမ်းသပ်ကြတဲ့ မဟာစွန့်စားခန်းကြီး တစ်ခုကြောင့်ပါ။ ယောက်ျားတစ်ယောက်ရဲ့ ဘဝမှာ ပထမဆုံး စိတ်ဝင်တစား၊ စိတ်လှုပ်ရှားစွာနဲ့ စမ်းသပ် စပ်စုကြည့်တဲ့ အလုပ်ဟာ နှစ်မျိုးပဲ ရှိပါတယ်။

ပထမအလုပ်က စီးကရက် စသောက်ကြည့်ခြင်းဖြစ်ပြီး၊ ဒုတိယ အလုပ်ကတော့ အဲဒီကိစ္စ ဖြစ်ပါတယ်။ အဲဒီကိစ္စ





နှစ်မျိုးလုံးကို အောင်မြင်ကျွမ်းကျင်စွာ လုပ်နိုင်ခဲ့ပြီဆိုရင် ကျွန်တော်တို့ဟာ လူဖြစ်ပြီလို့ ကိုယ့်အပေါင်းအသင်းတွေကြားမှာ သူ့ရဲကောင်းတစ်ယောက်အဖြစ် လက်မထောင်ခွင့် ရှိတာကိုး။

အဲဒီနေ့က ကျွန်တော်တို့ သူငယ်ချင်းတွေ စုစုပေါင်း ငါးယောက်စလုံး စိတ်လှုပ်ရှားလျက် ရှိပါတယ်။ တကယ် အခြေအနေပေးခဲ့တာက မိသားစုတွေအားလုံး ခရီးထွက်သွားပြီး အိမ်စောင့်အဖြစ် တစ်ယောက်တည်းသာ ကျန်ခဲ့တဲ့ ညီဇော်က အဲဒီဗာတ်လမ်းကို စခဲ့တာပါ။ ကျန်တဲ့သူငယ်ချင်းတွေကလည်း မငြင်းကြဘူးလေ။ အားလုံးက အပျော်လက်တည့်စမ်းကြည့်ကြမဲ့ သူတွေချည်းပဲ။ အဲဒီတော့ ကျွန်တော်လည်း ဘယ်ငြင်းသာတော့မလဲ။

ဒါပေမဲ့ အဲဒီကိစ္စကို တွေးကြည့်လိုက်မိတိုင်း ကျွန်တော့်ရင်တစ်ခုလုံး နွေးမြသွားပြီး လှိုက်ဖိုရှိန်းမြနေပါတယ်။ ကျွန်တော် သိပ်တန်ဖိုးထားတဲ့ ကျွန်တော့်မမများ သိရင် ကျွန်တော့်ကို စက်ဆုပ်ရွံရှာသွားမလား မသိဘူးနော်။ အို ... ဒီကိစ္စဟာ ဘယ်သူမှ မမြင်ရတဲ့၊ မသိနိုင်တဲ့ မျက်ကွယ်မှာ ဖြစ်တာပဲလို့

www.burmeseclassic.com



ကျွန်တော့်ကိုယ်ကျွန်တော် နှစ်သိမ့်ဖျောင်းဖျရင်း သူငယ်ချင်းတွေနဲ့ မျက်နှာပူပူပဲ ညီဇော့် အိမ်ကို လိုက်သွားခဲ့မိပါတယ်။

ကျွန်တော့်ဘဝမှာ အဲဒီကိစ္စဟာ အမှားယွင်းကြီးတစ်ခု၊ အမည်းစက်ကြီးတစ်ခု ဖြစ်သွားမလား။ တကယ်တမ်းတွေးကြည့်လိုက်ရင် ဒါဟာ စွန့်စားခန်းတစ်ခုပဲ။ သိပ်အံ့သြစရာကောင်းတဲ့ အတွေ့အကြုံသစ်တစ်ခု၊ စွန့်စားခန်းတစ်ခုလည်း ဖြစ်တယ်လေ။

BURMESE CLASSIC .com

“ဟော့ကောင် ညီဇော် ... မင်း ကြည့်လည်းလုပ်ဦးနော်၊ တော်ကြာ ရောဂါတွေ ဘာတွေ ရနေဦးမယ်”

လို့ ကျွန်တော်က ညီဇော့်ကို သွေးတိုးစမ်းတဲ့အနေနဲ့ သတိပေးပါသေးတယ်။ ဒါပေမဲ့ ညီဇော့်ရဲ့ မျက်နှာက အေးအေးဆေးဆေးပါပဲ။

“ဟာ ... ဟော့ကောင်၊ အဲဒါတော့ မပူနဲ့ဆရာ၊ တကယ်သန့်တယ်ကွ၊ အနိပ်စား အသန့်စား၊ မင်းမြင်ရင် အံ့သြသွားမယ်၊ လုံးဝ အဲဒါလို့ မထင်ရဘူးနော်”





“မင်း ဘယ်မှာ သွားရှာတာလဲ”

“ဒါကတော့ အဆက်အသွယ်တွေ ရှိတာပေါ့ကွာ၊ ဟော့ကောင် ... စကားများမနေနဲ့၊ အိမ်မှာလူကြီးတွေ ဘယ်သူမှ မရှိတုန်းမို့ မင်း ဒီအခွင့်အရေးကြီး ...”

ကျွန်တော် ဘာမှ ဆက်မပြောဖြစ်တော့ဘဲ ငြိမ်နေလိုက်ပါတော့တယ်။ ဒါဟာ မမ အပေါ် သစ္စာဖောက်မိခြင်းလား၊ ကျွန်တော် မတွေးတတ်ပါ။ မမကို မြင်ရင် ခြေဖျားလက်ဖျားတွေ အေးစက်ထုံကျဉ်ပြီး စကားတောင် ဟဟမပြောရခဲ့တဲ့ ကျွန်တော်ဟာ ကြေးစားမိန်းမတစ်ယောက်ရဲ့ ရင်ခွင်ထဲကို ဝင်ဖူးခဲ့ပြီဆိုတာ မမက တွေးမိမှာတောင် မဟုတ်ဘူးနော်။

အဲဒီလိုနဲ့ ညီဇော်တို့အိမ်မှာ ကျွန်တော်တို့ သူငယ်ချင်းတစ်အုပ် ဆုံဖြစ်ကြပါတယ်။

“ငါ သွားခေါ်လိုက်ဦးမယ်”

ညီဇော်နဲ့ သူငယ်ချင်းတစ်ယောက် ကားနဲ့ ထွက်သွားကြချိန်မှာ ကျန်တဲ့သူငယ်ချင်းတွေက ပေါက်တတ်ကရတွေ လျှောက်ပြောပြီး တဟီးဟီး တဟားဟား ရယ်မောလျက် ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဒီအိမ်ကနေ ထပြန်ဖို့ အကြိမ်ကြိမ်ပဲ စဉ်းစားပါသေးတယ်။ ချစ်သူတောင် ဖြစ်ခွင့်မရသေးတဲ့ မမ အပေါ် ကျွန်တော် သစ္စာစောင့်သိသင့်တာပေါ့။ ကျွန်တော့်ရဲ့ အချစ်ဦး မိန်းမတစ်ယောက်အပေါ် ကျွန်တော် တန်ဖိုးထားတယ် ဆိုရင် ဒီလိုကိစ္စမျိုးကို သူ့ကွယ်ရာမှာတောင် ကျွန်တော် မကျူး လွန်သင့်ဘူးလေ။

"ဟော့ကောင်တွေ ... ငါ ပြန်ရင်ကောင်းမယ်ကွာ"

လို့ သူငယ်ချင်းတွေကို စကားဟမိတော့ သူငယ် ချင်းတွေရဲ့ လှောင်ပြောင်သရော်တဲ့ မျက်ဝန်းတွေကို ရင်ဆိုင်ရ ပါတယ်။

"ဘာလဲ ... မင်း သတ္တိမရှိဘူးလား၊ မင်းအကြောင်းတွေ ပေါ်ကုန်မှာစိုးလို့လား၊ ဒါမှမဟုတ် မင်းက အခြောက်လား"

စတဲ့ မခံချင်အောင် ဝိုင်းပြောနေကြတဲ့ သူငယ်ချင်း တွေရဲ့ အသံတွေအောက်မှာ ကျွန်တော် မျက်လုံးတွေ စုံမှိတ်ပြီး ငြိမ်သက်စွာ ပြန်ထိုင်နေခဲ့ပါတယ်။ ကျွန်တော် မပြန်ဖြစ်တော့ပါ။





ခဏအကြာမှာ ကားဟွန်းသံနဲ့အတူ ညီဇော်တို့ ပြန်ရောက်လာတဲ့ အသံတွေ ကြားရပါတယ်။ သူငယ်ချင်းတွေရဲ့ မျက်နှာတွေမှာ ဝင်းလက်တောက်ပတဲ့ ရမ္မက်ရဲ့အရောင်တမျိုး ကို ကျွန်တော် တွေ့နေရပါတယ်။

မကြာခင်မှာ ကျွန်တော်တို့ ရှိနေတဲ့ အခန်းထဲကို ပြုံးစိစိ မျက်နှာပေးနဲ့ ညီဇော်တို့ ဝင်လာကြပါတယ်။ တစ်ယောက် နဲ့တစ်ယောက် မျက်နှာရိပ် မျက်နှာကဲတွေနဲ့ စကားအထာတွေ အပြန်အလှန် ပြောနေကြရင်း သူတို့နောက်မှာ ပါလာတဲ့ ထိုမိန်းမ ဆီ ကျွန်တော် အပါအဝင် အားလုံး စိတ်ဝင်တစား စောင့်ကြည့် လျက် ရှိပါတယ်။

တဖြည်းဖြည်း မြင်ကွင်းထဲကို ရောက်လာတဲ့ မိန်းမ တစ်ယောက်ကို မြင်လိုက်ရတဲ့အချိန်မှာ ကျွန်တော့်ရင်ထဲ ဒိန်းခနဲ ပေါက်ကွဲမြည်ဟည်းသံကြီးတစ်ခု ကျယ်လောင်စွာ ပေါက်ကွဲသွား ပါတယ်။ ကျွန်တော် မြင်လိုက်ရတဲ့ မျက်နှာတစ်ခုဟာ ကျွန်တော် စိတ်စွဲလမ်းနေတာကြောင့် မဟုတ်တာ သိပ်ကို သေချာပါတယ်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အသက်ရှူသံတွေ ရုတ်တရက် ရပ်တန့်သွားပြီး ကျွန်တော် ဖျတ်ခနဲ သေဆုံးသွားသလို နာကျင်ဆို့ကျပ်စွာနဲ့ သူမကို ငေးကြည့်နေမိချိန်မှာ ... သူမနဲ့ မျက်လုံးချင်း ဆုံမိကြပါတယ်။ အဲဒီအချိန်မှာ ဖျတ်ခနဲ ပြုံးပြလိုက်တဲ့ သူမရဲ့အပြုံးကို ကျွန်တော် လက်ခံလိုက်ရတဲ့ အချိန်မှာ ကျွန်တော့် ရင်ဘတ်တစ်ခုလုံး အက်ဆစ်နဲ့ အပက်ခံလိုက်ရသလို လောင်ကျွမ်းလှိုက်စားသွားပါတော့တယ်။

ကျွန်တော် တသသ စွဲလမ်းစုံမက်ခဲ့ရတဲ့ ကျွန်တော့် အချစ်ဦး မိန်းမရဲ့ အပြုံးလေ။

BURMESE CLASSIC .com





www.burmeseclassic.com

www.burmeseclassic.com



၈

လူအများစုကတော့ ကျွန်မကို ကံကောင်းတဲ့ မိန်းကလေးလို့ မှတ်ချက်ပေးကြမှာ သေချာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက သိပ်ကိုတော်တဲ့၊ ကျော်ကြားလှတဲ့ ယောကျ်ားတစ်ယောက်ရဲ့ချစ်သူ ဖြစ်နေလို့ပါပဲ။

အဲဒီလူဟာ စီးပွားရေးလောကမှာ အလွန်ကျော်ကြားထက်မြက်တဲ့လူ။ အသက်ငယ်ငယ်နဲ့ စီးပွားရေးလောကရဲ့ ထိပ်တန်းနေရာတစ်နေရာမှာ ရောက်နေတဲ့သူ။ အရာရာကို ဦးဆောင်နိုင်တဲ့ သတ္တိရှိသူ။ ရဲရင့်ထက်မြက်တဲ့ လူတော်တစ်ယောက်ဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူ့ရဲ့ ရုပ်ရည်ဟာ မြင်တွေ့ဖူးနေကျ စီးပွားရေးသမားတွေထက် အဆပေါင်းများစွာ အဆင်ပြေ ချောမွေ့ပြေပြစ်ပါတယ်။

သူ့ဘေးနားမှာ ကျွန်မ ရှိနေတဲ့ အချိန်တိုင်း လူတကာရဲ့ အားကျဂုဏ်ယူတဲ့ ငေးမောအကြည့်တွေကို ကျွန်မ လက်ခံရရှိတတ်ပါတယ်။ အဲဒီအချိန်တွေတိုင်းမှာ ကျွန်မရဲ့ တစ်ခုတည်းသော ပျော်ရွှင်ဂုဏ်ယူမှုဟာ သူ့ကို ပိုင်ဆိုင်ရရှိထားတဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ သိပ်ကောင်းမွန် အစွမ်းထက်လွန်းတဲ့ အရာတွေရဲ့ နောက်ကွယ်မှာ ဆိုးရွားတဲ့ ဘေးထွက် ဆိုးကျိုးတွေ ရှိနေတတ်ကြောင်းကို ကျွန်မ မသိမြင်မီခင် အချိန်အထိတော့ သူ့ရဲ့ချစ်သူ ဖြစ်ခွင့်ရတာဟာ ကျွန်မအတွက်တော့ စုံမက်ဖွယ်ရာဆုလာဘ်တစ်ခု ဖြစ်ခဲ့တာပေါ့။





၆

သူဟာ သာမန်ယောကျ်ားတွေထက် ပိုပြီး သူ့ကိုယ်သူ အထင်ကြီးတတ်တဲ့ ယောကျ်ားတစ်ယောက်ပါ။ သူ့ကိုယ်သူ သိပ်အထင်ကြီးတတ်တာနဲ့အမျှလည်း သူတစ်ပါးတွေ အပေါ် လိုအပ်တာထက် ပိုပြီး အထင်သေး လျှော့တွက်လေ့ရှိပါတယ်။ အရာရာကို သူသာ ပိုသိသူ၊ သူ့လောက် ဘယ်သူမှ မသိသေးဘူးလို့ ထင်နေတဲ့သူလေ။

အထူးသဖြင့်

တူလုပ်ကြတဲ့အခါ

လုပ်သာ



www.burmeseclassic.com

www.burmeseclassic.com



"မင်း ကိုယ့်လောက် မသိပါဘူးကွာ"

"မင်း နားမလည်ဘဲ အသာနေစမ်းပါ"

"ရှတ် ... ဟန်နီ၊ တိတ်တိတ်နေလိုက်၊ ဒီကိစ္စကို ကိုယ် အစအဆုံး စီစဉ်သွားမယ်၊ ဟန်နီ ဘေးကနေ ငြိမ်ငြိမ်လေး လက်ပိုက်ကြည့်နေလိုက်"

ဆိုတဲ့ စကားတွေဟာ သူ့ရဲ့ မှုပိုင်သင်္ကေတတွေပါ။ ဘယ်ကိစ္စမဆို သူနဲ့ ကျွန်မ အပြင်းအထန် ငြင်းခုန်ကြတဲ့အခါ သူသာလျှင် အမှန်၊ ကျွန်မက အမြဲမှားရသူပါ။ သူ ဘယ်လောက်ပဲ မှားနေပါစေ သူ မှားကြောင်းကို ဘယ်တော့မှ ဝန်ခံလေ့မရှိတတ်ပါ။ ပြီးတော့ တော်သူတို့ရဲ့ ထုံးစံအတိုင်း သူက အလွန်အတ္တကြီး တတ်ပါသေးတယ်။

ဆုလာဘ်တစ်ခု ဖြစ်ခဲ့တဲ့ ကြီးတာ၊ တစ်ကိုယ်ကောင်း ဆန်တာ၊

ချစ်သူတစ်ယောက်အတွက်

ရာပေးတတ်တာ၊

အချစ်





ဆိုတဲ့အရာဟာ သူ့ဘဝအတွက် အလွန်သေးမျှင် မှုန်ဝါးသော အပိုင်းအစသေးသေးကလေးမျှသာ ဖြစ်တာ စတဲ့ ဆိုးကျိုးတွေဟာ ဘယ်သူကမှ မသိရတဲ့ ကျွန်မကို သူပေးတဲ့ Side Effects (ဘေးထွက်ဆိုးကျိုးတွေ)ပါ။



www.burmeseclassic.com

www.burmeseclassic.com



၈

သူနဲ့အတူ ပွဲလမ်းသဘင်တွေ၊ ပါတီတွေမှာ အတူတွဲတက်ရတိုင်း ကျွန်မဟာ သူ့ဘေးမှာ လှလှပပ ယဉ်ယဉ်ကျေးကျေး အဆင့်အတန်းရှိရှိ ပြင်ဆင်ထုံးဖွဲ့ပြီး အပြုံးကလေးဖွဖွနဲ့ ထိုင်နေရတာထက် ဘာမှ ပိုပြီး အသုံးမဝင်တာကို ကျွန်မ တဖြည်းဖြည်း ခံစားသိမြင်လာချိန်မှာ ကျွန်မ တစ်ခုခုကို ကြောက်ရွံ့တုန်လှုပ်မှုဟာ သူ့ကို ချစ်မြတ်နိုးလေးစားတဲ့ ကိုးကွယ်မှုတွေကိုတော့ တစ်စထက်တစ်စ တိုက်စားပစ်လာခဲ့တာပါ။





ကျွန်မဟာ သူ့ရဲ့ သိပ်လှတဲ့ ယမင်းရုပ်ကလေးကလွဲလို့ ဘာအဖိုးမှ မတန်တော့ပါလား ဆိုတာ သိလာခဲ့တာနဲ့အမျှ သူနဲ့ လက်ထပ်ဖို့ တဖြည်းဖြည်း တွန့်ဆုတ်လာခဲ့မိတာဟာ ကျွန်မကလွဲလို့ ဘယ်သူကမှ မျှဝေမခံစားနိုင်မဲ့ ဆန်းကျယ်တဲ့ ခံစားမှုတစ်ခု ဖြစ်ပါတယ်။

ကျွန်မတို့မှာ သူများ ချစ်သူစုံတွဲတွေလို အင်းယားကန်ပေါင်ရိုးလို နေရာမျိုးမှာ တစ်ယောက်လက် တစ်ယောက်တွဲချိတ်လို့ ကြည်နူးဖွယ် လေညင်းခံရတဲ့ ညနေခင်းတွေ မရှိခဲ့ပါဘူး။

သူဟာ ကျွန်မကို ချစ်လိုက်တာ၊ ချစ်လိုက်တာလို့လည်း တဖွဖွ ချိုနွဲ့စွာ မမြုန်ဖူးပါဘူး။ ကျွန်မနဲ့ တွေ့တိုင်း သူ့မျက်လုံးတွေဟာ ထက်မြက်တောက်ပစွာ တဖျပ်ဖျပ် လက်လျက် သူ့ဘဝရဲ့ အနာဂတ် ရေ့ရေးတွေအကြောင်းသာ တက်တက်ကြွကြွ ပြောနေတတ်သူပါ။

“ကိုနဲ့ လက်ထပ်ပြီးရင် ကျွန်မက ဘာလုပ်ရမလဲဟင်”



www.burmeseclassic.com

www.burmeseclassic.com



လို့ ကျွန်မ မေးကြည့်မိဖူးပါရဲ့။ သူက ဘာပြန်ပြော တယ် ထင်ပါသလဲ။

"ကိုယ်ကတော့ ထက်မြက်တဲ့ မိန်းမမျိုးကို ကြိုက်တယ်၊ ကိုယ် လက်ထပ်တဲ့ မိန်းမဟာ M.B.A ဘွဲ့ရတစ်ယောက် မဟုတ်တောင် ကိုယ့်နံဘေးမှာ ကိုယ်နဲ့ ဒိုးတူပေါင်ဖက် ဆွေးနွေးညှိနှိုင်း အကြံပေးနိုင်တဲ့ IQ မျိုးတော့ ရှိရလိမ့် မယ်"

"ကျွန်မမှာ အဲဒီ ဉာဏ်ရည်ဉာဏ်သွေးမျိုး ရှိတယ်လို့ ကို ယူဆသလားဟင်"

သူက. ပြုံးကာ ...

"သိပ်ရှိတာပေါ့၊ မင်း ရ,ထားတဲ့ M.B.B.S ဘွဲ့ကြီးတစ်ခုလုံး ကို မှိုတက်အောင် ချောင်ထိုးထားတာ တစ်ခုပဲ ကိုယ် သဘောမကျတာ၊ ဒါပေမဲ့ ကိုယ်နဲ့ လက်ထပ်ရင်တော့ မင်း စာတွေ ပြန်ဖတ်ရလိမ့်မယ်၊ အင်္ဂလန်ကို ပို့ပေးမယ်၊





အမေရိကကို သွားဖြစ်မယ် ဆိုရင်တော့ MLE ဖြေဖို့ ကြိုး စားရမယ်၊ မင်းရဲ့ ထက်မြက်တဲ့ ဉာဏ်ရည်ဉာဏ်သွေးတွေ ကို ပြန်သွေးပေးဖို့က ကိုယ့်တာဝန်ပေါ့"

ဟု သူက တစ်ထစ်ချကြီး ပြောသောအခါ ကျွန်မ ပို၍ စိတ်ကွက်သွားပါတယ်။ ကျွန်မကို သူ လက်ထပ်မှာဟာ သူ ပုံသွင်းထုဆစ်ဖို့ ကုန်ကြမ်းဝယ်ယူတဲ့ သဘောပါပဲ ဆိုတဲ့ အတွေး ဝင်လာချိန်ဟာ သူ့ကို စုံမက် မက်မောခဲ့သမျှ လွင့်ပြယ် သွားစေဖို့ တွန်းအားတစ်ခု ဖြစ်ခဲ့တာပေါ့။

"ကျွန်မတို့ မိန်းမတွေဟာ ယောကျ်ားတွေရဲ့ အပိုင်ဆိုင်ခံ ပစ္စည်းတစ်ခုလားဟင် ကို၊ ကို့စိတ်ထဲမှာ ကျွန်မကို ပိုင် ဆိုင်ရတော့မယ် ဆိုတဲ့စိတ်နဲ့ ကိုယ်ပိုင်တဲ့ ပစ္စည်းတစ်ခုလို ကို့စိတ်ကြိုက် ချယ်လှယ်တော့မယ်ပေါ့"

"အဲဒီလောက် အထအန ကောက်မနေစမ်းပါနဲ့ကွာ၊ မင်း တွေးသလိုမျိုး ကိုယ် တစ်ခါမှ မတွေးဖူးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို တစ်ခုတော့ ပြောထားရဦးမယ်နော်၊ ကျွန်မက လွတ်မြောက်နေတဲ့ မိန်းမတစ်ယောက်သာ ဖြစ်ချင်တာနော် ကို၊ ကျွန်မကို သိပ်မချုပ်ချယ်ရဘူး သိလား"

"လွတ်မြောက်ချင်ရင် မင်း ဘယ်တော့မှ အိမ်ထောင်မပြု နဲ့ပေါ့ ဟန်နီ၊ အိမ်ထောင်ဆိုတာ တစ်ယောက်ကိုဟာ တစ်ယောက် နှောင်ဖွဲ့ပိုင်ဆိုင်ခြင်းပဲ"

ကျွန်မ သူ့ကို မသိမသာ မျက်စောင်းထိုးမိခဲ့ပါတယ်။ အဲဒီ စကားလုံးဟာ ကျွန်မ ရင်ထဲမှာ တဆုံးစိုက်ဝင်သွားခဲ့မှန်း သူကတော့ သိလိမ့်မယ် မထင်ခဲ့ပါ။





ဃ

သူက လက်ထပ်ကြဖို့ကိုတောင် ကျွန်မအတွက် မဟာအခွင့်အရေးတစ်ခု ပေးသလို ပုံစံမျိုးနဲ့ ပြောခဲ့တာပါ။

"ကိုယ် မင်းကို လက်ထပ်တော့မယ်" တဲ့လေ။

ကျွန်မ ပခုံးကလေး မသိမသာ တွန့်လိုက်မိတာ လောက်တော့ သူက သတိမထားမိပါ။ သူ့ထုံးစံအတိုင်း သူ ဖြစ်ချင်ရာတွေကိုသာ စနစ်တကျ လေးလေးနက်နက် အစီအစဉ် ဆွဲလျက် ပြောနေတာပါ။



www.burmeseclassic.com

www.burmeseclassic.com



"TRADERSမှာ စေ့စပ်ပွဲလုပ်မယ် ဟန်နီ၊ လက်မှတ်ထိုးပွဲ အခမ်းအနားကိုတော့ မြရိပ်ညိုမှာ လုပ်မယ်၊ မင်္ဂလာဧည့်ခံပွဲကိုတော့ SEDONA ပဲ ကောင်းတယ်၊ Dinner ကျတော့ ကိုယ့်ခြံထဲက မြက်ခင်းပြင်နဲ့ Pool Sideမှာ လုပ်မယ် ...

သတို့သမီး ဝတ်စုံတို့၊ မိတ်ကပ်တို့တော့ ဟန်နီ့ဘာသာ စီစဉ်လိုက်၊ ကိုယ် အဲဒါတွေ သိပ် မကျွမ်းကျင်ဘူး၊ လက်ထပ်ပြီးရင်တော့ ဟန်နီနဲ့ ကိုယ် နှစ်ယောက်တည်းပဲ နေမယ်၊ အိမ်မှုကိစ္စတွေ ဟန်နီ ဘာမှ စိမ်စရာ မလိုဘူး နော်၊ ကိုယ် House-Keeperနဲ့ Matesတွေ ငှားထားပြီးသား၊ ဟန်နီ့တာဝန်က ကိုယ့်ကို လက်ထပ်ပြီးတာနဲ့ ချက်ချင်း ကလေးနှစ်ယောက် ဆက်တိုက်နိုးပါး ယူလိုက်မယ်၊ ပြီးရင် ကလေးတွေကို နာနီတစ်ယောက်စီ ထားပြီး ဟန်နီက Further study ထပ်ယူပေါ့၊ ဟန်နီ့ကို အင်္ဂလန် အရင်ပို့ပေးမယ်၊ M.R.C.P အရင်ယူ ပေါ့"





"ကိုက Project တစ်ခုကို Contract လုပ်နေတယ်များ မှတ်နေသလားဟင်၊ ကျွန်မက သားမွေးစက်ရုပ် တစ်ရုပ် မဟုတ်ဘူး၊ ပညာတွေ သင်ချင်တိုင်းသင်ဖို့ ကွန်ပျူတာ ဦးနှောက်လည်း မပါဘူး ...

ကျွန်မက မိန်းမတစ်ယောက်ပါ၊ ကို့ရဲ့ လက်ထပ်ခြင်းဟာ အချစ်အတွက်ပဲ ဖြစ်ရမယ်၊ Generation ယူဖို့၊ ပညာတွေ ဆက်သင်ဖို့ စီမံကိန်းတွေနဲ့ ယောကျ်ားယူမှာ မဟုတ်ဘူး၊ နားလည်လား"

ကျွန်မ သူ့ကို တစ်ကြိမ်တစ်ခါမှ ခံမပက်စဖူး ပက်လိုက်ချိန်မှာ သူ တော်တော် ဆွံ့အ,အံ့ဩသွားခဲ့ပါတယ်။

"ဟန်နီ၊ မင်း ဘာတွေ ပြောနေတာလဲ၊ ဘဝဆိုတာ ဒီလိုပဲ စနစ်တကျ Planတွေ ဆွဲပြီး တည်ဆောက်ရတာလေ၊ ကိုယ်တို့ မိသားစုဟာ မြန်မာပြည်မှာ စံပြမိသားစု ဖြစ်လာစေရမယ်၊ အဲဒီလို ဖြစ်အောင် ကိုယ် လုပ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



လဲသေလိုက်ကွယ် ...။ ကျွန်မကတော့ ယောကျ်ား တစ်ယောက်ရဲ့ အပိုင်ဆိုင်ခံ ပစ္စည်းတစ်ခုအဖြစ် ပုံသွင်းခံဖို့ ဘယ်တော့မှ လက်ထပ်မှာ မဟုတ်ဘူး။

"ကျွန်မ ကိုကို့ သိပ်ကြောက်လာပြီ ကို၊ ကိုကို ကျွန်မ ငြင်းတယ်၊ ဘယ်တော့မှ လက်မထပ်တော့ဘူး၊ ကျွန်မ ဆုံးဖြတ်လိုက်ပြီ"

သူ့ဘဝမှာ အငြင်းဆိုတာကို ဘယ်တုန်းကမှ မခံစား ရဖူးသူပီပီ သူ ခါးခါးသီးသီး ဆတ်ဆတ်ခါ နာကြည်းသွားပုံမှာ စာဖွဲ့ပြ၍ပင် မရပါ။

"စေတနာနဲ့ မထိုက်တန်တဲ့ မိန်းမပဲ၊ မင်းဟာ ကိုယ်နဲ့ မတန်လို့ ကိုယ့်ကို ငြင်းတာလို့ပဲ ကိုယ် ယူဆပါတယ်၊ ကိုယ် မရှုံးပါဘူး၊ မင်း ရှုံးသွားတာပါ၊ မင်း ကိုယ့်ကို ဆုံးရှုံးလိုက်ရတဲ့အတွက် တစ်သက်လုံး နောင်တရနေလိမ့် မယ်"





လို့ သူက ပစ်ပစ်ခါခါ ပြောခဲ့ပေမဲ့ ကျွန်မကတော့ လွတ်မြောက်ပေါ့ပါးစွာ ပြုံးနေခဲ့ပါတယ်။ အဲဒီအချိန်တုန်းက ကောင်းကင်ယံမှာ ပျံသန်းသွားတဲ့ ငှက်ကလေးတစ်ကောင်ဟာ ကျွန်မ ဖြစ်သွားခဲ့ပါတယ်။ သူ ပြောသလို ကျွန်မ ဘယ်တော့မှ နောင်တ မရခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ၈

'သမီး ပြန်လာခဲ့တော့'ဟူသော အမေ့ရဲ့ အသံက ဖုန်းထဲမှာတောင် ကြေကွဲဆွေးရိပ်တွေ သမ်းနေခဲ့သည်ကို ရေမြေခြားသော်လည်း သူမ ခံစားလို့ရနေခဲ့တာ လှိုင်းလုံးတစ်လုံးသည် ရင်ဘတ်ဆီသို့ အဟုန်ပြင်းပြင်း ဆောင့်တိုက်သလို အခံရခက်သွားလေသည်။

မေမေ့ နောက်ဆုံးအချိန် ရောက်ပြီဆိုတာကို သူမ ကိုယ်တိုင် ဆရာဝန်တစ်ယောက်မို့ အလိုလို ရိပ်မိနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



Steven Johnson Syndromeဟူသော ဖြစ်ခဲ့လှသည့် ရောဂါဆန်းဟာ မေမေ့ကိုမှ ဘာကြောင့် နှိပ်စက်ခဲ့ပါသနည်း။ ဆေးမတည့်သဖြင့် Allerigic reaction ဖြစ်ကာ တစ်ကိုယ်လုံးမှာရှိသော Aneous jinctions တွေမှာ Desquamation ဟုခေါ်သော ကွာကျခြင်းများဖြစ်ကာ အနာဖြစ်ခြင်းတည်း။ အူလမ်းကြောင်း တစ်လျှောက်ရော၊ တခြား Mucosa layer ရှိသမျှ နေရာတိုင်းမှာ အနာတွေကို ဖြစ်ရာက နောက်ဆုံးမှာတော့ Renal failure နှင့် Cardiac failure ရနေပြီဟု သူမ ဖုန်းဆက်မေးမိသော သူမရဲ့ ဆရာကြီးက ဆိုသည်။

'သမီး ပြန်ချင်ပြန်ခဲ့တော့လေ'ဟု ဆိုပြီမို့ သူမသည် မေမေ့ကို ဆုံးရှုံးတော့မယ်ဆိုသော စိုးရိမ်သောကစိတ်ဖြင့် နေ့စဉ်နဲ့အမျှ ယူကျုံးမရ ငိုကြွေးခဲ့ရလေသည်။

မြန်မာပြည်ပြန်ဖို့ အစီအစဉ်တွေ ချက်ချင်း လုပ်ကာ ပစ္စည်းတွေ သိမ်းဆည်းထုပ်ပိုးပြီး လေယာဉ်လက်မှတ် ပြေးဝယ်ရ





သည်။ လုပ်ဖော်ကိုင်ဖက် ဆရာဝန်များက စိတ်မကောင်းနိုင်ကြသလို နေ့စဉ်နှင့်အမျှ ငိုယိုကြေကွဲနေတတ်သော သူမကို အမျိုးမျိုးသော နည်းတွေနှင့် ချော့မော့ ဖျောင်းဖျကြရပါသည်။

သူမက ဘာကို စိတ်နာကြည်းရမည် မသိစွာ ရင်နင့်လာချေပြီ။ သူမ ရခဲ့သော M.R.C.P ဘွဲ့အတွက် မေမေနှင့် လဲယူလိုက်ရလေသလား။ ဒါဆိုရင် M.R.C.P က ဘယ်လောက် အဖိုးထိုက်တန်ပါသနည်း။ မေမေ့ကို ပစ်ပြီးတော့များ တစ်ပြည်ရပ်ခြားသို့ ပညာတော်သင် ထွက်ခဲ့သော သူမကိုယ်သူမ နာကြည်းမဆုံးပါပြီ။

ခုတော့ ဒီဘွဲ့ရခဲ့ပြီး မေမေ့ကို ဆုံးရှုံးရတော့မည်။ ဘယ်လောက်များ ထိုက်တန်လိုက်ပါသနည်း။

လူ့ဘဝသည် တစ်ခါတစ်ခါ အတော်အံ့ဩရင်နင့်ဖွယ် ကောင်းလွန်းလှသည်။ ရယူခြင်းရဲ့ နောက်မှာ တန်ရာတန်ကြေး ဆုံးရှုံးစွန့်လွှတ်ရခြင်းက ကပ်ပါလာတတ်မြဲပင်။



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ပေါ်မှာ တစ်လျှောက်လုံး တစိမ့်စိမ့်တွေး ဆွေးမြည့်နစ်မွန်းလှစွာ ငိုကြွေးရှိုက်ငင်ခဲ့မိသဖြင့် မြန်မာပြည် ပြန်ရောက်ချိန်မှာ သူမ မျက်လုံးတွေ နီရဲဖောင်းမို့ကာ ဖွင့်လို့ပင် မရချေတော့။





## ၁

စိတ်ထဲ လေးလံဆိုင်းအုံ့လွန်းလှသဖြင့် အိမ်သို့ပင် တန်းမပြန်ဘဲ မေမေ့ကိုထားရာ ဆေးရုံရှိ I.C.U (Intensive Care Unit)ဆီသို့ တန်း၍ လာခဲ့သည်။ လာကြိုသော အဖေနှင့် စကား တွေ သိပ်မပြောဖြစ်။ အက်သံပါမှာကို နှစ်ယောက်စလုံး သိနေမြဲ။ ငိုမိကြတော့မည်ထင်။

အခန်းတံခါးကို အသံမကြားအောင် အသာအယာဖွင့် မိတော့ ဆွေမျိုးသားချင်းတွေ တချို့ရောက်ကာ ငိုဖို့အဆင်သင့် ရှိလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"သူ သတိမရတော့ဘူး"

ဟု တိုးတိုးပြောသူက ပြောသည်။ မေမေ့ကို မြင်လိုက်ရစဉ်ခဏတွင် သူမ နှလုံးသားဆီ ခပ်တုံးတုံး အရာနှင့် ထုနှက်ခံလိုက်ရသလို နာကျင်ထုံအက်သွားလေသည်။ မေမေ့ မျက်နှာတစ်ခုလုံး ဖော့ရောင်အန်းကာ မမှတ်မိချင်တော့လောက်အောင် ပြောင်းလဲသွားချေပြီ။

ဆရာဝန် အသိနှင့် ဒါ နောက်ဆုံးအချိန်ပဲ ဆိုတာ ချက်ချင်း ရိပ်မိနေပြီ။ တခြားလူနာများစွာရဲ့ အသက်ကို သူမ အခါခါ မရေတွက်နိုင်အောင် ကယ်ဆယ်ခဲ့ဖူးပါရဲ့။ ကိုယ့်အမေရင်းကျတော့ ဘာ့ကြောင့် မကယ်နိုင်တော့တာပါလိမ့်။ ထိုအချိန်ကလေးသည် သူမအတွက် တကယ့်အသည်းကွဲခန်းပင်။

"မငိုကြနဲ့ ... ဘယ်သူမှ မငိုကြနဲ့၊ သူ ညင်ညင်သာသာပဲ ဘဝကူးကောင်းစေချင်တယ်"

တိုးတိုးသက်သက်သာ ပြောပြီး ဆွေမျိုးတွေကို အပြင်သို့ နှင်ထုတ်ရသည်။ 'မေမေ' ဟုပင် မခေါ်ဘဲ 'သူ' ဟုသာ သုံးနှုန်းမိသည်။





မေမေက ငြိမ်သက်စွာ မှိန်းနေသည်။ မေမေ ... ဟုပင် သူမ မခေါ်ဝံ့။ သူမ ပြန်လာတာကို မေမေ မသိစေချင်။ ပြီးတော့ 'ငါ့သမီးလေး' ဆိုသော ငါစွဲ မေမေ မစွဲစေချင်။ မေမေ့ နောက်ဆုံးအချိန်မှာ မေမေ့ကို ဘာသံယောဇဉ် အနှောင်အဖွဲ့နှင့်မှ မချည်နှောင်ချင်တော့ပါ။ မေမေ လွတ်လွတ်မြောက်မြောက် ထွက်ခွာကူးပြောင်းသွားစေချင်သည်။

နားကြပ်ကို မေမေ့ နှလုံးနေရာမှာ အသာအယာကလေး ထောက်ထားပြီး နှလုံးခုန်သံကို ရေတွက်နားထောင်နေမိသည်။ နှလုံးခုန်သံဟာ နေးကွေး တိုးတိတ်လွန်းလှစွာ။

သူမ မျက်ရည်မကျတော့ပါ။ ခုအချိန်မှာ မေမေ့ကို သူမ ကူညီနိုင်တာ တစ်ခုသာ ရှိတော့သည်။

ခဏနေတော့ ဖေဖေ ဝင်လာကာ ဆရာတော် ဦးဇောတိက၏ တရားခွေကလေး လာဖွင့်ပေးရှာပါသည်။ ဖေဖေ့ မျက်နှာလောက် ဆွေးရိပ်သမ်းသော မျက်နှာမျိုး သူမ တစ်သက် မကြုံဖူးခဲ့။ ဖေဖေလည်း မေမေ့ရဲ့ နောက်ဆုံးအချိန်ကို မေမေ့ အကျိုးအတွက်သာ ဖြစ်စေချင်ပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



ငိုကြွေးရှိုက်ငင်သံဖြင့် မေမေ့ခရီးကို နှောင့်ယှက်လိုမည်မဟုတ်။ သူမနှင့် ဖေဖေ မညှိနှိုင်းကြရဘဲ စေတနာအတွေးချင်း တူညီတိုက်ဆိုင်နေခဲ့ပါသည်။





၈

တကယ့်ကို Heart breking ပဲဟု သူမ ရင်နင့်စွာ တွေးမိသည်။ သူမ နှလုံးသား တစ်စစီ ပဲ့ကြွေကွဲရှနေသံသည် နားကြပ်မှတစ်ဆင့် ကြားနေရသော မေမေ့နှလုံးခုန်သံတွေပဲ ဖြစ်သည်။ တဖြည်းဖြည်း နှေးနှေးကာ မှိန်ဖျော့တိုးလျလာသော နှလုံးခုန်သံကို စူးစိုက်ကာ နားထောင်ရင်း ...

"သင်ပြုသမျှ ကုသိုလ်ကောင်းမှုတွေကို အာရုံပြုပါ"ဟု ခပ်တိုးတိုး အသံမှာ ငိုရှိုက်ငင်သံ မစွက်အောင် ပြောရသည်။ မေမေဟု တမင်မခေါ်ခြင်းမှာ ငါ့သမီးလေးဟု စိတ်စွဲဝင်သွားမှာ



www.burmeseclassic.com

www.burmeseclassic.com



ကို စိုးသောကြောင့်ဖြစ်သည်။ သူမကြောင့် မေမေ့ခရီးအကူးမှာ ခလုတ်မငြိစေလိုလှပါ။ ဒီအချိန်သည် မေမေ့အတွက် အလွန်အရေးကြီးနေပြီ။ ဥပမာဆိုရလျှင် အရှိန်ပြင်းပြင်း ခုတ်မောင်းနေသော ရထားတစ်စီးမှ တခြားရထားတစ်စီး၊ဆီသို့ ခုန်ကူးရမည့်သူနှင့် တူလေ၏။

အခုန်အကူးမတတ်လျှင် ခြေချော်လက်ချော်ဖြစ်ကာ ရထားအောက်မှာ မွမွကြေသွားသလို ဖြစ်မည်။

"ကုသိုလ်ဒါနတွေအတွက် အမျှဝေပါ။ ဘုရားတည်ခဲ့တယ်၊ ကျောင်းဆောက်ခဲ့တယ်၊ ရဟန်းအမ ဖြစ်ခဲ့တယ်၊ ဘုရားအမ၊ ကျောင်းအမ ဖြစ်ခဲ့တယ်။ အဲဒီ ကောင်းမှုဒါနတွေကို အာရုံပြုပါ"ဟူ၍ အလှုပ်အရှား၊ အအက်အရှ မပါသည့် အသံဖြင့် ညင်သာသိမ်မွေ့စွာ ပြောရသည်။

နှလုံးခုန်သံမှာ တစ်စထက်တစ်စ ညံ့သက်ပါးလျလာခဲ့ပြီ။ တစ်မိနစ် နှင့်ဒုံးခုန်နှုန်းမှာ တဖြည်းဖြည်း လျော့လျော့နည်းနည်း လာသည်။ သူမ အသည်းတွေ ကွဲချေပြီ။





တစ်ဆယ် ... ကိုး ... ရှစ် ... ခုနစ် ... မကြားရတော့လောက်အောင်ပင် တိတ်ဆိတ်၊ ဆိတ်သုဉ်းကျသွားလေသည်။

မေမေ့ နှလုံးခုန်သံ ရပ်သွားခဲ့ပြီ။

မေမေ ဆုံးရှာပြီ။

အဲ့ဒီတော့မှ သူမ ရှိုက်တင်ထားသော ပင့်သက်ကို ချလိုက်ကာ ...

"မေမေ"ဟု တုန်လှုပ်ကြေကွဲစွာ အော်မိလေသည်။ ခုနက တည်ငြိမ်တယ် ထင်ရသလောက် ခုတော့ဖြင့် လျှောင်ကြမ်းတမ်းစွာ လှုပ်သလို တဗုန်းဗုန်း ပြိုကျမတတ် တုန်လှုပ်ချောက်ချားစွာ သူမ ငိုသည်။

သို့သော် မေမေ ငြိမ်းချမ်းစွာ နောက်ဆုံးတစ်မျှင်မှ မတင်းရှာဘဲ လွတ်လွတ်ကျွတ်ကျွတ် ထွက်သွားနိုင်ခဲ့တာကလေးကိုတော့ သူမ ဖြေဆည်စရာ ကျန်ရစ်သည်။

www.burmeseclassic.com



ဃ

"သမီးရယ် ... သမီး ဝတ္ထုရားကျေပါတယ်၊ သမီး မေမေ့အတွက် အကောင်းဆုံး လုပ်ပေးလိုက်နိုင်တာပါ။ လူတိုင်းအတွက် အရေးကြီးဆုံးအချိန်ဟာ အဲဒီအချိန်ပါ ...

အဲဒီအချိန်မှာ ဖြစ်တဲ့စိတ်နဲ့ သူ့ရဲ့ နောင်ဘဝကို ကူးရတာပါ ...

သူ့မှာ ဘာအတ္တစွဲမှ ပါမသွားဘူး။ ငြိမ်းငြိမ်းချမ်းချမ်းကလေး သူ ကူးသွားတာပါ သမီးရယ်၊ သမီး အများကြီး ကူညီပေးလိုက်တာပါ"





ဟု မေမေက သူမကို နှစ်သိမ့်ဖျောင်းဖျပါသည်။ သူမ မယုံနိုင်ပါ။ မေမေ့အတွက် သူမ ဘာမှလုပ်မပေးနိုင်ဟုသာ စိတ်ထဲစွဲ၍နေသည်။

မေမေနှင့် လဲယူသလို ဖြစ်ရသော M.R.C.P.ဘွဲ့ကို သူမ စိတ်နာချင်လေ၏။ ဒီဘွဲ့အတွက် မေမေနှင့် တကွဲစီ၊ တဝေးစီ နေခဲ့ရတာ။ မေမေ နေမကောင်းတာပင် သူမ ပြုစုယုယခွင့် မရလိုက်။

အို ... သူမ ဘာများ ရလိုက်ပါသနည်း။

( ချစ်သောသူငယ်ချင်းများကိုယ်စား ၇၉၂ ၇၉၅ ရေးသွဲ့ပါသည် )

❀ ✦ ❀




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com





## ဣ

ထိုလူကြီးကို သူမ ဇွတ်လက်ထပ်လိုက်ချိန်တွင် မိဘမောင်ဘွားအားလုံး သူမအား ဆွေပြတ်မျိုးပြတ် ဖြတ်တောက်လိုက်ကြပါသည်။

သူမထက် အသက်နှစ်ဆယ်ကြီးသော၊ မကောင်းသတင်း ကျော်ဇောသော ထိုလူကြီးကို သူမ ဘာကြောင့် လက်ထပ်ခဲ့ပါသနည်းဟု လူတကာက မေးကြလျှင် သူမ တစ်ခွန်းသာ ဖြေပါမည်။ အဘယ်ကြောင့်ဆိုသော် သူ့ကို သူမ ချစ်သောကြောင့် ဖြစ်ပါသည်။ သူနှင့်အတူ နေရလျှင် သူမ ပျော်သည်။ ဘဝတွင်



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ မလိုအပ်တော့ဟု ထင်မှတ်သည်။ ထိုလူကြီးကို တစ်လောကလုံးနှင့်ပင် သူမ လဲယူရဲခဲ့လောက်အောင် မိုက်မဲခဲ့ခြင်းဖြစ်၏။

ထိုလူကြီး၏ စကားတစ်ခွန်းတည်းကိုသာ သူမ ဇွတ်မှိတ် ယုံကြည်ကိုးကွယ်ခဲ့ပါသည်။

"ကလေး ... မင်းကို ကိုယ် အရာအားလုံးထက် ပိုမက်မောတာနော်။ မင်း မရှိရင် ကိုယ် ဘာဖြစ်သွားမယ် ထင်သလဲ၊ ကိုယ့်ဘဝ ပျက်သွားမှာ"တဲ့။ သူ့ဘဝကို မပျက်စေလိုသောကြောင့် ကိုယ့်ဘဝကို ပျက်စီးမြုပ်နှံပစ်လိုက်ခြင်း ဖြစ်လေသည်။ ဘယ်သူမှ အပြစ်ဆိုစရာမရှိပါ။ ထိုလူကြီးကို ချစ်ခဲ့မိသည့် ဖြစ်ရပ်တစ်ခုကို သူမ ဘဝတွင် အပြစ်တစ်ခုဟူ၍ မသတ်မှတ်ခဲ့သောကြောင့်ဖြစ်ပါသည်။





ထိုလူကြီးသည် လူတစ်မျိုးဖြစ်ပါသည်။ သူ့တွင် ဘယ်သူနှင့်မှ မတူသော အတွေးအခေါ်ဆန်းများ ရှိပါသည်။ ဘယ်သူမှ လိုက်မမီသော အယူအဆများ ရှိပါသည်။ ချစ်သူအဖြစ်သာ သူ့ကို သိမြင်ခဲ့၊ အရူးအမူး ချစ်ကြိုက်စွဲလမ်းခဲ့သော သူမသည် သူ့နှင့် ဇနီးမောင်နှံဘဝတွင် အဝင်ခွင့်ကျ မရှိခဲ့ပါ။ သူ့ကြောင့် သူမ များစွာ စိတ်အနှောင့်အယှက် ဖြစ်ဖူးခဲ့ပါသည်။ သို့သော် သူ့ကို အရာအားလုံး စွန့်လွှတ်ခဲ့ပြီး လဲယူခဲ့ရသည် ဖြစ်သောကြောင့် တာဝန်မှန်သမျှကို သူမ ဘာသာ ယူရမည်ဖြစ်ကြောင်းလည်း သဘောပေါက်ခံယူပြီးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူမသည် သူ့ရှေ့တွင် ဘယ်တော့မှ မျက်ရည်မကျခဲ့ပါ။ အယူအဆ၊ အတွေးအခေါ် မတူညီမှုကြောင့် ပဋိပက္ခ ဖြစ်ရလေတိုင်း သူမသည် ရေချိုးခန်းထဲမှာသာ တိတ်တဆိတ် မျက်ရည်ကျရလေ့ရှိသည်။ သူ့ကို ယူခဲ့သည့်အတွက် သူမ နောင်တလည်း မရခဲ့ပါ။

သူသည် သူ့အလုပ်ကို အလွန်ရူးသွပ်စွဲလမ်းသူတစ်ယောက်ဖြစ်၏။ အလုပ်ကလွဲ၍ ဘယ်အရာကိုမှ သူ ဦးစားပေးလေ့မရှိ။ သူမပင်လျှင် အလုပ်နှင့်ယှဉ်လာရင် နောက်မှာ ကျန်ရစ်ခဲ့လေသည်။ သို့သော် ထိုလူကြီးသည် သူမကို အလွန်ချစ်ပါသည်။ သူ့အလုပ်များ အောင်မြင်သောအခါတိုင်း သူမကို ရှေ့တန်းတင်ပွဲထုတ်လေ့ ရှိပါသည်။ သို့သော် သူ အလုပ်ထဲမှာ မြုပ်နှံထားချိန်မှာတော့ သူမသည် သူ့အတွက် အရေးမပါတော့ပါ။





၈

သူ့အတွေးအခေါ်များက တစ်ခါတစ်ရံ သူမ လိုက်မမီလောက်အောင် ခွကျနိုင်လှပါသည်။ ဥပမာ– မင်္ဂလာဆောင်ကဲ့သို့သော ပွဲလမ်းသဘင်မျိုးဆို သူ ဘယ်တော့မှ မသွားတတ်ပါ။

"ဘာလုပ်ရမှာလဲကွာ၊ လူနှစ်ယောက် ယူကြတဲ့ကိစ္စ သူတို့နှစ်ယောက်နဲ့ပဲဆိုင်တယ်၊ ဒါကို တခမ်းတနား မင်္ဂလာကြီးဆောင်ပြီး ကိုယ်တို့လို မရှိသတ်တွေက အဝတ်သစ် အစားသစ်တွေ ပြင်ဆင်ပြီး ကျောက်ရုပ်ကြီးတွေလို အတောင်းသားကြီး သွားထိုင်နေရတာ ဘာအဓိပ္ပာယ်ရှိသလဲ ...



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ လက်ခုပ်တီး၊ မုန့်စားပြီး ပြန်လာ၊ ကိုယ်တော့မလိုက်ချင်ပါဘူးကွာ"

ဟူသော သူ့ဒဿနနှင့်သူ ဆင်ခြေပေးကာ မင်္ဂလာဆောင်တိုင်း သူ မတက်ပါ။ သူမကသာ 'လူမှုရေး' ဆိုသော လူ့ကျင့်ဝတ်ကြောင့် တစ်ယောက်တည်း အမြဲသွားရတတ်လေသည်။

ပြီးတော့ အသုဘဆိုလည်း သူဘယ်တော့မှ လိုက်မပို့တတ်ပါ။

"သေတဲ့လူက သေပြီကွာ၊ ကိုယ်တို့က မသာရှင်ကို ပြုံးပြရမှာလား၊ ငိုပြရမှာလား၊ သူ့ကို မငိုပါနဲ့လို့ ပြောရင်ကောင်းမလား၊ ဟာ ... ဘာပြောရမှန်းမသိတဲ့ မျက်နှာထား အကြောင်ကြောင်ကြီးတွေနဲ့ ကိုယ် မနေတတ်ပါဘူး"

ဟုဆိုကာ အသုဘများဆိုလျှင် သူမ တစ်ယောက်တည်းသာ သွားရလေ့ရှိသည်။





အယူအဆ၊ အတွေးအခေါ်၊ အသက်အရွယ် မတူသောကြောင့် သူနှင့် သူမကြားတွင် ပဋိပက္ခဆိုတာ ဝင်လာတတ်တိုင်း သူ့မှာတော့ ထွက်ပေါက်အမြဲရှိသည်။ အဲ့ဒါကတော့ ကားတစ်စင်းနှင့် တစ်ညလုံး ထွက်နေကာ Club သွားချင်သွားနေတတ်သည်။

သူမက မိန်းမတစ်ယောက်ဖြစ်သောကြောင့် မျက်ရည်သာ အဖော်ရှိလေသည်။ သူ့လို ကားနှင့်လည်း ထွက်ချင်ရာ လျှောက်ထွက်လို့မရ။ သူက စိတ်ပြေလက်ပျောက်ဆိုပြီး မိန်းမတချို့နှင့် တွဲလား ဘာလား လုပ်ချင် လုပ်နိုင်သည်။ သူမက မိန်းမဖြစ်သောကြောင့် တခြားယောကျ်ားတွေနှင့် တွဲလို့မဖြစ်။

ထိုလူကြီးကို သူမ ဘာဖြစ်လို့ လက်ထပ်ခဲ့ပါလိမ့်ဟု အမြဲတွေးခဲ့ပြီးနောက်မှာ အဖြေကို သူမ ရှာတွေ့ခဲ့၏။ အဓိက ကတော့ အသက်အရွယ် ကွာခြားမှု ဖြစ်ရမည်။ သူ တန်ဖိုးထားသော



www.burmeseclassic.com

www.burmeseclassic.com



အရာတွေကို သူမ လိုက်မမီသလို သူမအတွက် အရေးကြီးသော အရာတွေသည် သူ့ အတွက်တော့ ဘာမှမဟုတ်သော အသေးအဖွဲ တွေသာ ဖြစ်နေခြင်းသည် သူမတို့ နှစ်ယောက်ကြားက အဓိက ကွာခြားချက်ပင် ဖြစ်တော့လေသည်။





ဃ

အိပ်မက်တစ်ခုကို သွေးရူးသွေးတန်း မြင်မက်ခဲ့ပြီး တိုအိပ်မက်မှ ဖြုန်းခနဲ လန့်နိုးချိန်တွင် သူမ နံဘေးမှာ ကလေး နှစ်ယောက် ရှိနေခဲ့ပြီး ထိုနှောင်ကြိုးများ၏ ခပ်တင်းတင်း ချည် နှောင်မှုအောက်တွင် သူမ ရုန်းမထွက်နိုင်တော့။

သတင်းစာထဲတွင် စိတ်သဘောထားချင်း မတိုက် ဆိုင်မှုကြောင့် ကွဲကြသော လင်မယားတွေ ရှိနေပေမဲ့ သူမက တော့ ထိုသို့ အဆုံးမသတ်ချင်၊ အိမ်ထောင်ရေးသည် တောင်တစ် တောင်ကို တက်ခြင်းပဲဆိုလျှင် သူမသည် ထိုတောင်ကို အဆုံးထိ အောင်သာ တက်ချင်လေသည်။ လမ်းတစ်ဝက်မှ ပြန်လှည့်မပြေးချင်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူမသည် သူမ မဲဟုတ်တော့ဘဲ သူနှင့် တစ်သားတည်းကျအောင် ပျော်ဝင်ပစ်လိုက်ဖို့ သူမ ကြိုးစားရတော့၏။ သူ့ကို နားလည်အောင်၊ လိုက်မီအောင် သူမ ကြိုးစားလေသည်။ မတူညီသော အယူအဆတို့ ပဋိပက္ခဖြစ်ကြလေတိုင်း သူမက ခေါင်းမာမာနှင့် ဖွတ်ဝင်တိုက်ဖို့ စိတ်မကူးတော့ပါ။ အရှုံးပေးလိုက်သည်။ လူတစ်ယောက်ကို နားလည်ပေးလိုက်သောအခါတွင် ခံစားရသော ပီတိသုခလောက် ခံစားလို့ကောင်းတာ မရှိတော့ပါ။

သူ လိုချင်တာမှန်သမျှကို သူမ ဖြည့်ဆည်းပေးခဲ့သည်။ သားနှင့်သမီးကိုလည်း နားလည်ဖို့ပဲ သူမ ကြိုးစားသည်။ ထိုရလဒ်ကတော့ သူမကို သားနှင့်သမီးက ပြန်လည် နားလည်ခြင်းပဲဖြစ်သည်။ ဘဝမှာ သူမ နေပျော်နေတတ်လာခဲ့ပြီ။

သူ့ဆီမှ သူမကို နားလည်မှုကို သူမ ပြန်လည်ရရှိချိန်တွင် သူမ အသက်လေးဆယ် သူက အိပ်ရာထဲတွင် သေနေ့ကို စောင့်နေရချိန်ဖြစ်သည်။





"မင်းကို သိပ်ကျေးဇူးတင်တယ် ကလေးရယ်၊ မင်း ကိုယ့်ကို ဘဝတစ်ခုလုံး ပေးခဲ့တယ်၊ ကိုယ်က မင်းကို ဘာမှ ပြန်မပေးနိုင်ခဲ့ဘူး၊ အခုမှပဲ မင်းကို နားလည်တော့တယ်၊ မင်းက တကယ်ထူးခြားတဲ့ မိန်းမတစ်ယောက်ပဲ၊ အချစ်တစ်ခုတည်းအတွက် ကိုယ့်ဘေးမှာ မင်းရဲ့ သက်တမ်းတော်တော်များများကို ဖြုန်းတီးခဲ့တာပဲ"

"ဒါပေမဲ့ ကျွန်မ ကျေနပ်ပါတယ်၊ ခုတော့ ကျွန်မ တောင်ထိပ်ကို ရောက်ခဲ့ပြီ။ ကျွန်မအနေနဲ့ ခြေကုန်လက်ပန်းလည်း ကျနေခဲ့ပါပြီ၊ ဒါပေမဲ့ ကျွန်မ အရှုံးမပေးခဲ့တဲ့အတွက် ကျွန်မ ကျေနပ်တယ်"

ဟု သူမက ပြုံး၍ ပြောလိုက်လေသည်။ သူ ပြန်ပြုံးပြသော သူ့အပြုံးက မပီသတော့။ အဘိုးအို တစ်ယောက်ရဲ့ အပြုံးများ ဖြစ်နေပြီ။ သူ့မျက်ဝန်းထဲမှာ မျက်ရည်တွေ သီဝေ့လျက်။



www.burmeseclassic.com

www.burmeseclassic.com

# လှပသောအပြောင်းအလဲ



www.burmeseclassic.com

www.burmeseclassic.com



# ဣ

ပြန်စဉ်းစားကြည့်ရင် ငယ်ငယ်တုန်းက ကလေးဘဝဟာ အတော်ရယ်စရာ ကောင်းပါတယ်။ ငြိမ်းတို့ မောင်နှမနှစ်ယောက်စလုံးဟာ မိခင်ကို ခင်တွယ်လွန်းကြသူတွေမို့ မိခင်ဘယ်သွားသွား ငြိမ်းတို့ပါ လိုက်ရမှ။ အမေဟာ ဒီမောင်နှမနဲ့ မီးရထားတွဲကြီးလိုပဲ တတန်းတန်း ပါရတာကို အလေ့အထတစ်ခုလိုပဲ ကျင့်သုံးခဲ့ပါတယ်။

ရုံးကနေ အမေ ပြန်လာချိန်ဖြစ်တဲ့ (၄)နာရီဟာ ငြိမ်းတို့ မောင်နှမအတွက် မျှော်လင့်ခြင်း၊ ဆာလောင်မွတ်သိပ်ခြင်းတွေနဲ့ စောင့်ခဲ့ရတဲ့အချိန်ပေါ့။ ကစားရင်း အမေ ပြန်လာချိန်ကို



www.burmeseclassic.com

www.burmeseclassic.com



စောင့်ကြတဲ့ မောင်နှမဟာ အမေ ရုံးကပြန်လာတာကို ခပ်ဝေးဝေးကနေ တွေ့ရရင်ပဲ သူ့ထက်ငါ အလုအယက် ပြေးလွှားကြိုဆိုကြပါတယ်။

အမေရဲ့ ခြင်းတောင်းအစိမ်းကလေးထဲမှာ ပါလာတတ်တဲ့ မုန့်တစ်ခုခုကို မျှော်ကိုးလို့ပေါ့။ တစ်ခါတစ်ရံ ခေါက်မုန့်ပါလာမယ်။ ဒါမှမဟုတ် မုန့်လင်မယား၊ ကောက်ညှင်းပေါင်းစသဖြင့်ပေါ့။

အမေပါလာတဲ့မုန့်ကို မောင်နှမနှစ်ယောက်သား အလုအယက် ခွဲဝေကြတဲ့အခါ၊ တစ်ခါတစ်ရံ ဝေစုတည့်တာလည်းရှိ၊ မတည့်တာလည်းရှိပေါ့။ တစ်ခါတစ်ခါ အစ်ကိုလုပ်သူက လူလည်ကျပြီး မုန့်ခွဲဝေရာမှာ တရားမျှတမှု မရှိဘူးလေ။ သူက ငြိမ်းကို သိပ်အနိုင်ယူ ဗိုလ်ကျတတ်သူ။ ငြိမ်းဟာ မကျေနပ်ရင် အော်ငိုတာပဲ၊ ကလေးမဟုတ်လား၊ ကလေးဆိုတဲ့ဘဝဟာ အင်မတန်ရိုးရှင်းတယ်လေ၊ လိုတာရရင် ဝမ်းသာမယ်၊ ရယ်မယ်။ လိုချင်တာမရရင် ငိုကြွေးမယ်။





လူကြီးဘဝလို မရှုပ်ထွေးဘူး။ လူဟာ ကြီးပြင်းရင့်သန်လာတာနဲ့အမျှ ရှုပ်ထွေးလာတယ်လို့ ငြိမ်းတော့ ထင်တယ်။ လိုချင်တာတွေကလည်း ပိုများလာသကိုး။ လောဘနဲ့ မာနကလည်း အရွယ်နဲ့တကွ တရိပ်ရိပ် တိုးတက်လာတာပဲ။

ပြီးတော့ လူဟာ ပိုပြီး ဟန်ဆောင်တတ်လာတယ်။ လိုချင်တာကို လိုချင်ရက်နဲ့ မလိုချင်ဟန်ဆောင်မယ်။ လိုချင်တာမရရင် နာကြည်းမယ်။ ငြိုးမျက်ဒေါသထွက်မယ်။ ပြီးတော့ မေ့ပျောက်မလွယ်တော့ဘူးလေ။

ငြိမ်းဟာ ကလေးဘဝကိုပဲ မက်မောတော့သလို၊ ကလေးတွေကိုပဲ ချစ်ချင်တယ်။ ရိုးသားမှုဆိုတာ ကလေးဘဝမှာပဲ ရှာဖွေလို့ တွေ့နိုင်တယ်။

ငြိမ်းနဲ့ အစ်ကိုလုပ်သူမှာတောင် အစ်ကိုလုပ်သူက ငြိမ်းထက် နှစ်နှစ်လောက် လူဖြစ်တာ ပိုစောတဲ့အတွက်၊ နှစ်နှစ်လောက် ပိုပြီး၊ မရိုးသားဘူး။ လည့်စားတတ်တယ် ဆိုပါမယ်။



www.burmeseclassic.com

www.burmeseclassic.com



မုန့်ကို ခွဲဝေတိုင်း သူသာ ပိုပိုသာသာရမှလေ။ ငြိမ်းက ငိုရင် ငိုရ ကောင်းမလား ဆိုပြီး ငြိမ့်ရဲ့မုန့်ကို ထပ်လုစားသူလည်း ဖြစ်တယ်။

ပြီးတော့ ရှိသေးတယ်။ ငြိမ်းတို့ လမ်းထဲမှာ အလှူ အိမ်တစ်အိမ်ရှိရင် အမေက ငြိမ်းတို့နှစ်ယောက်စလုံးကို မခေါ် သွားတော့ တစ်ယောက်တစ်လှည့် ခေါ်လေ့ရှိပါတယ်။ အလှူကို အမေနဲ့ လိုက်ခွင့်ရဖို့ မောင်နှမနှစ်ယောက်ဟာ ကျားဗိုလ်ဆွဲရပါ တယ်။ အစ်ကိုလုပ်သူက နိုင်သွားလို့ ဝတ်ကောင်းစားလှတွေဝတ် ပြီး အမေ့လက်ကို ဆွဲလို့ ဝင့်ဝင့်ကြွားကြွား ထွက်သွားတာ မြင်ရ ရင် ငြိမ်းဟာ ခြေထောက်ချင်းလိမ်ပြီး တအီအီ ငိုကြွေးလို့ မဆုံး တော့ပါဘူး။ ဘယ်လောက် ဖွဲ့ကောင်းတဲ့ ငြိမ်းလဲဆိုရင် အမေနဲ့ အစ်ကို အလှူက ပြန်လာတဲ့အထိ မပြီးနိုင်မစီးနိုင် ငိုကြွေးလို့ မဆုံးဘူး။ အစ်ကိုလုပ်သူက မခံချင်အောင် စလေ နောက်လေ ငြိမ်းက အသစ်ပြန်ခံစားကာ ငိုကြွေးလေပါပဲ။





ဒါပေမဲ့ ကလေးဘဝဟာ ငိုရပေမဲ့ နာကျင်ဖွယ် မရှိလှပါဘူး။ လူကြီးဖြစ်လာတဲ့အခါမှာသာ ကလေးလို ငိုကြွေးရုံနဲ့ မပြီးမြောက်နိုင်တဲ့ နာကျင်မှုတွေကို ငြိမ်းတို့ ခံစားလာရတော့ တာလေ။



www.burmeseclassic.com

www.burmeseclassic.com

အသက်ကြီးလာတာနဲ့အမျှ ငြိမ်းဟာ အပြောင်းအလဲများစွာကို တွေ့လာရပါတယ်။ အဲဒါအပြင် ငြိမ်းရဲ့ ပတ်ဝန်းကျင်က လူတချို့ရဲ့လောဘ၊ ဒေါသ၊ မာနနဲ့ မခံချင်စိတ်တွေ ကိုယ့်ထက်သာရင် မနာလို၊ လက်မခံနိုင်မှုတွေ၊ အထင်သေးစော်ကားမှုတွေ၊ လူလူချင်း အသုံးချချင်လိုမှုတွေ၊ ကိုယ့်ကိုယ်ကိုယ်သာ အထင်ကြီးသွေးနားထင်ရောက်နေပြီး သူတစ်ပါးရဲ့ အောင်မြင်မှုကို အသိအမှတ်မပြုချင်မှုတွေ စသဖြင့် တွေ့ကြုံလာရတဲ့အခါ လူတွေအပေါ် ငြိမ်း အလွန်ပဲ နားလည်ရခက်လာပါတယ်။





လူတွေအပေါ် ခွင့်လွှတ်ဖို့၊ နားလည်ဖို့၊ ကျေအေးဖို့ ဆိုတာ အင်မတန်ခက်ခဲလှပေမဲ့၊ တစ်ခါတစ်ရံတော့ ငြိမ်းဟာ အောင်မြင်သွားတတ်ပါတယ်။

ဖြင်ပလောကရဲ့ ဟန်ဆောင်မှုတွေ၊ မာယာပရိယာယ်တွေကို ငြိမ်း တွေ့မြင်လာရတာနဲ့အမျှ၊ ငြိမ်း မက်မောတန်ဖိုးထားတတ်လာတာဟာ အမေရဲ့ ချစ်မေတ္တာ စေတနာနဲ့၊ အဖေ့ရဲ့ နားလည်ခွင့်လွှတ်မှုတွေပေါ့၊ ကိုယ့်မိသားစုလောက် ဆိုးတူကောင်းဖက် ဝေမျှခံစားနိုင်တာ မရှိတော့ဘူးလေ။

ပြင်ပလောက,က လူတစ်ယောက်ယောက် ငြိမ်းအပေါ် ကောက်ကျစ်လှည့်ဖြားတဲ့အခါ၊ စော်ကားပုတ်ခတ်တဲ့အခါ ငြိမ်းနဲ့အတူ မျှဝေခံစားပေးနိုင်တာဟာ ငြိမ်းရဲ့ အဖေနဲ့အမေသာ ဖြစ်ပါတယ်။ ဘယ်သူတွေကများ ကိုယ့်မိဘလောက် ကောင်းနိုင်မှာတဲ့လဲ။ ဘယ်သူတွေကရော ကိုယ့်မိသားစုလောက် ငြိမ်းအပေါ် ချစ်နိုင်မှာတဲ့လဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ အစွဲအလမ်းနဲ့ပဲ ငြိမ်းဟာ အပြင်မှာ အဖော်မရှာတတ်သူ ဖြစ်လာပါတော့တယ်။ အဲဒီအတွက်လည်း ငြိမ်းက နောင်တမရပါ။ မိသားစုအပေါ် သံယောဇဉ်ကြီးတဲ့ မိန်းကလေးတစ်ယောက်က မိသားစုထက် ပိုချစ်ရမဲ့လူ ဘယ်တော့မှ ရှာမတွေ့နိုင်တာဟာ အဆန်းတော့ မဟုတ်လှပါဘူး။





၈

အချိန်တွေ ပြောင်းလဲလာတာနဲ့အမျှ သဘာဝတရားရဲ့ ပြောင်းလဲလာပုံဟာ အင်မတန် သိမ်မွေ့နူးညံ့ပြီး၊ ပြုံးရယ်ချစ်စဖွယ် ကောင်းပါတယ်။

ငြိမ်းတို့ငယ်စဉ်က အမေ ပြန်အလာ အဖေပြန်အလာကို စောင့်မျှော်ကြိုခဲ့ရတာဟာ အရသာတစ်ခု ဖြစ်ခဲ့သလို၊ အဖေ အမေ ပြန်လာရင် မုန့်ပါလာမှ စိတ်ကျေနပ် ပျော်ရွှင်ခဲ့ရပါတယ်။

ငြိမ်းတို့ ကြီးပြင်းအရွယ်ရောက်လာခဲ့ချိန်မှာတော့ သဘာဝဟာ လှပစွာ ပြောင်းလဲခဲ့ပါပြီ။ အဖေနဲ့ အမေဟာ အိမ်



www.burmeseclassic.com

www.burmeseclassic.com



မှာအနားယူအငြိမ်းစားရပြီး၊ ငြိမ်းတို့ မောင်နှမတွေက တစ်လှည့် ပြန်ပြီး လုပ်ကျွေးပြုစုဖို့ အလှည့်ရောက်ခဲ့ပါပြီ။ အဖေနဲ့အမေဟာ မျှော်သူတစ်လှည့် ပြန်ဖြစ်ခဲ့ပါတယ်။

ညနေစောင်းလို့ ငြိမ်း အပြင်က ပြန်ရောက်ချိန်တန်ပြီဆိုရင် အမေဟာ သနပ်ခါးအဖွေးသားလိမ်းလို့၊ ငြိမ်း ရုံးက အပြန်ကို ဝရန်တာကနေ ထွက်မျှော်ပြီး စောင့်ကြိုနေတတ်ပြီ။

ငြိမ်းကလည်း ရုံးကနေ အိမ်အပြန်မှာ အမေ့အတွက် မုန့်ဟင်းခါးတို့၊ ခေါက်ဆွဲသုပ်တို့၊ ရွှေရင်အေး စသဖြင့် တစ်နေ့ တစ်မျိုး မရိုးနိုင်အောင် ဝယ်လာဖို့ ဘယ်တော့မှ မမေ့တတ်ဘူးလေ။ ငြိမ်း ပြန်အလာကို အမေ မျှော်နေမယ် ဆိုတာ ငြိမ်က ခံစားတတ်ပြီကိုး။

ငြိမ်းတို့ငယ်ငယ်တုန်းက အမေ့ခြင်းထဲ အလှအယက် ရှာဖွေတတ်သလို၊ အမေကလည်း ငြိမ်းတို့ရဲ့ ခြင်းထဲမှာ ဘာမုန့် ပါလေမလဲ ရှာဖွေတတ်ပြီလေ။ ဒါဟာ သဘာဝတရားရဲ့ ချစ်စရာ လှည့်ကွက်ကလေးတစ်ခုပါ။





အဖေဆိုရင်လည်း ညဆိုရင် အစ်ကို ဖြစ်သူရဲ့ ခြေသံကို နားစွင့်စောင့်မျှော်နေတတ်ပြီ။ ငြိမ်းတို့ ငယ်ငယ်တုန်းက အဖေပြန်အလာကို စောင့်မျှော်တတ်တဲ့ မျက်ဝန်းမျိုးနဲ့ပေါ့။

အစ်ကိုရဲ့ ခြေသံဖြစ်စေ၊ လေချွန်သံဖြစ်စေ ကြားရပြီဆိုရင် အဖေဟာ ပြုံးစိစိ မျက်နှာလေးနဲ့ အစ်ကို့လက်ထဲ ဘာတွေများ ဆွဲတက်လာမလဲ ဆိုတာ စောင့်ကြည့်တတ်ပါတယ်။ အစ်ကို လုပ်သူဟာလည်း ပြန်လာရင် လက်ထဲမှာ စားစရာ အထုပ်တစ်ခုခု တော့ ပါလာတတ်စမြဲလေ။

"ဘာတွေလဲကွ"

ဆိုတဲ့ အဖေ့ရဲ့ အမေးသံဟာ ငယ်ငယ်တုန်းက အဖေ အိမ်ပြန်လာတိုင်း ငြိမ်းတို့မောင်နှမနှစ်ယောက် အိမ်အဝ က ဆီးကြိုပြီး ...

"ဘာမုန့်လဲ အဖေ"

ဆိုတဲ့ အမေးသံနဲ့ အတူတူပါပဲ။ အသက်အရွယ်နဲ့ လူ့သာ ပြောင်းလဲသွားတာပါ။



www.burmeseclassic.com

www.burmeseclassic.com

# မိန်းမတစ်ယောက်




www.burmeseclassic.com

www.burmeseclassic.com





# ၈

သူမကို သူမ၏ မိခင်က မိန်းမတစ်ယောက်အဖြစ် မွေးဖွားသန့်စင်ပေးခဲ့ပါသည်။ မိန်းမတစ်ယောက် ဖြစ်ရခြင်းအတွက် သူမ ဘယ်တုန်းကမှ မသိမ်ငယ်ခဲ့ဖူးပါ။ မိန်းမဘဝကို သူမ သိတတ်စ အရွယ်ကတည်းက ဂုဏ်ယူကျေနပ်ခဲ့ပါသည်။

မိန်းမတစ်ယောက် ဖြစ်သည့်အတွက် သူမ ဆုံးရှုံးလိုက်ရသော အရာများစွာ ရှိပါသည်။ ထိုအခွင့်အရေးများကို ယောကျ်ားများသာ ရယူခွင့်ရှိသည်ဟု သဘာဝ နိယာမကြီးက သတ်မှတ်ထားခဲ့သော အခွင့်အရေးများ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခွင့်အရေးများကို ဆုံးရှုံးရရုံနှင့်တော့ မိန်းမတစ်ယောက် ဖြစ်ရခြင်းဘဝကို သူမ မနာကြည်းပါ။ ယောကျ်ားတွေ မလုပ်နိုင်သော အလုပ်တော်တော်များများကို မိန်းမတွေ လုပ်နိုင်ခဲ့သည်။

သူမသည် မိန်းမများထဲမှာ သာမန်မိန်းမ မဖြစ်ချင်ပါ။ အောင်မြင်သော မိန်းမတစ်ယောက် ဖြစ်ချင်သည်။ မိမိ ဘဝကို တာဝန်ယူ တည်ဆောက်နိုင်သော မိန်းမတစ်ယောက် ဖြစ်ချင်သည်။ မိမိကိုယ်မိမိသာ ပိုင်ဆိုင်လိုသည်။ သူမသည် ဘယ်သူတစ်ဦးတစ်ယောက်၏ အပိုင်ဆိုင်ခံပစ္စည်း မဖြစ်ချင်ပါ။ လွတ်လပ်သော မိန်းမတစ်ယောက်သာ ဖြစ်လိုသည်။ မည်သူ၏ ဇနီးဟု နာမည် အတပ်မခံလိုပါ။ သူမသည် အမှီအခို ကင်းသော လွတ်မြောက်သော မိန်းမတစ်ယောက်သာ ဖြစ်လိုပါသည်။

❀✦❀





သူမသည် အချစ်ကို အလွန်ကိုးကွယ် ရူးသွပ်တတ်လွန်းသော မိန်းကလေးများစွာနှင့် ရင်းရင်းနှီးနှီး စကားပြောဖူးပါသည်။ များသောအားဖြင့် သူမကို ထိုမိန်းကလေးများက ယုံယုံကြည်ကြည် အားကိုးတကြီးဖြင့် ရင်ဖွင့်ကြခြင်းသာ ဖြစ်ပါသည်။

သူမက စိတ်လိုလက်ရ၊ စိတ်ပါဝင်စားစွာ နားထောင်တတ်သော်လည်း သူမနှလုံးသားသည် အနည်းငယ်မျှပင် ဟိမ်းမူး



www.burmeseclassic.com

www.burmeseclassic.com



ညွတ်နူးလာခြင်း မရှိတတ်ပါ။ အချစ်ကို သူမ မယုံကြည်ပါ။ လုံးလုံး မယုံကြည်ပါ။ အချစ်အတွက် ဘဝတစ်ခုလုံး ပုံအောရင်းနှီး ပေးအပ်ခဲ့ကြပြီး သူမတို့ ပြန်ရရှိလိုက်သည်က ခြေမွခံလိုက်ရသော ဘဝတစ်ခုပင် ဖြစ်ပါသည်။ မိန်းမတွေဟာ အချစ်နှင့် ပတ်သက်လာလျှင် ဘာကြောင့်များ မိုက်မဲကြပါလိမ့်။

အချစ်သည် မိန်းမတစ်ယောက်၏ သစ္စာတရား ဖြစ်တတ်သော်လည်း ယောကျ်ားတစ်ယောက်အဖို့တော့ ကစားနည်းတစ်ခုသာ ဖြစ်တတ်လေသည်။

မိန်းကလေးတစ်ယောက်ကို လိုက်တုန်းက အသည်းအသန်လိုက်ခဲ့၊ ပိုးပန်းခဲ့ပြီး ထိုမိန်းကလေးရဲ့ အချစ်ကို မရရင် သေတော့မတတ် ရူးသွပ်ပြခဲ့ဖူးသော ယောကျ်ားတစ်ယောက်သည် ထိုမိန်းကလေးရဲ့ အဖြေကို ပြန်ရပြီးချိန်တွင် အံ့သြစရာကောင်းလောက်အောင် ပြောင်းလဲသွားခဲ့ဖူးသည်။ မိန်းကလေးနှစ်ယောက်ကြားမှာ ဘယ်လိုဆုံးဖြတ်ရမှန်း မသိနိုင်သော ယောကျ်ားတစ်ယောက်





ကိုလည်း သူမ စကားလုံးများမှ တစ်ဆင့် အံ့သြခဲ့ဖူးသည်။ ပြောခဲ့သမျှ စကားတွေ အားလုံးကို "မင်းကို ကိုယ် ညာခဲ့တာ"ဆိုသော စကားတစ်ခွန်းနှင့် ဖျက်ဆီးခဲ့သော ယောကျ်ားကိုလည်း သူမ ပုံဖော်ကြည့်ဖူးခဲ့ပြီ။

ယောကျ်ားများ၏ အချစ်ကို လုံး၀(လုံး၀) အယုံအကြည်မရှိပါ။ ထို့ကြောင့် ယောကျ်ားများ သူမထံသို့ နည်းလမ်းမျိုးစုံဖြင့် ချဉ်းကပ်လာတိုင်း သူမက ရဲရင့်ပြတ်သားစွာ၊ တစ်ခါတစ်ရံတွင် ရက်စက်ခါးသီးစွာ၊ တစ်ခါတစ်ရံတွင် လိမ္မာပါးနပ်စွာ ငြင်းပယ် ခါထုတ်ပစ်တတ်ပါသည်။

များသောအားဖြင့် ယောကျ်ားတချို့က သူမကို အမြတ်ကတ်လေ့ရှိကြ၏။ သူမကို မိန်းမ၀ါဒီသမား (Feminist)ဟု သတ်မှတ် ကင်ပွန်းတပ်လိုက်သည်။

အတော် ပါးနပ်ယဉ်ကျေးသော ယောကျ်ားငါ့ ယောက်ကတော့ သူမကို မှတ်ချက်ချသည်မှာ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘာနဲ့ တူသလဲဆိုရင် စတိုးဆိုင်တစ်ခုမှာ Sample ပြထားတဲ့ Not for sale ဆိုတဲ့ ပစ္စည်းတစ်ခုနဲ့တူတယ်။ လူတွေက မက်မောရုံပဲ တတ်နိုင်တယ် မဝယ်နိုင်ကြဘူး"ဟူ၍ ဖြစ်သည်။ ထိုမှတ်ချက်ကို သူမက ကျေနပ်ခဲ့ပါသည်။





၈

မိန်းမတစ်ယောက်ရဲ့ ဘဝဆိုသည်မှာ လှပစွာပုံဖော်ထားတဲ့ ကိတ်မုန့်တစ်လုံးလိုပါပဲ... ဟု သူမက ယူဆခဲ့ပါသည်။ ဘယ်လောက်ပဲ လှပဆန်းကြယ်အောင် တီထွင်ပုံဖော်ထားပေမဲ့ နောက်ဆုံးလားရာကတော့ အစားခံလိုက်ရခြင်းပဲ ဖြစ်ပါသည်။ သူမက ကိတ်မုန့်တစ်လုံး မဖြစ်ချင်ပါ။ မိန်းများစွာ၏ ဦးတည်ချက်ကတော့ ယောကျ်ားတစ်ယောက်နှင့် လက်ထပ်ကာ သူ့ရဲ့ ဇနီးမယားအဖြစ် အစားခံဖို့ ကိုယ့်ကိုယ်ကိုယ် လှပစွာ ပုံဖော်အလှဆင်နေကြတာပဲဖြစ်သည်။ သူမက ကိတ်မုန့်ဆိုရင်တောင် စားလို့မရသော Sampleလုပ်ထားသည့် သစ်သားသို့မဟုတ် ကော်ပစ္စည်းတစ်ခုခုဖြင့် ပုံဖော်ထားသော ကိတ်မုန့်တစ်ခုသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမကို နှလုံးသားမရှိသူ၊ အေးစက်မာကျောသူဟု သူငယ်ချင်းတွေက မှတ်ချက်ပေးကြ၏။ လမ်းပေါ်တွင် တစ်ယောက် လက်တစ်ယောက်တွဲကာ၊ ခါးဖက်ကာ ကယုကယင် ပွတ်သီးပွတ်သတ် ချွဲနွဲ့မှိန်းမှိန်းသွားတတ်ကြသော စုံတွဲတွေကို မြင်တိုင်း တောက် တစ်ချက်ခေါက်ကာ ...

"သူတို့ ဘာဖြစ်လို့ ချစ်နေမှန်း မသိဘူး၊ အလကား အချိန်ဖြုန်းမှာယ်မရှိတာ"ဟု ရေရွတ်တတ်သောကြောင့် ဖြစ်ပါသည်။ "ဟဲ့ ... သူတို့ဘာသာ ချစ်ပစေပေါ့၊ နင် မချစ်တတ်တိုင်း သူများတွေကို မျက်စိနောက်မနေစမ်းပါနဲ့၊ ဒါကြောင့် နင် အပျိုကြီး ဖြစ်နေတာ" ဟု ပြန်တွယ်တတ်ကြသည်။ သူမသည် လူတွေကို တစ်ခါတစ်ရံ ဘာကြောင့်မှန်းမသိ အကြောင်းမဲ့စွာ ကြည့်မရဖြစ်နေတတ်သည်။ အဲဒါ စိတ္တဇဟု ကိုယ့်ဘာသာလည်း သိနေပါသည်။

❧✦❧





ဃ

သူမသည် ကိုယ့်တန်ဖိုးကို ရှိသင့်သည်ထက် မတန် တဆများစွာ ပိုမြှင့်တင်ထားနိုင်ဖို့ မိမိကိုယ်မိမိ အတော်ဆုံး အကောင်းဆုံး ဖြစ်အောင်လည်း ကြိုးစားအားထုတ်ခဲ့ရ၏။ သူမ၏ သက်တမ်းတစ်လျှောက်လုံး သင်ယူလေ့လာခြင်းများဖြင့်သာ ကုန်ဆုံးစေခဲ့သည်။

"စာအုပ်တွေဟာ ယောကျ်ားတွေထက် ပိုပြီး တန်ဖိုးရှိတယ်၊ သစ္စာရှိတယ်၊ အဖော်ကောင်းပီသတယ်၊ ဆိုးကျိုးမပေးဘူး၊ ကောင်းကျိုးသာ ပေးတတ်တယ်"ဟု သူမက ဂုဏ်ယူစွာ အမြဲပြောခဲ့သည်။

❧✦❧



www.burmeseclassic.com

www.burmeseclassic.com



၄

သူတစ်ပါးမိန်းမတွေ အိမ်ထောင်ပြု၊ ကလေးတွေမွေးပြီး မိသားစုဘဝကြီးကို ပျော်ပိုက်သည်ဖြစ်စေ၊ မပျော်ရွှင်သည်ဖြစ်စေ တာဝန်ကြီးတစ်ခုပမာ ထမ်းဆောင်နေရချိန်တွင် သူမက ဘာအနှောင်အဖွဲ့မှ မရှိ။ ဒီပလိုမာများ ဆုတစ်ဖက်ကိတ်များဖြင့် လုံးထွေးပျော်မွေ့နေခဲ့သည်။

သူမမှာ တာဝန်ဝတ္တရားမရှိ၊ ညှိနှိုင်းရတာမရှိ၊ ပဋိပက္ခမရှိ၊ သစ္စာမဲ့ခံရခြင်းမရှိ၊ မျက်ရည်မရှိ၊ ဘယ်သူတစ်ဦးတစ်ယောက်၏ အပိုင်ဆိုင်ခံပစ္စည်း မဟုတ်။





သူမ ...စ်ယောက်တည်း ရှင်သန်ဖြတ်သန်းရသော ဘဝလမ်းတစ်လျှောက်တွင် ငြိမ်းချမ်းစွာ၊ တာဝန်ဝတ္တရားကင်းစွာ အနှောင်အဖွဲ့ကင်းစွာ၊ တစ်ခါတစ်ရံ ငြီးငွေ့အထီးကျန်စွာ ဖြတ်သန်းခဲ့ရသည်။

သူမနှင့် ရွယ်တူတန်းတူ သူငယ်ချင်းများက သားသမီး၊ မြေးမြစ်များနှင့် စည်ဝေရှုပ်ထွေး နေချိန်တွင် သူမက သံယောဇဉ်ကင်းစွာ တရားစခန်း ဝင်နိုင်လေပြီ။

သူမ သေဆုံးခါနီးအချိန်တွင် ဘယ်သားသမီးကိုမှ အမွေခွဲပေးစရာ မလို။ သူမ ပိုင်ဆိုင်သမျှ အိမ်ကို တရားရိပ်သာအဖြစ် လှူဒါန်းခဲ့သည်။ သူမ၏ ခန္ဓာကိုယ်ကိုတော့ ဆေးတက္ကသိုလ် ခန္ဓာဗေဒဌာနသို့ ကြိုတင်လှူဒါန်းထားပြီး ဖြစ်သည်။ မည်သူမှလည်း စိတ်အနှောင့်အယှက် မဖြစ်ရ၊ အငြင်းမပွားရ၊ အချင်းမများရ။

သူမ၏ နာရေးကြော်ငြာကိုတော့ လူတိုင်းက အံ့ဩဘနန်း အဆန်းတကြယ် သတိထားဖတ်ကြရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် သူမနာမည်၏ နောက်မြီးမှာ နေရာယူထားသော ဘွဲ့တွေက များပြားလွန်းလှသောကြောင့် ဖြစ်ပါသည်။

သူများတကာလို ခင်ပွန်းနာမည်၊ သားသမီးတွေ စီကာစဉ်ကာ စည်စည်ဝေဝေ မပါသော်လည်း စိတ်ဝင်စားဖွယ်ရာ ဘွဲ့တွေကတော့ တသီတတန်းကြီးပါပင်။

## အချစ်ကပေးသော





www.burmeseclassic.com

www.burmeseclassic.com



# က

သူမတို့ သူငယ်ချင်းနှစ်ယောက် ဘာကြောင့်များ ပေါင်းမိပါလိမ့်ဟု လူတကာက အံ့ဩဆန်းကြယ်ရလောက်အောင် ပင် နှစ်ယောက်၏ စရိုက်ချင်းက ဆန့်ကျင်ခြားနားလှသည်။ သို့သော် သူမတို့နှစ်ယောက် ပေါင်းမက်လိုက်လျှင်တော့ အလွန် အံဝင်ခွင်ကျရှိတာ အမှန်ပင်။

သူ့နာမည်က ထက်ထက်ဇော်ဖြစ်ပြီး နာမည်နှင့်လိုက် အောင် အလွန်ထက်မြက်လှတဲ့ မိန်းကလေးပါ။ ဘယ်တော့မဆို အရာရာမှာ သူကပဲ ဦးဆောင်ရမှ၊ ဆရာလုပ်ရမှ ကျေနပ်တတ်သူ



www.burmeseclassic.com

www.burmeseclassic.com



မို့ သူနဲ့ ပေါင်းသင်းတဲ့အခါ သူမအတွက် အစစအရာရာ အဆင်ပြေချောမွေ့စေပါတယ်။ ဘယ်ကိစ္စမဆို သူမက သူ့ရဲ့ဦးဆောင်မှုအောက်ကနေ အသာအယာ စီးမျောပြီး ရေသာခိုလိုက်ရုံပဲ၊ ထက်ထက်ကသာ ကကြီးကနေ အ,အဆုံး ရှေ့ဆောင်လုပ်ဆောင်ပေးလေ့ရှိပါတယ်။

ဥပမာပြောရရင် သူငယ်ချင်းနှစ်ယောက် အင်္ကျီဆင်တူ ချုပ်ကြရင်တောင်မှ ထက်ထက်က ပိတ်စဝယ်တော့လည်းသူ၊ အင်္ကျီချုပ်ဆိုင်သွားတော့လည်းသူ၊ သွားရွေးတော့လည်းသူ၊ သူမက သူရွေးလာပြီးသား အင်္ကျီကို အခန့်သားကလေး ဝတ်ရုံပါပဲ။

ချက်ပြုတ်စားသောက်ကြရင်တောင်မှ သူမ ဘာသာနိုင်ခံအပင်ပန်းခံပြီး ချက်ပြုတ်ပြင်ဆင်ပေးတတ်ပြီး သူမကတော့ စားပွဲရှေ့ရောက် အခန့်သားကလေး စားရုံပင်။

"ရွှေထက်ရယ် ... ရှင့်ကိုရတဲ့ ယောက်ျားတော့ တော်တော်ကံကောင်းမှာပဲနော်၊ ရှင့်အပြုစု အယုယကို ဇိမ်ကလေးနဲ့ အသာလေး မျောလိုက်ရုံကလေးပဲ၊ ကြိုက်တယ်၊ ကျွန်မ





ယောက်ျားယူရင် ရှင့်လို ဦးဆောင်တတ်တဲ့ ယောက်ျားမျိုးပဲ ယူမယ်"

လို့ သူမက ပြောတော့ ထက်က ...

"အို ... ကျွန်မကတော့ ဘာလုပ်လုပ် ကိုယ်ခြေကိုယ်လက် ဦးဆောင်ရမှ နေသာထိုင်သာရှိတာ၊ ကျွန်မ ယောက်ျားယူရင် ဆရာ မလုပ်တတ်တဲ့ ရိုးရိုးအေးအေးနဲ့ ကျွန်မနောက်ကလိုက်မဲ့ ယောက်ျားမျိုးကိုပဲ ယူမှာ"

လို့ ဆိုပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခ

သူမတို့ ချစ်သူအသီးသီး ရွေးချယ်တော့ ထက်က သူ့ရာဇဝင်အတိုင်း သူ ဦးဆောင်လို့ရမဲ့၊ ဆရာလုပ်ချင်တိုင်း လုပ်လို့ရမဲ့ သူ့ထက် ဆယ်နှစ်တိတိ ငယ်တဲ့၊ သားနဲ့တူတဲ့ ယောက်ျားကို ရွေးချယ်ခဲ့ပါတယ်။ ကောင်လေးက ငယ်ရွယ်သူ ကလေးမို့ ဘာတာဝန်မှ မယူတတ်ဘဲ အလကားနေရင်း ချွဲနွဲ့ ကလေးဆန်နေလေ့ရှိပြီး ထက်အပေါ် မှီခိုအနိုင်ယူလေ့ရှိပါ တယ်။

"မွှေထက်ရော်၊ ရှင် အဲ့ဒီကောင်လေးကို လက်ထပ်မလို့လား၊ ယောက်ျားတစ်ယောက်အနေနဲ့ လုံခြုံနွေးထွေးမှုလည်း မပေး





နိုင်၊ အားကိုးလို့လည်း မရ၊ ဘာတာဝန်မှလဲ မယူနိုင်၊ ရှင့် ဘဝ တစ်သက်လုံး ရှင်ကချည်းပဲ ဦးဆောင်ရုန်းကန်သွား ရမှာ"

လို့ သူမက သတိပေးတော့ ထက်က အပြုံးမပျက် ဖြေပါတယ်။

"ငါက အချစ်တစ်ခုတည်းနဲ့ပဲ သူ့ကို လက်ထပ်မှာဟ၊ သူ့အတွက် ဘာမဆို လုပ်ပေးရ လုပ်ပေးရ၊ အဲ့ဒါကိုပဲ ငါ ကျေနပ်တာ၊ ငါကပဲ ဦးဆောင်ချင်တာလေ၊ သူများဦးဆောင် ပြဿကို ငါကမှ မကြိုက်တာ"

အင်မတန် သတ္တိကောင်းလှတဲ့ ထက်က မိဘဆွေမျိုး တွေ ပိတ်ပင်တားမြစ်ထားတဲ့ ကြားကနေပဲ သူ့ချစ်သူကောင်လေး နဲ့ ခိုးရာလိုက်ပြေးခဲ့တယ်။ တကယ်တော့ ခိုးရာလိုက်ပြေးတယ်ဆို တာကလည်း သူကပဲ ဦးဆောင်ပြီး ခိုးပြေးတာပဲ ဖြစ်မှာပါ။

ထက်ကို စိတ်ဆိုးကြလွန်းလို့ သူ့မိဘတွေက အဖြေ ဖြတ် စွန့်ပစ်ထားလိုက်ပါတယ်။ ထက်ကတော့ မမှု။ ကောင်လေး



www.burmeseclassic.com

ဘက်ကလည်း ရွှန်းပစ်လိုက်ကြတော့ သူတို့ နှစ်ယောက်ဘဝကို သူကပဲ ဦးဆောင်တာဝန်ယူ ရုန်းကန်ပါတော့တယ်။

ထက်နှင့်သူမ ဖုန်းအဆက်အသွယ် မပြတ်ခဲ့သည်မို့ ထက် ဘယ်လောက် ပင်ပန်းဆင်းရဲစွာ ရုန်းကန်လှုပ်ရှားခဲ့ရတယ် ဆိုတာကို သူမက အစအဆုံး သိခွင့်ရခဲ့ပါတယ်။

ထက်က သူ့ကောင်လေးနှင့် ချစ်စနိုး ခေါ်ပုံကအစ 'ကလေး' တဲ့လေ။

"ကလေးကို ငါ ကျောင်းဆက်ထားပေးတယ် လင်းရေ၊ သူက ကျောင်းဆက်တက်ချင်တယ် ဆိုတာနဲ့ ငါ ထား ပေးတာပါ၊ ငါ အခု ရှိတာလေး ရောင်းချပြီး အိမ်ကလေး ငှားထားတယ်၊ အိမ်ရှေ့မှာ ထမင်းဆိုင်ကလေး ဖွင့်ထား တယ်၊ ငါ့ဘာသာ ချက်ပြုတ်ရောင်းတာပေါ့ဟာ၊ နင်သိတဲ့ အတိုင်း ငါ့လက်ရာက ကောင်းတော့ မဆိုးပါဘူး၊ ထမင်း ဆိုင်ကလေးက ရောင်းရပါတယ်၊ ကလေးကိုတော့ သူ့မိဘ တွေ လက်ထဲမှာထက်တောင် ကြော့မော့နေအောင် ငါ ထားပါတယ်ဟာ၊ အဝတ်အစားဆို ကြော့မော့သန့်ရှင်း နေတာပဲ၊ မင်းသားလေးတစ်ယောက်လို ငါ ထားတယ်၊ သူကတော့ တကယ့်ကလေးပဲ၊ ဘာမဆို ငါ လုပ်ပေးရမှ၊ ကျောင်းသွားခါနီးဆို မုန့်ဖိုးလက်ဖြန့်တောင်းတယ်၊ ထမင်း ဟင်းဆို ချက်ပြီးတာနဲ့ ပူပူနွေးနွေး အဆင့်သင့် ပြင်ဆင် ပေးရတယ်၊ တစ်ခါတစ်ခါ ခွံ့ကျွေးဆိုပြီး ပူဆာချွဲနွဲ့ရင် ငါက အရည်ကို ပျော်လို့ ပင်ပန်းသမျှကို မေ့ရော ...

အံမယ် ကျောင်းမှာ သူ့ကို လူပျိုပဲ မှတ်နေသလား မသိပါဘူးဟယ်၊ ငါ ကျောင်းကို လိုက်ပို့ပေးတာ မကြိုက် ဘူးတော်၊ ငါနဲ့သူ့ကို သူ့ကျောင်းက သူငယ်ချင်းတွေ က သားအမိ မှတ်လို့တဲ့ တော်ရေ၊ ဟား ... ဟား ... ဟား ...

ဒါကလည်း ငါပဲ ... ပင်ပန်းလွန်းတော့ မပြင်နိုင်၊ မဆင်နိုင်နဲ့ ရင့်အိုရုပ်ကျသွားတာ အဘွားကြီးရုပ်ကို ပေါက် ရော၊ ကလေးကတော့ နုလိုပျိုလို့ ..."

www.burmeseclassic.com



လို့ ပြောပြသံမှာ နာကြည်းသံ၊ နောင်တသံ တစ်စက်ကလေးမှ မပါဘဲ ကျေနပ်ဝမ်းမြောက်နေသံသာ လွှမ်းနေပါတယ်။ ယောကျ်ားကို ဆံဖျားကနေ၊ ခြေဖျားအထိ တယုတယ ပြုစု ချစ်မြတ်နိုးတတ်တဲ့ မိန်းမသားတစ်ယောက်ရဲ့ ရလဒ်ဟာ ဘယ်လိုမျိုးရှိမလဲလို့ သူမ မကြာခဏ အတွေးနယ်ချဲ့မိပါတယ်။





၈

သူမ လက်ထပ်ခဲ့သူက အားလုံးသိကြတဲ့အတိုင်း အစစအရာရာ သူမအပေါ် ဦးဆောင်မှုပေးမဲ့သူ၊ သူမဘဝကို လိုလေသေးမရှိအောင် ဖြည့်ဆည်းပံ့ပိုးပေးမဲ့သူ၊ သူမ ဘာတစ်ခုမှ ပူပန်စရာ၊ တာဝန်ယူစရာမလိုဘဲ သူမကို ရွှေပေါ်မြတင် ထားနိုင်မဲ့၊ တစ်သက်လုံး မြတ်နိုးယုနိုင်မဲ့ ယောကျ်ားတစ်ယောက်ကိုသာ မိဘတွေ သဘောတူကြည်ဖြူမှုနဲ့ အလိုက်သင့်ကလေး လက်ထပ်ခဲ့ပါတယ်။ သူမတို့ မင်္ဂလာပွဲဟာ အလွန်ပဲ ခမ်းနားကြီးကျယ်



www.burmeseclassic.com

www.burmeseclassic.com



လုပြီး ဒီမင်္ဂလာပွဲ အောင်မြင်ဖြစ်မြောက်ဖို့အတွက် သူမ ဘာတစ်ခုမှ တာဝန်မယူလိုက်ရပါဘူး။ အစစအရာရာ အရန်သင့်၊ အဆင်သင့်။

သတို့သမီး ဝတ်စုံကလေး လှလှပပဝတ်ပြီး မင်္ဂလာလမ်းမတစ်လျှောက် ညင်ညင်သာသာ သိမ်သိမ်မွေ့မွေ့ကလေး လျှောက်လှမ်းပေးရုံသာ သူမရဲ့တာဝန်ပါ။

အချစ်ဆုံး သူငယ်ချင်းမို့ မရွှေထက်ကို မရရအောင် ဖိတ်ခဲ့ပါတယ်။ သူမနဲ့ ထက် မတွေ့ဖြစ်တာလည်း နှစ်နဲ့ချီပြီး ကြာမြင့်ခဲ့ပြီလေ။ မင်္ဂလာပွဲဖိတ်စာပို့တဲ့ တာဝန်ကို သူမရဲ့ အမျိုးသားကသာ တာဝန်ယူ ဖိတ်ပေးတာမို့ ထက်ရဲ့ လိပ်စာကို သူမ ရေးပေးလိုက်ရုံသာရှိပြီး လူချင်းမဆုံဖြစ်ခဲ့ပါ။

မင်္ဂလာပွဲနေ့မှာ သူမ ထက်ကို လူသူပရိသတ်ကြားမှာ အသည်းအသန် ရှာဖွေနေခဲ့ပါတယ်။ ဒါပေမဲ့ ထက်နဲ့တူတဲ့မိန်းမကိုတောင် မတွေ့ရ။ သူမရဲ့ မင်္ဂလာပွဲကိုတောင် ထက် ရောက်





မလာနိုင်ပါလားလို့ နာကြည်းမယ်ပြင်ဆဲမှာ ရင်းနှီးနေတဲ့ အသံတစ်ခုကို ဖျတ်ခနဲ ကြားရပါတယ်။

"မိရွှေလင်း … လှလိုက်တာအေ၊ နင် သိပ်ကံကောင်းတာပဲ"

သူမက အသံလာရာဆီ ချာခနဲ လှည့်ကြည့်လိုက်မိစဉ်မှာ လုံးဝ မှတ်မိချင်စရာမကောင်းလောက်အောင် မှုန်သီရီဝေနေတဲ့ မျက်လုံး၊ ဖွေးဖွေးဖြူနေတဲ့ ဆံပင် ဖိုသီဖတ်သီ၊ ပါးနှစ်ဖက်ပေါ်က တင်းတိပ်ကွက် ညိုရင့်ရင့်နဲ့ အရောင်မှိန်နွမ်းလှတဲ့ ဝတ်စုံနဲ့ ရင့်ရော်အိုစာနေတဲ့ မရွှေထက်။ သူ့ရဲ့ သွားမှာတော့ ကြော့မော့ကော့ပျံနေတဲ့ လည်ကတုံးရုပ်အကျီ အဖြူဆွတ်ဆွတ်လက်ရှည်၊ ပိုးယောပုဆိုး နီညိုရောင်နဲ့ ကတ္တီပါခင်းဖိနပ်နီညိုရောင်နဲ့ မင်းသားတစ်ပါးလို သန့်ပြန့်နုပျိုနေတဲ့ မရွှေထက် ယောကျ်ားကို ရုပ်အဆင်းမပျက် တွေ့ရပါတယ်။

"ကြည့်စမ်း … ရွှေထက်ရယ်၊ ရှင် ဘယ်လိုဖြစ်သွားရတာလဲ၊



www.burmeseclassic.com

www.burmeseclassic.com



အိစာလိုက်တာ၊ ရုပ်တွေကျလိုက်တာ၊ ကျွန်မမှတ်တောင် မမှတ်မိဘူး၊ ဘယ်က အဘွားကြီးလဲ မှတ်လို့၊ ဘယ်လို ဖြစ်ရတာလဲဟယ်"

သူမက စိတ်မကောင်းလွန်းတဲ့ အသံနဲ့ လွှတ်ခနဲ ပြောမိတော့ ရှေ့ထက်က အပြုံးမပျက် ပြန်ဖြေပါတယ်။

"သြော် ... နင် ငါ့ကို မကြည့်နဲ့၊ ငါ ချစ်တဲ့လူကိုသာ ကြည့်၊ ငါချစ်တဲ့သူကို တောက်ပပြောင်တက်လာအောင်၊ အရောင်တက်လာအောင်၊ အဖိုးတန်လာအောင် ပွတ်တိုက် အရောင်တင်ပေးရင်း ငါကတော့ ပွန်းပဲ့ တိုက်စားလာတာ ပေါ့ဟယ်၊ ငါက ဘာနဲ့ တူသလဲ သိလား ... ကျောက်သွေးတဲ့ ကျောက်နဲ့တူတယ်၊ ဟား ... ဟား ...

ငါရဲ့ ကျောက်ရိုင်းတုံးကလေးက အခုတော့ အဖိုးတန်ကျောက်ကလေး ဖြစ်လာပြီလေ၊ ကလေးက ဘွဲ့ရသွားပြီလေ"





လို့ပြောတဲ့ စကားသံတွေထဲမှာ ဂုဏ်ယူပီတိ၊ ကြည်နူးမှုနဲ့ အချစ်တွေကို သူမ တွေ့လိုက်ရတော့ သက်ပြင်းသာ ချိုးရှိုက်မိပါတယ်။ နောင်တ ကင်းစင်မြဲ။ "အချစ်"ဆိုတဲ့ အရာကြီးဟာ အင်မတန် ကြောက်စရာပါလားကွယ်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



သူ့အသက် ခုနစ်ဆယ် နီးခဲ့ပြီ။ သူ့အမျိုးသမီးက လွန်ခဲ့သော ငါးနှစ်က ဆုံးခဲ့လေသည်။ အမျိုးသမီး ဆုံးချိန်တွင် သားသမီးတွေ အားလုံးက အဝေးသို့ ရောက်နေခဲ့ကြသဖြင့် ပြန်မလာနိုင်ကြပါ။ တချို့က အမေရိကမှာ၊ တချို့က အင်္ဂလန်မှာ၊ တချို့က ဂျပန်မှာ အသီးသီး ရောက်နေကြကာ အိမ်ထောင်ရက်သားတွေ ကျနေကြပြီ။

မွေးထားတုန်းကတော့ သားသမီးငါးယောက်မို့ သူတို့မိသားစုကြီးမှာ မီးရထားတွဲကြီးသဖွယ် အလွန်ပျော်ရွှင်စရာ စည်ကားသိုက်မြိုက်ခဲ့ဖူးပါသည်။ သို့သော် အဲဒါတွေသည် တစ်ချိန်က ဖြစ်သည်။ အားလုံး Gone with the wind ကုန်ပြီ။

ယပ်တောင်နှစ်လခ

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းကတော့ သူတို့ဘဝဇာတ်လမ်း အတွက်ပဲ သွားကြပါစေလေဟု ခွင့်ပြုခဲ့သည်။ သူ့ဘေးမှာ အေးအတူပူအမျှ ချစ်ဇနီး ရှိခဲ့တာကိုး။ သူနှင့် သူ့ဇနီးသည် တစ်ယောက်ကိုတစ်ယောက် အလွန်နားလည်နိုင်သော တကယ့်ဘဝခရီးဖော် ဖြစ်ခဲ့၏။ အပြန်အလှန် လေးစားချစ်မြတ်နိုးကာ ဂရုစိုက်ယုယကြသောကြောင့် သားသမီးတွေ တစ်ယောက်ပြီးတစ်ယောက် အသီးသီး ရင်ရိပ်စွန့်ခွာသွားကြသောအခါ ခံနိုင်ရည် အင်အား သိပ်မနည်းခဲ့ကြ။ တစ်ယောက်နားမှာ တစ်ယောက်က အားပေး အချိန်ကုန်စေခဲ့သည်။

"သူတို့လည်း တို့အနားမှာ အမြဲ ဘယ်နေနိုင်မလဲကွာ၊ သမီးကြီးက ပြောတယ်မှလား၊ သူတို့ ဘဝတက်လမ်းအတွက် သူတို့ စွန့်စားပါရစေတဲ့။ ခွင့်မပြုရင် တို့တစ်ကိုယ်ကောင်းဆန်ရာ၊ အတ္တကြီးရာ ရောက်မှာပေါ့။ မဟုတ်ဘူးလား။ သားသမီးဆိုတာ ဧည့်သည်ပါကွာ"ဟု သူက ဇနီးသည်ကို နှစ်သိမ့်ဖျောင်းဖျခဲ့ရ၏။ ဇနီးသည်က အလွန်အေးချမ်းပြီး အမြဲပြုံးနေတတ်သော





မျက်နှာထားကို ပိုင်ဆိုင်ထားသူ တစ်ယောက်ပီပီ တပြုံးပြုံးနှင့် ခေါင်းတွေညိတ်လို့။

သားသမီးတွေ အသီးသီး ထွက်ခွာကုန်ကြသောအခါ သူတို့နှစ်ယောက် ဘဝအသစ်ကို ပြန်လည်ထူထောင်လိုက်ကြသည်။

ထိုဘဝအသစ်က အတော်ပျော်မွေ့ဖွယ် ကောင်းပါသည်။ မနက်မိုးလင်းလျှင် သူတို့ ဇနီးမောင်နှံနှစ်ယောက် လမ်းလျှောက်ထွက်ကြ၏။ မယုံမရှိနဲ့။ သူ့ဇနီးက သူ့လက်မောင်းကို ဖွဖွဆုပ်ကိုင်ထားတတ်သည်မှာ သူမ အကျင့်ပင်။

ဘေးက လမ်းသွား လမ်းလာတွေက သူတို့နှစ်ယောက်ကို သိပ်ချစ်ကြတဲ့စုံတွဲဟု ပြုံး၍ ကြည့်သွားတတ်ကြသည်။ အဲဒါကို သူ သဘောကျပါသည်။ သူတို့ အထီးမကျန်ကြပါ။

အသက်ခြောက်ဆယ် ကျော်လာသည့်တိုင် သူတို့မှာ ပြောစရာစကားတွေ အများကြီး ကျန်နေပါသေးသည်။ အချစ်တွေလည်း မကုန်ခမ်းနိုင်သေးပါ။ မေတ္တာ၊ ကရုဏာ၊ အကြင်နာလေးတွေပင် အဆစ်ပိုလာခဲ့သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဈေးအတူဝယ်၊ အိမ်ပြန် ချက်ပြုတ်ကြတော့လည်း သူတို့နှစ်ယောက် အတူတကွ၊ ထမင်းစားတော့လည်း အတူတူ စကားလက်ဆုံကျရင်းပေါ့။ ပြီးတော့ စာအတူဖတ်သည့်အခါဖတ်၊ ဗီဒီယို အတူကြည့်သည့်အခါကြည့်၊ တရားထိုင်ကြသည့်အခါထိုင်၊ တစ်ခါတလေ မိတ်ဆွေသူငယ်ချင်းတွေအိမ်ဆီ လည်ပတ်ကြရင်း တစ်နေ့တာကို ဖြတ်သန်းကြသည်။ ဘဝကို ငြီးငွေ့ရကောင်းမှန်း ပင် မသိချိန်မှာ အမေကြီးသည် ငြိမ်းချမ်းလှစွာ သူ့ကို လက်တွဲ ဖြုတ် နှုတ်ဆက် ထွက်ခွာသွားနှင့်ပါသည်။

သူမ သေတော့မယ် ဆိုတာကို သိတော့ သူမက "အမေကြီးရယ်၊ ဒီလမ်းကို လူတိုင်း မလွဲမသွေ လျှောက်ရမှာပါ၊ ကျွန်မက အရင်သွားနှင့်တာပါ။ ရှင် အားမငယ်ပါနဲ့နော်၊ ရှင့် ဘေးမှာ ကျွန်မ မရှိတော့ရင် ရှင်ကိုယ်တိုင် ပိုပြီး ဂရုစိုက်ပါ။ ပိုပြီး ကျန်းမာအောင် ပျော်ရွှင်အောင်နေပါ"ဟု အေးအေးချမ်းချမ်း မှာသွားနိုင်ခဲ့သေးသည်။ အထီးကျန်ခြင်းသည် သူမ ပြီးဆုံးချိန်မှ စ၍ သူ့ဆီသို့ ပြန်းခနဲ ကျရောက်လာခဲ့တော့တာဖြစ်သည်။





သားသမီးတွေက လူတွေသာ ပြန်မလာနိုင်သော်ငြား ပိုက်ဆံတွေ၊ ပစ္စည်းတွေ လူကြုံနှင့်ရော စာတိုက်ကပါ ပို့ပေးတတ် ပါသည်။ သူ့အိမ်မှာ ပစ္စည်းအဆန်းတွေ ပြည့်နှက်နေသည်။ TV ကြီးမှာ 29"၊ ဂြိုဟ်တုအသံလွှင့်စက်၊ VCD၊ DVD စုံလင် နေအောင် ရှိသော်လည်း သူ့ဘေးမှာ ဘယ်သားသမီးမှ မရှိပါ။ သားသမီးတွေ ပို့လိုက်သော ပစ္စည်းတွေကို သူ အလှပြထားရုံသာ တတ်နိုင်သည်။ အိမ်ဖော်မိန်းမက ညစဉ် TV ရှေ့မှာ ထိုင်ကာ TV ကြည့်လိုက်၊ TV အစီအစဉ် ပြီးရင် ဂြိုဟ်တုကို တစ်လိုင်းပြီး တစ်လိုင်း ပြောင်းကြည့်လိုက်နှင့် ခိမ်ကျနေတတ်တာကို ကြည့် ရင်း သူ ပြုံးမိသည်။

"သြော် ... ငါ့ သားသမီးတွေ ပို့ပေးတဲ့ ပစ္စည်းတွေက လက်စသတ်တော့ အိမ်ဖော်အတွက်ပါလား"ဟု တွေးမိသောကြောင့် ဖြစ်သည်။ Microwave Oven ကြက်ကင်စက် စသဖြင့် ပစ္စည်း ကိရိယာ အစုံအလင်နှင့် အိမ်ဖော်အမျိုးသမီးက အမျိုးမျိုး စိတ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်းကျ ချက်ပြုတ်စားသောက်တတ်သည်။ သူကတော့ အသားကင်တွေကို မခင်တွယ်လှတော့ဘဲ သတ်သတ်လွတ် ရေလုံပြုတ်ကိုသာ အလေ့လုပ်နေသည်။ ဪ ... လောကကြီးနှယ် တရားကျဖို့ကောင်းလေစွဟု သူ တွေးမိပါသည်။

ခုနေ သားသမီးတွေ ပြန်လာရင် သူ မှတ်တောင်မှတ်မိပါ့မလား တွေးသည်။ သူ့မှတ်ဉာဏ်က တဖြည်းဖြည်းနည်းပါးလာခဲ့သောကြောင့်ဖြစ်သည်။ သူ သေရင်တောင် သားသမီးတွေနဲ့ ပြန်တွေ့ရပါ့မလား မသိ။

ခုတလော သူ သတိတွေ အလွန်မေ့တတ်လေသည်။ ခုချက်ချင်းပင် သူ ဘာမှန်းမသိလောက်အောင် မေ့သွားတတ်ခဲ့ပြီ။ ခုနက သူ ဘာလုပ်နေခဲ့သလဲ ဆိုတာ သူ ပြန်မမှတ်မိ။ ဒီပစ္စည်းကို ဒီမှာထားခဲ့ပြီး သူ မေ့သွားပြီ။ စကားပြောနေတုန်းဖြန်းဆို သူ ဘာပြောနေတယ် ဆိုတာကို ချက်ချင်း မေ့သွားတတ်၏။





ဂျပန်မှ သားပို့ပေးလိုက်သော Mark II အလုံကားကြီးကိုတော့ သူ့ဘာသာသူ မောင်းနိုင်သေးသည်။ ဒရိုင်ဘာမထားချင်သောကြောင့် သူ့ဘာသာပဲ မောင်းသည်။ မောင်းသည်ဆိုတာကလည်း တစ်ခါတစ်ရံပါ။ ဆီထုတ်ရုံ၊ ဘုရားသွားရုံ၊ လက်ဖက်ရည်ဆိုင်သွားရုံ စသဖြင့်သာ သုံးလေ့ရှိပြီး ဂိုဒေါင်ထဲသော့ခတ် ခြင်ထောင်ချထားတာ များပါသည်။ တစ်ခါတစ်ရံသူ့ဘာသာသူ လမ်းလျှောက်သွားရတာကမှ ပို၍ လွတ်လပ်စိတ်ချမ်းသာဖွယ် ကောင်းသေး၏။

တစ်နေ့တော့ သူ ဘုရားကို ကားမောင်းပြီး သွားခဲ့၏။ ဘုရားက ပြန်ဆင်းလာတော့ သူ့မိတ်ဆွေတစ်ယောက်နှင့် တွေ့ကာသူ့ကား ပါလာတာကိုမေ့ပြီး မိတ်ဆွေ၏ကားနှင့် အိမ်သို့ ပြန်ခဲ့သည်။ ထိုနေ့တစ်နေ့လုံး သူ့ကားအကြောင်းကို လုံးလုံး မစဉ်းစားမိ။

နောက်တစ်နေ့မှ ကားထုတ်မယ် ကြံတော့ ဂိုဒေါင်ထဲမှာ သူ့ကားကို မတွေ့ရတော့ ကားခိုးခံရပြီဟု သူ ဗျာများသွားကာ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်များသွားခဲ့ပါသည်။ ရဲစခန်းမှာ ကားပျောက်မှုတိုင် အမှုဖွင့်၊ ပရိဒေဝ သောကမီးတွေ တောက်လောင်ပြီး သူ မအိပ်နိုင်ချေ။ သားသမီးတွေဆီလည်း ကားပျောက်သည့်အကြောင်း e-mail ပို့ရသည်။

သားသမီးတွေကတော့ ချော့မော့ဖျောင်းဖျကြတာပေါ့။ ပစ္စည်းသခ်ါရ ဘာညာ စသဖြင့် အဖေ စိတ်မကောင်းဖြစ်နေတာကို သိတော့ အားပေး နှစ်သိမ့်ကြပါသည်။ သို့သော် အဖေကို ယုယစွာ ပိုက်ထွေးနမ်းရှုံ့ဖို့ စိတ်မကူးမိကြပါ။

နောက်တစ်နေ့ကျတော့ သူ ဘုရားသို့ သွားသည်။ ဘုရားပေါ်က ပြန်ဆင်းလာတော့ ကားရပ်တဲ့နေရာမှာ သူ့ကားကို တွေ့ရတော့ သူ အံ့သြနေခဲ့သည်။ အို ... ဒီကားကြီးဟာ ငါ့ကားနဲ့ တူလိုက်တာလို့ တွေးပြီး ကားကြီးကို ပွတ်သပ်လျှောက်ကြည့်လို့ ကားနံပါတ်ကို မြင်တော့မှ ...

"ဟာ ... ဒါ ငါ့ကားပဲ"ဟု သူ ဝမ်းသာအားရ အော်မိသည်။ ကားအထဲမှာ ကားသော့က တန်းလန်းပဲ ဖြစ်သည်။





သူ ခပ်တည်တည် ဝင်ထိုင်စက်နှိုးကာ မောင်းထွက်ခဲ့ပြီး ကားပျောက်မှု တိုင်ထားမိတဲ့ စခန်းမှာ အမှုသွားပိတ်ရပါသည်။ ကဲ ... ဘယ်လောက် ရယ်စရာကောင်းတဲ့ အဖြစ်ပါလဲ။ မေ့တတ်ပုံများ ကြံကြံဖန်ဖန်ပါပဲလေ။

ထိုအကြောင်းကို သားသမီးတွေ ပြန်ပြောပြရင်း သူ ရယ်မောမဆုံးချေ။ သားသမီးတွေက "ဖေဖေ့ အသက်အရွယ်နဲ့ ကားကို ကိုယ်တိုင် မမောင်းသင့်တော့ဘူး၊ ဒရိုင်ဘာ ထားမှပေါ့" ဟု အသီးသီး ဆိုကြတော့ သူက ခေါင်းကို အသာခါယမ်းမိသည်။

နေပါဦးကွယ်။ မင်းတို့ကို ဖေဖေ မေးချင်ပါတယ်။ အိမ်က တီဗီဟာ အိမ်ဖော်ကြည့်ဖို့၊ အသားကင်စက်ဟာ အိမ်ဖော်သက်သာဖို့၊ ဖေဖေ့အတွက် ဘာများထူးလို့တုန်း။ အခုလည်း ကားကိုသာ ဒရိုင်ဘာလက်ထဲ သွားချင်ရာသွားချိန်မှာ ဖေဖေက တုတ်ကောက်ဆွဲပြီး လမ်းလျှောက်နေဖို့ပဲ ရှိတယ်။

ဖေဖေ လိုချင်တာ အဲဒါတွေ ဘာတစ်ခုမှ မကုတ်ဘူးနော်။ သားသမီးတွေ စုံစုံလင်လင်၊ တစုတဝေးနဲ့ စိစိညံ



www.burmeseclassic.com


www.burmeseclassic.com



ပျော်ရွှင်နေတဲ့ မိသားစုဆီက မေတ္တာပါ။ မေတ္တာကိုသာ ရရင် ဖေဖေ့အတွက် ဘာမှ အရေးတကြီး မလိုအပ်တော့ဘူးဆိုတာ ဖေဖေ ပြောပြချင်တယ်။

သို့ပေမဲ့ သူ မပြောဖြစ်ခဲ့ပါ။ သူ သေသွားသည့်တိုင် အောင်လည်း သူ့ သားသမီးတွေ သိအောင် ပြောပြဖြစ်တော့မည် မထင်ပါ။





www.burmeseclassic.com

www.burmeseclassic.com



က

အရွယ်တော် တစ်စိတ်ပိုင်းလာလျှင် "အပျိုကြီး"ဟု ခေါ်ဝေါ်ကျီစယ်ခံရလေတိုင်း မိန်းမတော်တော်များများက စိတ်ဆိုးဒေါသထွက်ကြသော်လည်း၊ သူမကတော့ ဘယ်တော့မှ စိတ်ဆိုးတတ်လေ့မရှိဘဲ ပြုံးနေတတ်လေသည်။ အကြောင်းမှာ ထိုအပျိုကြီး ဟူသော သင်္ကေတ၏ နောက်ကွယ်မှာ သန့်စင်ခြင်း၊ ငြိမ်းချမ်းခြင်း၊ ပွပန်သောက ကင်းခြင်း၊ သံယောဇဉ် အနှောင်အဖွဲ့မှ လွတ်မြောက်ခြင်း ဟူသော အဓိပ္ပာယ်ကို သူမ အလွန်ကြိုက်သောကြောင့် ဖြစ်ပါသည်။

---

အဝတနာတဝေ

www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးသော မိတ်ဆွေများက ...

"အပျိုကြီး လုပ်မလို့လားဟင်၊ မလုပ်ပါနဲ့ကွယ်၊ အသက်ကြီးလာရင် ဒုက္ခရောက်တတ်တယ်"

"အပျိုကြီးဆိုတာ အင်မတန် ဇီဇာကြောင်တတ်တာ၊ ဘယ်တော့မှ ကိုယ်ချင်းမစာတတ်ဘူး၊ မိသားစုမှ ကိုယ်ပိုင်မရှိတာကိုး၊ အဲဒီတော့ အင်မတန် ခွကျချင်တယ်"

ဟု အပျိုကြီးဘဝကို သုံးသပ်ပြသည်။ သူမ အလွန်လေးစား အထင်ကြီးရသော ဆရာကြီး (ဆရာ့အား လေးစားသောအားဖြင့် နာမည်မဖော်ပြတော့ပါ) ကတော့ ...

"အပျိုကြီးတွေကို မိသားစု မရှိဘူးလို့ မပြောနဲ့လေ၊ သူ့ရဲ့ မောင်မှူး[illegible]တွေဟာ သူ့မိသားစုပေါ့၊ မိသားစုဘဝဆိုတာ လူတိုင်းမှာ ရှိကြပါတယ်"

ဟု ရှိုသာယဉ်ကျေးသော အသံကလေးဖြင့် ပြုံးပြုံးကလေး ပြောဖူးပါသည်။





တကယ်တော့ သူမအနေနှင့် ကိုယ်ပိုင်မိသားစုဘဝကလေးတစ်ခုကို အခါအခွင့်သင့်တိုင်း စိတ်ကူးယဉ်ဖန်တီးတည်ဆောက်ခဲ့ဖူးပါသည်။ ချစ်စရာကောင်းသော မိသားစုဘဝလေးတွေကို သူမ အလွန်အားကျခဲ့ဖူး၏။ အိမ်ထောင်တစ်ခုမှာ လင်ယောကျ်ားနဲ့ ဇနီးမောင်နှံနှစ်ဦး ချစ်ချစ်ခင်ခင်၊ အပေးအယူ သင့်မြတ်ကြသော ဦးကျော်ဟိန်းနှင့် အန်တီမီးတို့ မိသားစုကလေးကို သူမ အလွန်သဘောကျခဲ့သည်။ သားသမီးတွေကို ပြုစုပျိုးထောင်ပုံ၊ သူတို့ဘဝလေးတွေကို စနစ်တကျ မြေတောင်မြှောက်ပေးပုံ၊ လွတ်လပ်စွာ တွေးခေါ်ခွင့် ပေးထားပုံတို့ကို သူမ အနည်းငယ် သိဖူးလေသည်။

ထိုအခါ ငါ့မိသားစုလေးကျရင် ဟူသော စိတ်ကူးယဉ်အိပ်မက်မျိုး သူမ မက်ခဲ့ဖူးပြန်၏။ ပြီးတော့ ကိုကျော်သူတို့မိသားစုကလေးကို သူမ သဘောကျသည်။ ကိုဇော်ဝင်းထွဋ်နှင့်မမေခိုင်တို့ မိသားစုကလေးကို သဘောကျစံတင်မိသည်။

www.burmeseclassic.com

မိသားစုတစ်စုတွင် အဓိကအရေးပါအရာရောက်

သောကက္ကမှာ ဖခင်တစ်ယောက်ရဲ့ ကဏ္ဍပဲဆိုတာ သူမ သိမြင်

လာ၏။ ဖခင်သည် သားသမီးများ၏ သူရဲကောင်းဖြစ်ရမည်။





၁

BURMESE CLASSIC .com

သားသမီးများ၏ သူရဲကောင်းဖြစ်ရမည့် ယောကျ်ား တစ်ယောက်မှာ ဘယ်လိုစံပြုရမည့် အရည်အသွေးတွေ ရှိရမှာပါနည်း။ သူမ တိုင်းတာသော 'စံ'တွေက သိပ်များလှပါသည်။

သူမ၏ အားနည်းချက်မှာ လူတွေကို အသေးစိတ် အပြုအမူ အပြောအဆိုကလေးတွေကိုကအစ မသိမသာ အကဲခတ်နေတတ်ပြီး ယောကျ်ားတစ်ယောက်ရဲ့ ချွတ်ယွင်းချက်တစ်ခုခုကို မကြာခင်မှာ ဖျတ်ခနဲ မြင်တွေ့သွားတတ်လျှင် ဘယ်လိုမှ အထင်ကြီးလို့ မရတော့သော ရောဂါပင်ဖြစ်သည်။ မိမိ အထင်သေးသွားသော ယောကျ်ားတစ်ယောက်ယောက်၏ ပိုးပန်းခြင်းခံရလျှင်လည်း အင်



www.burmeseclassic.com

www.burmeseclassic.com



မတန် ဆတ်ဆတ်ခါအောင် နာတတ်ကာ ပြတ်ပြတ်သားသား ငြင်းပစ်တတ်လေသည်။ ဒီလိုလူမျိုးသည် သားသမီးများ၏ သူရဲကောင်း ဘယ်တော့မှ မဖြစ်နိုင်ဆိုတာကို သူမက ချက်ချင်းသိလေ၏။

"ဒါကြောင့် ခုချိန်ထိ အပျိုကြီး ဖြစ်နေတာ၊ ကိုယ့်ဆီလာသမျှ လူတွေကျတော့လည်း ကိုယ်က မကြိုက်နိုင်၊ ကိုယ်ကြိုက်တဲ့ လူစားမျိုးကျတော့ အသက်က တဖြည်းဖြည်းကြီးလာပြီ"

ဟု သူငယ်ချင်းတွေက နောက်ပြောင်လျှင်သူမက သာသာယာယာပြုံးပြီး ...

"အို ... အဖိုးထိုက်တန်တဲ့ ရတနာဆိုတာ ဘယ်တော့မှ ဈေးမလျှော့တတ်ဘူးကွယ့်"

ဟု စပ်ကြောကြောလေး တင်တင်စီးစီး ပြန်ပြောတတ်၏။



BURMESE CLASSIC .com



၈

တစ်နေ့ကတော့ ကျောင်းတုန်းက သူငယ်ချင်းတစ်ယောက်နှင့် ဖုန်းပြောဖြစ်သည်။ သမီးနှစ်ယောက်အမေ ဖြစ်နေသော အိမ်ထောင်ရှင်မထံမှ ခြူသံ၊ ခလောက်သံပါအောင် ညည်းညူသံတွေ ညံစီအောင် ကြားလိုက်ရသောအခါ သူမ စိတ်ညစ်သွားလေသည်။ သူငယ်ချင်း၏ ယောက်ျားက သင်္ဘောကပ္ပတိန် ဖြစ်သောကြောင့် သူတို့ အလွန်ချမ်းသာပါသည်။ ငွေကြေးအရ မပူပန်ရ။ သူငယ်ချင်းကလည်း သုံးလိုက်လျှင် အကောင်းဆုံးပစ္စည်းတွေမှ ဒိတ်ဒိတ်ကြဲနေအောင် သုံးဖြုန်းနိုင်သူဖြစ်ရာ ...



www.burmeseclassic.com

www.burmeseclassic.com



"ရွှေအေးရယ်၊ ရှင့်မှာ ဘာများ ပူပန်စရာရှိလို့တုန်း၊ ယောက်ျားက အဆင့်အတန်းမြင့်မြင့်၊ လခကလည်းကောင်း၊ ရှင် ဘာအလုပ်မှ မလုပ်ဘဲ ကိုယ့်သမီးတွေကို ပြုစုပျိုးထောင်ရုံပဲ"

ဟု သူမက ဖျောင်းဖျမိကာမှ ပိုဆိုးတော့၏။ မိအေး၏ အသံမှာ ဒေါသတွေ တလိမ့်လိမ့် တက်လာသောအသံဖြင့် ...

"ဟဲ့ ရွှေထားရဲ့၊ ရှင်ကတော့ ပြောမှပေါ့၊ ကျုပ်မှာ ဆရာဝန်ဘဝကနေ ဆရာဝန်မလုပ်ဘဲ ကလေးထိန်းနာနီဘဝ ရောက်မှန်းမသိ ရောက်နေတာ၊ တကယ်ကော့ လုလုပပကလေး အညွှန့်ချိုးခံရတာရှင့်၊ သိရဲ့လား၊ ကျုပ်မှာ တစ်နေ့တစ်နေ့ သမီးနှစ်ယောက် ဝေယျာဝစ္စနဲ့ ဗျာကိုများနေတာပဲ၊ ကိုရွှေယောက်ျားကလေ ပိုက်ဆံတွေတော့ ရှာပေးပါရဲ့၊ သူ့ဘဝက တစ်ချိန်လုံး သင်္ဘောပေါ်မှာ၊ ကျုပ် ဗိုက်တစ်လုံးရပြီဆို သူ သင်္ဘောတက်သွားပြီလေ။





ကလေးမွေးပြီးမှ သူက အခန့်သားလေး ပြန်လာဖော်ရတာ၊ ဘာတာဝန်မှ ယူတတ်တာ မဟုတ်ဘူး၊ အမြဲတမ်း ဝေးနေတာ၊ အိမ်ထောင်တစ်ခုမှာ ပိုက်ဆံရှာရုံနဲ့လည်း တာဝန်ကျေတာ မဟုတ်ဘူး ရွှေထားရဲ့၊ ဒါတွေ ရှင် မသိပါဘူးလေ၊ ရှင်က အပျိုကြီးကိုး"

ဟု သာသာကလေးနက်ကာ ဖွင့်ချသွားလေတော့ သူမမှာ ရင်မောကာ ကျန်ခဲ့ရသည်။ သူငယ်ချင်းက ကလေးတွေ ကျောင်းပို့ကျောင်းကြိုလည်း သူ၊ ကလေးထိန်း ကောင်မလေးတွေ ပြန်သွားရင် အိမ်ဖော်လိုက်ရှာရတာလည်း သူ၊ ချက်ပြုတ်ရတော့လည်း သူ၊ ကလေးထိန်းရတော့လည်း သူ၊ အစစအရာရာ သူ့တာဝန်ချည်းပဲဟု ဆိုလေတော့ သူမ စိတ်ညစ်သွားသည်။ ပိုက်ဆံတွေ ပြည့်စုံအောင် ရှာဖွေပေးနိုင်သော်လည်း ကလေးတွေရဲ့ သူရဲကောင်းမှ မဖြစ်တာနော်။



www.burmeseclassic.com

www.burmeseclassic.com



ယ

ပျင်းပျင်းရှိသည်နှင့် နောက်ထပ် သူငယ်ချင်းတစ်ယောက်ဆီ ဖုန်းဆက်ခဲ့မိကာမှ 'မှားပါတယ်'ဟု အော်ချင်စိတ်ပေါက်သွားရပြန်လေသည်။

"ငါ့ယောက်ျားကတော့ဟော့ နေ့နေ့ညည မခွဲမခွာ၊ တပူးတွဲတွဲတော့ ရှိပါရဲ့၊ ပိစိပစပ်က အင်မတန်များ နီတာကြောင့် တစ်ချိန်လုံး မြင်းအီးပေါက်သလို ဟိုဟာလုပ် လုပ်ပြန်ပြီ၊ ဒီဟာလုပ် လုပ်ပြန်ပြီနဲ့ အရစ်ရှည်လို့မဆုံးဘူး၊ ကလေးတွေကိုလည်း ဂရုစိုက်ပါတယ်၊ သူပဲ ကျောင်းကို





ကျောင်းပို့၊ အိမ်မှာ ထမင်းဟင်းချက်၊ တာဝန်တော့ယူပါရဲ့၊ မိန်းမကြီးတစ်ယောက်လိုပဲ တဖျစ်တောက်တောက်နဲ့၊ ငါက နားငြီးတော့ သည်းမခံနိုင်ဘူးဟ ...

သိတယ် မဟုတ်လား ငါက စီးပွားရှာနေတဲ့ မိန်းမလေ၊ ပြောင်းပြန်ဖြစ်နေတာ၊ အဲဒါကိုများ ငါက အရိပ်အမြွက်ကလေး ပြောမိရင် အမယ်လေး ... သူက ဆူပူသောင်းကျန်း ပြဿနာရှာလို့ မဆုံးဘူးတော်၊ ငါ့မှာ မိသားစုတာဝန်ကို ငါက ယူရပြီး ငါ ရှာကျွေးနေတယ်ဆိုတာကို မပြောရဲတဲ့ဘဝ၊ သူ မသိတာလည်း မဟုတ်ဘူး၊ သိသိကြီးနဲ့ မသိချင်ယောင်ဆောင်နေတာလေ၊ ဟိုတုန်းကတော့ ချစ်လွန်းလွန်းလို့ ယူခဲ့တာပါ။ ခုတော့ အတိုးရော အရင်းပါ ပေါင်းပြီး ပြန်အမ်းချင်ပြီဟေ့ ...

ရွှေထားရေ ... မိသားစုဘဝ ဆိုတာကို သိပ်စိတ်ကူးတွေ ယဉ်မနေနဲ့၊ ဖြစ်နိုင်ရင် တစ်ယောက်တည်းနေ၊ အဲဒါ ဝဋ်ကြွေးအကင်းဆုံးပဲ ..."တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကဲ ... မုတ်သားလောက်ပါသည်။ ဒီလိုဆိုရင် ‘အပျိုကြီး’ အခေါ်ခံရတာ ဘာနာကျင်စရာ ရှိပါသနည်း။ ဝင့်ကြွေးကင်းသောဘဝတဲ့။ သူမ သဘောကျစွာ ရယ်မောမိလေသည်။

လူတိုင်းလူတိုင်းဟာ သူမရဲ့ သူငယ်ချင်းလို ထုတ်ဖော်ဝန်ခံခံတာသာရှိမည်၊ မိသားစုတိုင်းရဲ့ နောက်ကွယ်မှာတော့ ချွတ်ယွင်းချက်ကလေးတွေ၊ အားနည်းချက်ကလေးတွေ ရှိကြမည် ထင်ပါရဲ့။

ခုချိန်ထိ သူမ အဲဒီလို ခါးခါးသီးသီး ညည်းညူခွင့်မရသေးတာကို ကံဆိုးလိုက်တာဟု ဘယ်သူက ကဲ့ရဲ့မည်နည်း။

ကဲ ... ဝေးဝေးမှာနေပေဦးတော့ မိသားစုဘဝကလေးရေ ...။

စိတ္တသုခ၊ ကာယသုခဖြင့် ပြည့်စုံနိုင်ပါစေ

မေတ္တာအားဖြင့်



လွန်းထားထား (ဆေးတက္ကသိုလ်)

စေတနာစာပေ

BURMESE CLASSIC .com
www.burmeseclassic.com